တက္ကသိုလ်

# နေလင်းအောင်

## အမြင့်မြတ်ဆုံးနှလုံးသား

(စာစဥ်-၃)


စာမူခွင့်ပြုချက်အမှတ် ၅၀၀၉၈၁၀၅၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၉၃၄၀၅၀၈

၂၀၀၅ - ခုနှစ်
ဒုတိယအကြိမ်၊ အုပ်ရေ - ၅၀၀
တန်ဖိုး ၁၀၀/ - ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေနိုင်၊ ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့(၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့၊

ပုံနှိပ်သူ
ဦးသန်းဝင်း၊ ကျော်ပုံနှိပ်တိုက်
၂၃၉၊ ဓမ္မသီလမ်း၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊

မျက်နှာဖုံးရိုက်
ဦးထွန်းလင်း
ဖိုးဝအောဖ့်ဆက်
အမှတ် ၁၄၇၊ ၄၅ - လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊

## ခွင့်လွှတ်ခြင်းဆိုသည်မှာ

လေသည် တဟူးဟူးတိုက်ခတ်လျက်ရှိသည်။

သဲမှုန်များသည် တထောင်းထောင်း လွင့်ပျံလျက်ရှိနေလေ၏။

ခြဝင်းကျယ်ရှိသော ဤအရပ် ဤဒေသအတွင်း လေကို တားဆီးမည့်အရာဆို၍ မည်သည့်အရာမျှမရှိပါ။

အိမ်များသာ ရှိပါသည်။

အိမ်ကလည်း ခြောက်လုံးတည်းသာ။

နွေးထွေးသောနေရောင်ခြည်သည် တောက်ပနေသည်။

လောကကြီးသည် အလွန်သာယာနေ၏။

လီရင်ဆိုင်သည် ကောင်းကင်ကြီးကိုမော့ကြည့်လိုက်၏။

"ရာသီဥတုက တကယ်သာယာတာပဲ"

သူသည်ရေရွတ်လိုက်မိ၏။

အဝိုးသည် လီရင်ဆိုင်ကို ဖေးမကာ အိမ်ပြင်သို့ ထွက်လာခဲ့လေသည်။

လုံရှောင်ရင်းတို့သားအဖမှာမူ အနောက်ဘက်တံခါးရှိရာသို့ တိတ်တဆိတ်နောက်ဆုတ်သွားနေကြသည်။

သူတို့သည် ပြေးမှသာ အသက်ချမ်းသာရာရပေလိမ့်မည်။

လီရင်ဆိုင်သည် သူတို့သားအဖ တိတ်တဆိတ်ဆုတ်ခွာနေသည်ကို သိရှိဟန်မတူပေ။

သူသည် လုံရှောင်ရင်းတို့သားအဖကို စကားထဲပင်ထည့်မပြောပေ။

အဝိုးကလည်း သူတို့သားအဖအား မမြင်လိုက်သည့်အလား လှည့်၍ပင်မကြည့်ချေ။

သို့သော်... အဝိုး၏မျက်လုံးထောင့်တွင်မူ ထိုသားအဖ ထွက်ပြေးရန်ကြိုးစားနေသည်ကိုမူ တွေ့နေရလေသည်။

လုံရှောင်ရင်းတို့သားအဖ ပျောက်ကွယ်သွားမှ...

အဝိုးကသက်ပြင်းချလိုက်၏။

"အင်း... သူတို့နှစ်ယောက်ကို ခင်ဗျားလွှတ်လိုက်မယ်ဆိုတာ ကျွန်တော် သိပြီးသားပ"

လီရင်ဆိုင်က ပြုံးလိုက်သည်။

"သူက ငါ့ကိုတစ်ခါကယ်ခဲ့ဖူးတယ်လေ"



အဝိုးကပြုံးလိုက်သည်။

"သူကခင်ဗျားကို တစ်ခါပဲကယ်ခဲ့ဖူးတယ်မဟုတ်လား၊ ဒါပေမယ့် ခင်ဗျားကို သူက ဆယ်ခါလောက်ဒုက္ခပေးခဲ့တာကိုတော့ ခင်ဗျားထည့်မပြောတော့ဘူးလား"

"ဟုတ်ပါတယ်ကွာ... သူငါ့ကိုဒု ့ပေးတာ ဆယ်ခါမကတော့ပါဘူး၊ ဒါပေမယ့် သူ့ကျေးဇူးကို ငါမမေ့ကောင်းဘူးလေ"

အဝိုးက မဲ့ပြုံးပြုံးလိုက်ပြီး...

"သူက ခင်ဗျားကို ဆယ်ခါလောက်ပြန်သတ်နေမှတော့... ဒီကျေးဇူးက ကျေနေပြီပေါ့ဗျာ"

"ကျေးဇူးဟာ ကျေးဇူးပဲကွ"

"ခင်ဗျားဟာ ဒီကျေးဇူးတစ်ခုတည်းကိုပဲ အမြဲတွေးနေတာပဲ"

လီရင်ဆိုင် သက်ပြင်းမှုတ်ရှိုက်လိုက်သည်။

"အေးပေါ့ကွာ... တချို့ကိစ္စတွေဟာ... မေ့ချင်ပေမယ့်လည်း မေ့လို့မရတဲ့အကြောင်းတွေက ရှိနေတယ်လေ၊ ကျေးဇူးဆိုတာ မေ့ပစ်၊ လွှင့်ပစ်လို့ရကောင်းတဲ့အရာ မဟုတ်ဘူးကွ၊ ဒါနဲ့ နေပါဦး... ငါ ဒီမှာရှိတယ်ဆိုတာ မင်းကဘယ်လိုလုပ်သိလို့ ရောက်လာတာလဲ၊ မင်းအားမကိုင်တော့ဘူးဆို"

အဝိုး သက်ပြင်းချလိုက်သည်။

"အင်း... ခင်ဗျားကိုဖမ်းထားတယ်ဆိုတော့လည်း ဓားမကိုင်

ချင်ဘဲနဲ့ ကျွန်တော်စားပြန်ကိုင်ရတာပေါ့ဗျာ"

လီရင်ဆိုင်က မေးသည်။

"ငါ့ကိုဖမ်းထားတယ်ဆိုတာ မင်းဘယ်လိုလုပ်သိသလဲ"

"လင်ဝှမ်းက သတင်းပေးလို့ပါဗျာ"

"လင်ဝှမ်းဟုတ်လား"

လီရင်ဆိုင်အံ့ဩသွားသည်။

လင်ဝှမ်းအကြောင်း သူကောင်းစွာသိသည်။

လင်ဝှမ်းသည် သူ့ကိုတကယ်သေစေချင်သည်။

သူကလည်း ဒီမြွေဟောက်မကိုသတ်ချင်သည်။

သူကချင်းသက်မဲ့ကိုပြောခဲ့သည်မဟုတ်ပါလား။

ဆယ်ခါပြန်သေလောက်သည့်လူများကိုသာ သူသတ်ခဲ့သည်ဟု၊ ထိုစကားသည် အမှန်ပင်ဖြစ်ပါသည်။

ယခု လင်ဝှမ်းသည် ဆယ်ခါပြန်သေလောက်သူ ဖြစ်ပါသည်။

သူက သူတစ်ပါးအပေါ် ကျူးလွန်ခဲ့သောအပြစ်များမှာ ဆယ်ခါပြန်သေလောက်နေပါသည်။

သို့သော်....

အဖိုးခံနေသည့်အတွက် သူသည်လင်ဝှမ်းကိုမသတ်နိုင်ခဲ့ပါ။

ဘေးမဲ့ပေးထားရပါသည်။

သူ့ကိုသေစေချင်နေသည့်လင်ဝှမ်းက... သူ့အား သွားရောက်



ကယ်တင်ရန် အဖိုးအားပြောသည်ကိုမူ....

သူ မည်သို့မျှနားမလည်ပါ။

အလွန်စဉ်းစားရခက်သည့်အပြုအမူပင်ဖြစ်ပါသည်။

အဖိုးသည် သက်ပြင်းချလိုက်သည်။

"ခင်ဗျားက လင်ဝှမ်းအပေါ်မှာ အထင်လွဲနေပေမယ့် လင်ဝှမ်းကတော့ခင်ဗျားအပေါ်မှာ စေတနာထားပါတယ်ဗျာ၊ ခင်ဗျားအတွက် လင်ဝှမ်းဟာ အမြဲစိုးရိမ်ပူပန်နေတယ်ဆိုတာ ခင်ဗျားနားလည်ထားသင့်ပါတယ်ဗျာ"

လီရင်ဆိုင် မျက်မှောင်ကုပ်သွားသည်။

"သူက ငါ့သေမှာကိုစိုးရိမ်ပူပန်နေတယ် ဟုတ်လား"

အမှန်တော့....

သည်စကားကို လီရင်ဆိုင်ဖွင့်မပြောလိုက်ပါ၊ စိတ်တွင်းမှသာ ပြောလိုက်ခြင်းဖြစ်ပါသည်။

အဖိုးသည် လင်ဝှမ်းကို စင်းလုံးချောကောင်းသွားပြီဟု ထင်နေရှာသည်။

လင်ဝှမ်းနှင့်ပတ်သက်၍ အဖိုးအား သူဘာမျှမပြောလိုပါချေ။

အဖိုးကဆက်ပြော၏။

"လုံရှောင်ရင်းဟာ ခင်ဗျားကိုတစ်ကြိမ်ပဲကယ်ခဲ့ပါတယ်၊ အဲဒီကျေးဇူးကို ခင်ဗျားတစ်သက်လုံး မမေ့ဘူးမဟုတ်လား၊ လုံရှောင်ရင်း

ဘာပဲလုပ်လုပ်... ခင်ဗျား ကျေကျေနပ်နပ်ကြီးခွင့်လွှတ်ခဲ့တာပဲ... အခု ခင်ဗျားကိုသတ်ဖို့ကြံတာကိုလဲ ခင်ဗျားခွင့်လွှတ်ခဲ့တာပဲ၊ လင်ဝှမ်းဟာ ခင်ဗျားအပေါ် တစ်ကြိမ်ပဲ မှားခဲ့ပါတယ်ဗျာ၊ ဒါကိုခင်ဗျားက ခွင့်မလွှတ်နိုင်ဘူးဖြစ်နေတယ်၊ ကျွန်တော်တော့ နားကိုမလည်တော့ဘူးဗျာ"

လီရင်ဆိုင်သက်ပြင်းချလိုက်သည်။

ဤကိစ္စကို သူမည်သို့ရှင်းပြရမည်နည်း။

လုံရှောင်ရင်းက မိမိအားအကြိမ်ကြိမ်အခါခါ လုပ်ကြံခြင်း၊ သတ်ဖြတ်ရန်ကြံစည်ခြင်းမှာ စီးယင်အတွက်သဝန်တိုခြင်း၊ ဇနီးသည်၏ မေတ္တာကိုမရရှိခြင်း စသည့်အကြောင်းများကြောင့် မိမိကိုလုပ်ကြံခြင်း ဖြစ်သည်။

စီးယင်၏မေတ္တာကို သူရရှိလျှင် မိမိနှင့်ညီရင်းအစ်ကိုပမာ လက်တွဲမည့်သူဖြစ်သည်။

ထို့ပြင်သူကလုံရှောင်ရင်းအား ခွင့်လွှတ်နေခြင်းမှာ လုံရှောင်ရင်းအား ခွင့်ပြုမှန်နေခြင်းမှာ လုံရှောင်ရင်းက ကယ်တင်ခဲ့သည့်တစ်ကြိမ်အတွက်မဟုတ်ပေ။

ထိုတစ်ကြိမ်သည် သူပြန်သတ်ရန် တစ်ကြိမ်နှင့်ဆိုလျှင် ကျေလောက်နေပေပြီ။

သူသည်မိမိအား ဆယ်ကြိမ်လောက်လုပ်ကြံရန် ကြိုးစားခဲ့သည်။



လုံရှောင်ရင်းက ကယ်ဆယ်ခဲ့သောတစ်ကြိမ်အတွက် မိမိက ခွင့်လွှတ်နေခြင်းမဟုတ်ပေ။

စီးယင်အတွက် ခွင့်လွှတ်နေခြင်းသာဖြစ်သည်။

ဤသည်ကို အဝိုးနားလည်သဘောပေါက်အောင် မည်သို့ရှင်းပြရမည်နည်း။

လင်ဝှမ်းသည်... မိမိအားတစ်ကြိမ်တစ်ခါမျှ ကယ်တင်ခဲ့သူလည်းမဟုတ်ပေ။

သူမသည် သိုင်းလောက၌ အမှားများစွာပြုလုပ်ခဲ့သူလည်း ဖြစ်သည်။

လင်ဝှမ်းအား မသတ်သည်မှာ မင်းကြောင့်ပါဟုပြောလျှင်... အဝိုး မည်သို့နေမည်နည်း။

လင်ဝှမ်းသည် သိုင်းလောကမိန်းမပျက်ဖြစ်၏။

အဝိုး၏နောက်ကွယ်၌...

ယောကျ်ားတကာနှင့် ဖောက်လွဲဖောက်ပြန် ပြုနေသူဖြစ်၏။

သို့သော် ထိုကိစ္စအားလုံးကို အဝိုးမသိပေ။

သူသိထားသည်မှာ လင်ဝှမ်းသည် သူ့အပေါ် သစ္စာရှိနေသည်။

ကြင်နာယုယသည်။

ချစ်နေသည်။

အစစအရာရာ အလိုလိုက်သည်။

သူ့ဘဝတစ်လျှောက်လုံးအတွက် သာယာမှုပေးနေသည်ဟု ထင်မှတ်နေခြင်းဖြစ်သည်။

မိမိအနေဖြင့် လင်ဝှမ်းသည် မိမိအား အမှန်တကယ် သေစေချင်သူ… အဖိုးနောက်ကွယ်၌ ယောက်ျားတကာနှင့်ဖောက်ပြန်နေသူဟု အဖိုးယုံကြည်အောင် မိမိသည် မည်သို့ပြောပြရမည်နည်း။

အဖိုးသည် လင်ဝှမ်းအပေါ် အလွန်ယုံကြည်နေသူဖြစ်သည်။

မိမိရင်းပြချက်များကို သူ လက်မခံဘဲရှိမည်ကိုသိသည်။

ထို့ကြောင့် လီရင်ဆိုင်သည် ဘာမျှမပြောတော့ဘဲ မချိပြုံးသာ ပြုံးနေရတော့သည်။

~❁~



ထိုအချိန်တွင်… လုံရှောင်ရင်းတို့သားအဖသည် ကုန်လှောင်ရုံ အနောက်ဘက်မှ အပြင်ဘက်သို့ပြေးထွက်လာခဲ့ကြလေသည်။

အဖိုးနှင့်လီရင်ဆိုင်တို့ကိုမတွေ့ရသောအခါမှ သူတို့သက်ပြင်းချနိုင်တော့၏။

"သောက်ကျိုးနည်းကွာ၊ လီရင်ဆိုင်ဟာ တကယ့်ကောင်ပဲကွ၊ ဒီကောင်ကိုသတ်ဖို့ မလွယ်တော့ပါဘူးကွာ"

လုံရှောင်ရင်းက ညည်းညူလိုက်သည်။

ရှောင်ရင်းက…

"ဖေဖေသတိထားမိလား၊ လီရင်ဆိုင်ဆီမှာ ဟာကွက်တစ်ခုရှိနေတယ်ဆိုတာလေ"

လုံရှောင်ရင်း မျက်လုံးဝိုင်းသွားသည်။

"ဘာ… ဟာကွက်ဟုတ်လား"

"ဟုတ်တယ်၊ သားပြောမယ်"

ရှောင်ရင်းသည် သူ့ဖခင်အား တီးတိုးပြောလိုက်၏။

လုံရှောင်ရင်း ခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

"အေး…ဒါအရေးကြီးတယ်၊ သူ့ရဲ့ဟာကွက်ဟာ ငါတို့ရဲ့လုပ်ငန်းအောင်မြင်မှုတွေဖြစ်လာမယ်ဟုတ်လား"

"ဟုတ်ပါတယ်ဖေဖေ"

"ကောင်းတယ်၊ အဲဒီအကွက်ကြောင့် တစ်နေ့မဟုတ်တစ်နေ့

မှာတော့ သူဟာတို့လက်ချက်နဲ့ သေရမယ်ဆိုတာ ငါ ကျိန်းသေပေါက် ပြောနိုင်တယ်"

ထိုစဉ် ...

"ဟား... ဟား... ဟား..."

ကျယ်လောင်စွာ အော်ဟစ်ရယ်မောနေသည့်အသံကို ကြား လိုက်ရလေသည်။

သားအဖနှစ်ယောက်စလုံးပင် အသံကြားရာသို့ လိုက်ကြည့်မိ လိုက်ကြ၏။

လူတစ်ယောက်သည် အိမ်ခေါင်မိုးတစ်ခုပေါ်တွင် အေးအေး ဆေးဆေးထိုင်ပြီး ကြက်ကြော်ကိုကိုက်ဖဲ့စားသောက်နေသည်ကို သူတို့ တွေ့မြင်လိုက်ရလေသည်။

ထိုလူရယ်လိုက်သည့်အသံဖြစ်ကြောင်းဟု လုံရှောင်ရင်းတို့ သား အဖသိလိုက်ကြသည်။

ခေါင်မိုးပေါ်ထိုင်နေသည့်လူမှာ အရှုံးသိုင်းသမားဝူးမပျံဖြစ် လေသည်။

သူသည်စားသောက်နေရင်းမှ လုံရှောင်ရင်းတို့သားအဖကြား အောင် အော်ပြောလိုက်သည်။

"မင်းတို့တစ်တွေ မပြေးမနေပါနဲ့ကွ"

"ဘယ်မှာပြေးလို့လဲ၊ လျှောက်နေကြတာပဲ"



အောင်မာ...ငါမမြင်ရင်ခက်မယ်၊ မင်းတို့ပြေးနေတာ ငါတွေ့ နေရတာပဲ၊ လီရင်ဆိုင်က မင်းတို့နောက်ကိုလိုက်မလာပါဘူးကွာ၊ သူက အဝိုးနဲ့ထွက်သွားပြီကွ"

"အောင်မာ... ကျုပ်တို့က ဂရုစိုက်နေတာမှတ်လို့"

"ဟား... ဟား... ဟား... စောစောကတော့ ခွေးပြေးဝက်ပြေး ပြေးနေလိုက်ကြတာ၊ ဟိုက မင်းတို့ထွက်ပြေးသွားတာကို သိတယ်ကွ၊ လိုက်မသတ်ချင်လို့ မင်းတို့ကိုလွှတ်ပေးလိုက်တာ"

လုံရှောင်ရင်းနှင့် ရှောင်ရင်းတို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ပြန်ကြည့်မိ၏။

သူတို့ကို လီရင်ဆိုင်ကသာ သတ်လျှင် သူတို့မည်သို့မျှမလွတ် နိုင်ချေ။ အဝိုးကလည်း ရှိသေးသည်မဟုတ်ပါလား။

လုံရှောင်ရင်း၏မျက်နှာသည် အနည်းငယ်ပျက်သွားလေ သည်။ သူတို့သည် ဝူးမပျံကိုပြန်မပြောနိုင်ချေ။

ဝူးမပျံ၏သဘောထားကို သူတို့သိထားသည်မဟုတ်ပါလား။

ဝူးမပျံက ဆက်ပြောသည်။

"ငါက မင်းတို့ကို လက်ဆောင်တစ်ခုပေးလိုက်မယ်"

"ဟုတ်ကဲ့၊ ကျုပ်တို့နားထောင်နေပါတယ်"

ဝူးမပျံက ပြုံးလိုက်သည်။

"မင်းကအရှုံးပဲ၊ စန့်ကွမ်းကျင်းဟုန်က မင်းတို့ထက်ပိုရှုံးသေး

တယ်၊ မင်းတို့ အခု အရှုံးအရှုံးချင်း မဟာမိတ်ဖွဲ့တာပဲ၊ အဲဒီတော့ ကြိုး တစ်ချောင်းဝယ်ပြီး ကိုယ့်ကိုကိုယ်ကိုဆွဲကြိုးချသေလိုက်ပေတော့၊ ငါ ပြောချင်တာဒါပဲ"

အရှုံးသိုင်းသမားရှူးမပျံက သူတို့အား အရှုံးဟုစွပ်စွဲလိုက်လေပြီ။ ထို့နောက်... သူတို့အားမကြည့်တော့ဘဲ ခေါင်းမိုးပေါ်မှခုန်ချပျောက်ကွယ်သွားတော့သည်။

လုံရှောင်ရင်းသည် ရယ်မောလိုက်လေသည်။

"အင်း... အခု ငါနဲ့ စန့်ကွမ်းကျင်းဟုန်တို့ မဟာမိတ်ဖွဲ့တဲ့သတင်းဟာ သိုင်းလောကတစ်ခုလုံးသိကုန်ကြပြီပဲ"

~❁~



မြို့ပေါ်သို့ဦးတည်နေသော လမ်းမကြီးပေါ်တွင်...

အဖိုးနှင့်လီရင်ဆိုင်တို့သည် ဖြည်းညင်းစွာ လမ်းလျှောက်လာနေကြ၏။

သူတို့သည် တစ်ယောက်နှင့်တစ်ယောက် စကား လုံးဝမပြောကြတော့ပေ။

တစ်ခါတစ်ရံတွင်... စကားပြောသည်ထက် စကားမပြောဘဲ တိတ်ဆိတ်ငြိမ်သက်စွာနေခြင်းက ပိုမိုလေးနက်သည်မဟုတ်ပါလား။

လီရင်ဆိုင်နှင့် အဖိုးတို့သည် ထိုအတိုင်းခံစားနေကြရသည်။

အဖိုး၏ခြေလှမ်းသည် ရုတ်တရက်ရပ်သွားသည်။

"ကျွန်တော်ပြန်မှဖြစ်မယ်"

လီရင်ဆိုင်က အဖိုးအားကြည့်လိုက်၏။

"သူက မင်းကိုစောင့်နေတယ်ဟုတ်လား"

"ဟုတ်ပါတယ်"

"သူက ဒီလိုပဲ မင်းကိုမျှော်နေလိမ့်မယ်လို့မင်းထင်သလား"

အဖိုး၏မျက်နှာသည် ဖြူရော်သွား၏။

"ခင်ဗျားကိုကယ်ဖို့ သူကလွှတ်လိုက်တာပါဗျာ"

"ဟုတ်တယ်၊ ငါကလည်း သူ့ကိုတွေ့ချင်ပါသေးတယ်"

"ဩော်... ဒါထက် ခင်ဗျားလဲ ဘာမှမစားရသေးဘူးမဟုတ်လား"

လီရင်ဆိုင်ရယ်လိုက်သည်။

"ထမင်း စားရ၊ ဖရမသောက်ရတာ ဘယ်နှစ်ရက်ရှိပြီဆိုတာ ငါ မသိတော့ပါဘူးကွာ၊ မစားရမသောက်ရတာကြာတော့ မဆာသလို ဖြစ်နေတယ်၊ ဒါပေမယ့် ငါကားတော့စားရဦးမယ်၊ ဒါပေမယ့် ငါကထမင်းထက် အရက်ကိုပိုသတိရတယ်"

သူတို့သည် ပြောရင်းဆိုရင်းဖြင့် အလွန်စည်ကားသော လမ်းမကြီးပေါ်သို့ ရောက်လာကြလေသည်။

ထိုအချိန်ကား ညနေခင်းပေတည်း။

လူစည်ကားသောအချိန် နှစ်ချိန်ရှိသည်၊ နံနက်ခင်းနှင့်ညနေခင်းပေတည်း။

လူများသည် ဥဒဟိုတိုးဝှေ့သွားလာနေကြသည်။

စားသောက်ဆိုင်များတွင်လည်း လူများစည်ကားလျက်ရှိနေကြ၏။

လီရင်ဆိုင်၏ခြေလှမ်းများ ရပ်တန့်သွား၏။

သူသည် လင်းလင်းအား ရုတ်တရက် သတိရလိုက်မိသောကြောင့်ဖြစ်သည်။

လင်းလင်းသည် ထိုထမင်းဆိုင်၌ စောင့်နေပါသေးသလော။

အိုးသည် စည်ကားသောဈေးဆိုင်များနှင့် စားသောက်ဆိုင်များကိုတွေ့လိုက်ရသည်နှင့် စိတ်ထဲ၌ရွှင်လန်းသွားသည်။



တခဲက်အားဖြင့် လင်ဝှမ်းကိုမေ့သွားသည်။

"ခင်ဗျားနဲ့ကျွန်တော် အရက်မသောက်ရတာ အတော်ကြာသွားပြီနော်"

"မင်းပဲ အရက်ဖြတ်ထားတယ်ဆို"

လီရင်ဆိုင်သည် အိုးနှင့်လင်ဝှမ်း အတူရှိနေစဉ်က အိုးပြောသည့်စကားကိုပြောလိုက်၏။

"အဲဒီတုန်းကတော့ ဟုတ်ပါတယ်၊ ဒါပေမယ့် အခုတော့ သိပ်သောက်ချင်နေတယ်ဗျာ၊ ဘာလဲ... ခင်ဗျားကတားမလို့လား"

"ဟာ... ငါကအရက်သမားပဲ၊ မင်းကိုငါဘယ်တားလိမ့်မလဲ"

"ကဲ... ဒီလိုဆိုရင် တစ်ဆိုင်ဆိုင်ဝင်သောက်ရအောင်"

"အေး... ငါတို့သောက်ကြတာပေါ့၊ ငါ့ကို ဝူးမပျံက အရက်ထဲမှာအိပ်ဆေးခတ်ပြီးဖမ်းသွားတဲ့ဆိုင်ကို သွားကြတာပေါ့၊ အမှတ်တရပေါ့ကွာ"

"အဲဒီဆိုင်က ဈေးကြီးသလား"

"ဈေးမကြီးပါဘူးကွာ၊ ပေါပါတယ်"

"ပေါမှဖြစ်မှာ၊ ဈေးကြီးရင် ကျွန်တော်မတတ်နိုင်ဘူးဗျာ"

ီရင်ဆိုင်ကဦးဆောင်ပြီး ထိုဆိုင်ကိုလိုက်ရှာလေတော့၏။

## စိန်ခေါ်သူတစ်ယောက်

လမ်းမကြီးပေါ်၌ လူများစည်ကားလှသော်လည်း လမ်းသွယ်များထဲ၌ ထင်သလောက် လူမရှိလှပေ။

သူတို့သည် လမ်းသွယ်ထဲရှိ လီရင်ဆိုင် ဝင်သောက်ဖူးသည့် ဆိုင်ထဲသို့ဝင်လာကြ၏။

စားပွဲသုံးလေးလုံးခန့်တွင်သာ လူရှိပြီး ကျန်စားပွဲများတွင် မရှိပေ။

လီရင်ဆိုင်နှင့်အဖိုးတို့ ဆိုင်ထဲသို့ လှမ်းဝင်လိုက်သောအ တစ်ဆိုင်လုံးတွင် သန့်ရှင်းအသပ်ရပ်ဆုံးသော လူတစ်ယောက်ကိုတွေ့ လိုက်ရလေ၏။

ထိုလူသည်အဖြူရောင်ဝတ်စုံကိုဝတ်ထားပြီး သူတို့အားကြ နေလေသည်။



အဖိုးကလည်း ထိုသူကိုကြည့်ပြီး သတိထားမိလိုက်သည်။

ထိုလူထိုင်နေသောစားပွဲမှာ သူ့ဝတ်စုံကဲ့သို့ မသန့်ပြန့်လှပေ။

သူ၏အဝတ်အစားများမှာ တစ်ဆိုင်လုံးရှိလူများထက် သန့်ပြန့်လှသည်။ တောက်ပြောင်လှသည်။

ထိုလူ၏ရုပ်ဟန်သွင်ပြင်မှာလည်း လွန်စွာခန့်ညားလှသည်။

ထိုလူသည် လီရင်ဆိုင်နှင့်အဖိုးတို့ ဆိုင်ထဲဝင်လာသည်ကို မြင်သည်နှင့် သူ၏စားသောက်မှုများ ရပ်တန့်သွားလေသည်။

ထိုလူ၏ရှူးရှလှသောမျက်လုံးအစုံသည် အရောင်တဖိတ်ဖိတ် တလက်လက်ထွက်နေ၏။

သူ့နံဘေးတွင်...

အနီရောင်ဝတ်ဆင်ထားသော... မိန်းကလေးတစ်ယောက်သည် သူတို့အား ကျောခိုင်း၍ထိုင်နေသည်။

ထိုမိန်းကလေးသည် ဝတ်စုံဖြူနှင့်လူ စိုက်ကြည့်သဖြင့် တစ်စုံတစ်ယောက်ကိုကြည့်နေပြီဖြစ်ကြောင်းသိကာ လှည့်ကြည့်လိုက်လေ၏။ ထိုအခါ...

သူမသည် လီရင်ဆိုင်ကို တွေ့သွားသည်။

ချက်ချင်းထပြေးလာသည်။

"ရှင်ပြန်လာမယ်ဆိုတာ ကျွန်မသိတယ်၊ ဒါကြောင့်... ကျွန်မ ဒီရှိရှိနဲ့ ဒီနေရာကလာစောင့်နေတာ ရှင်သိလားဟင်"

သူမသည် လီရင်ဆိုင်၏လက်မောင်းကိုဆွဲကာ ပြုံးရွှင်စွာပြော လိုက်လေသည်။

သူမကား လင်းလင်းပေတည်း။

လင်းလင်းသည် ဝမ်းသာအားရပြောနေသည်။

လီရင်ဆိုင်သည် လင်းလင်းအားတွေ့သောအခါ ကွဲကွာနေခဲ့ရသော နှမလေးတစ်ယောက်အား ပြန်တွေ့ရသကဲ့သို့… လွန်စွာစိတ်လှုပ်ရှားသွားလေသည်။

သူသည် စောစောကပင် လင်းလင်းအားတွေ့ရမည်ဟု စိတ်ထင်ခဲ့သေးသည်မဟုတ်ပါလော။

"မင်း ဒီကစောင့်နေတယ်ဟုတ်လား"

လင်းလင်းက ခေါင်းညိတ်သည်။

သူမ၏မျက်လုံးအစုံက နီရဲနေသည်။

သူမ မျက်ရည်ကျချင်နေကြောင်း လီရင်ဆိုင်သိသည်။

"သူပို့ကျွန်မကို ဆိုင်အပြင်ဆွဲထုတ်ကြတယ်၊ ကျွန်မလဲ ရှန်းကန်တာပေါ့၊ သူတို့ပြန်လွှတ်ပေးတဲ့အခါ ဆိုင်ထဲကို ကျွန်မပြေးလာခဲ့ပါတယ်၊ ရှင်မရှိတော့ဘူး"

"ဘာမှမဖြစ်ပါဘူးကွယ်၊ ငါဘာမှမဖြစ်ပါဘူး"

သူမသည် လီရင်ဆိုင်နှင့်ပါလာသူကိုကြည့်လိုက်၏။

အဝိုးဖြစ်နေကြောင်းတွေ့သောအခါ မျက်နှာပျက်သွားသည်။



သူမသည် အဝိုးအား ကောင်းစွာသိနေသည်။

အဝိုးနှင့်အတူ သူမသည် နှစ်နှစ်မျှနေခဲ့သည်မဟုတ်ပါလား။

သို့သော်…

သူမသည် အဝိုးအား အနီးကပ်ပြုစုပေးရသူ မဟုတ်ပါ။

လင်ဂုမ်းကိုသာ ကူညီပေး… …ါသည်။

ထို့ကြောင့် အဝိုးသည် သူမအား မသိချေ။

အဝိုးအတွက် သူမသည် သူစိမ်းတစ်ရံဆံဖြစ်နေပါသည်။

အဝိုးသည် လင်ဂုမ်း၏လျှို့ဝှက်အိမ်…ဂေဟာလေးကိုလည်း တစ်ခေါက်မျှ မရောက်ခဲ့ဖူးပါ။

မဟာ

အဝိုးသည် လင်းလင်းအား သေ… …ကြည့်ပြီး…

"မင်းက ဒီကအစ်ကိုကြီးကိုစောင့်နေတယ် ဟုတ်လား"

လင်းလင်းမျက်မှောင်ကုပ်…၏။

"ဘာလဲ…ရှင်ကမယုံလို့လား"

အဝိုးကမဲ့ပြုံးပြုံးလိုက်သည်။

"မင်းကအစ်ကိုကြီးကို တကယ်တမ်းစောင့်နေရိုးမှန်ရင် ဘာဖြစ်လို့ ဆိုင်တံခါးကိုကျောပေးပြီးထိုင်နေရတာလဲ၊ စောင့်နေတာမှန်ရင် ဘယ်သူမဆို တံခါးဝကိုမျက်နှာမူပြီးထိုင်နေရမှာပဲ"

လင်းလင်း၏မျက်ဝန်းအစုံမှ မျက်ရည်များစီးဆင်းလာ၏။

"လူတစ်ယောက်ဟာ တစ်နေရာတည်းမှာပဲ ဆယ်ရက်ကျော်

ကျော်ထိုင်စောင့်နေရင် ဘာဖြစ်လို့ တံခါးဝကိုကျောပေးတာလဲဆိုတာ ရှင်သဘောပေါက်နားလည်လာပါလိမ့်မယ်"

သူမသည် မျက်ရည်များကိုသုတ်ပြီး စကားဆက်ပြောလေ၏။

"ပထမတော့ ကျွန်မ တံခါးကိုမျက်နှာမူပြီး စောင့်နေတာပါပဲ၊ လူတစ်ယောက်ဝင်လာတိုင်း အစ်ကိုကြီးထင်ပြီး ကျွန်မမျက်လုံးအောင့်အောင်ကြည့်ရပါတယ်၊ ရက်ကြာလာတော့ ကျွန်မ တံခါးဝကို မကြည့်ရဲတော့ပါဘူး၊ ကျောခိုင်းထိုင်နေရတာပေါ့ရှင်"

အငိုး ပါးစပ်ပိတ်သွားလေတော့သည်။

လင်းလင်းသည် ဝတ်စုံဖြူနှင့်ထိုင်နေသူအား လီရင်ဆိုင်တို့နှင့် မိတ်ဆက်ပေးလေသည်။

"ကျွန်မတစ်ယောက်တည်း အဖော်လဲမရှိ၊ အားငယ်နေတုန်းကေဘဒီက အစ်ကိုကြီးက စောင့်ရှောက်ခဲ့လို့ ကျွန်မ အားကိုးရာ ရရှိခဲ့ပါတယ်၊ တကယ့်အစ်ကိုကြီးအရင်းတစ်ယောက်လို စောင့်ရှောက်ခဲ့တာပါရှင်၊ ဒါက ကျွန်မရဲ့အစ်ကိုကြီးလီရင်ဆိုင်ပါ၊ သူကတော့ အစ်ကိုကြီး ပျောက်သွားတုန်း.... ကျွန်မကို ကူညီစောင့်ရှောက်ခဲ့တဲ့... အစ်ကိုကြီး လူဟုန်ရှမ်းပါရှင်"

လီရင်ဆိုင်က ဦးညွှတ်လိုက်၏။

"တွေ့ရတာဝမ်းသာပါတယ်၊ ကျွန်တော့်နှမလေး လင်းလင်းကို ခုလိုစောင့်ရှောက်ပေးတဲ့အတွက် ကျေးဇူးအထူးတင်ပါတယ်ဗျာ"



လူဟုန်ရှမ်းက ပြုံးလိုက်၏။

"ကျုပ်ကို ကျေးဇူးတင်ဖို့မလိုဘူးဗျ"

"အို...ကျေးဇူးတင်သင့်တာကိုတော့ ကျေးဇူးတင်ရမှာပေါ့"

"ကျုပ်ကိုတော့ ကျေးဇူးတင်ဖို့မလိုပါဘူးဗျာ၊ ကျုပ်က သူ့ကို အထူးစောင့်ရှောက်နေတာ မဟုတ်ပါဘူး၊ ခင်ဗျားကိုစောင့်ရင်း သူ့ကို စောင့်ရှောက်နေတာပါ"

လီရင်ဆိုင်၏ မျက်ခုံးများမြင့်တက်သွားသည်။

"ဗျာ... ကျုပ်တို့ကိုစောင့်နေတာ၊ 'ဟုတ်လား"

"ဟုတ်ပါတယ်"

"ဘာဖြစ်လို့လဲဗျာ"

လူဟုန်ရှမ်းကပြုံးလိုက်၏။

"ဘာဖြစ်လို့လဲဆိုတော့ ကျုပ်က သိုင်းလောကမှာကျော်ကြားချင်တဲ့လူဖြစ်နေလို့ပါပဲ"

လီရင်ဆိုင် မျက်မှောင်ကြုတ်သွားသည်။

"ဘာဆိုင်သလဲဗျာ"

"ဆိုင်တာပေါ့ဗျာ၊ ကျုပ် ရှောင်လီဓားပျံကို ဘယ်လက်လွတ်ခံလို့ဖြစ်ပါ့မလဲ"

"ဩော်..."

လီရင်ဆိုင်သည် တည့်တည့်ပြောမှ သဘောပေါက်သွားလေ

တော့၏။

"ခင်ဗျားက ကျုပ်နဲ့ ... ဖို့စောင့်နေတာကိုး"

"ဟုတ်ပါတယ်ဗျာ၊ အခုသိုင်းလောကမှာ ဟာကယ်စွမ်းရည်ရှိတဲ့ပညာရှင်ဟာ တစ်နေ့တခြားရှားပါးလာပါတယ်"

အဘိုး၏မျက်လုံးအစုံသည် နီရဲလာလေ၏။

လီရင်ဆိုင် ခေါင်းယမ်းလိုက်လေ၏။

"အဲဒီလိုမဟုတ်ပါဘူးဗျာ၊ သိုင်းလောကမှာ ခင်ဗျားယှဉ်ပြိုင်ရမယ့်သူ ဒုနဲ့ဒေးပါ၊ နောက်ပြီး တက်သစ်စတွေလည်း အများကြီးတက်လာနေပါတယ်"

လူဟုန်ရှမ်းက...

"ခင်ဗျားပြောတာကို ကျုပ်လက်မခံပါဘူး၊ ကဲ...ကျုပ်ပြောပြမယ်၊ သံမဏိစားထိကျန့်လဲ သေသွားပြီ၊ ထိကျန့်လိုစွမ်းတဲ့ဓားသမားတစ်ယောက်လဲ ရှိသေးတယ်၊ ဒါပေမယ့် အခု သူကလူသေနဲ့ဘာမှမထူးပါဘူး၊ အသက်ရှင်လျက်နဲ့သေနေတဲ့သူပါ"

အဘိုး၏မျက်နှာမှာ နီရဲသည်ထက် နီရဲလာသည်။

လီရင်ဆိုင်က အဘိုးကို မကြည့်ပါ။

လူဟုန်ရှမ်းကိုသာ ပြုံး၍ပြောလိုက်ပါသည်။

"သေတဲ့လူ ပြန်ရှင်မလာဘူးလို့ ခင်ဗျားမပြောနိုင်ပါဘူးဗျာ"

"သေတဲ့လူတစ်ယောက်ကတော့ ဘယ်တော့မှပြန်မရှင်လာနိုင်ပါဘူး"



"ဒီလိုတော့ မပြောပါနဲ့ဗျာ၊ ခင်ဗျားလဲတစ်ချိန်တုန်းက သေခဲ့တာပဲမဟုတ်လား၊ အခုကျတော့ ဘာပြင်လို့ပြန်ရှင်လာတာလဲ"

"ဒါကတော့ သေတာမှမဟုတ်ဘဲကိုးဗျ၊ ကျုပ်က မိန်းမကြောင့်သေရတာမဟုတ်ဘူးဗျ၊ နောက်ပြီး... ကျုပ်ရဲ့အသည်းနှလုံးက မသေသေးဘူး၊ တချို့ကတော့ လူကတော့အသက်ရှင်နေပါရဲ့ဗျာ၊ ဒါပေမယ့် အသက်ကမရှိတော့ဘူး၊ အဲဒီတော့ လူသေပဲပေါ့ဗျာ"

"ခွမ်း..."

အဘိုးသည် စားပွဲပေါ်မှ ခွက်ကိုရိုက်ခွဲပစ်လိုက်၏။

သူသည် ကြေမွသွားသောခွက်ကိုငေးကြည့်နေ၏။

လူဟုန်ရှမ်းသည် လှည့်၍ပင် မကြည့်ပါ၊ သူသည် လီရင်ဆိုင်နှင့် ဆက်၍စကားပြောနေပါသည်။

"ဒီတစ်ခေါက်... ကျုပ်သိုင်းလောကထဲ ပြန်ထွက်လာတာ အကြောင်းရှိတယ်ဗျ"

"ဘာအကြောင်းလဲ"

"လူလေးယောက်ရဲ့လက်ချောင်းတွေနဲ့ ကျုပ်ရဲ့လက်ချောင်းတွေ ဘယ်သူ့လက်ချောင်းတွေက ပိုမြန်သလဲလို့ ကျုပ်က စမ်းသပ်ကြည့်ချင်လို့ပါဗျ"

"ဘယ်သူတွေလဲဗျ"

"ကျုပ်က တစ်ယောက်ဗျာ"

"ဟုတ်ပါတယ်"

"နောက်တစ်ယောက်က သံမဏိဓားထိကျန့်ဗျာ"

"ဒါလဲ ဟုတ်ပါတယ်"

"ကျန်တဲ့နှစ်ယောက်ကိုတော့ ကျုပ်မခန့်မှန်းနိုင်ဘူးဗျ"

လူဟုန်ရှမ်းက အဝိုးအားကြည့်၍ပြုံးလိုက်၏။

"အဒီတစ်ယောက်ကတော့ ဘာမှမလုပ်နိုင်တော့ပါဘူး၊ သူက လူသေလိုဖြစ်နေပြီပဲ"

"ကျန်တဲ့တစ်ယောက်ကောဗျာ"

"ကျုပ်မပြောနိုင်ဘူးဗျ"

"ကဲ... ထားပါတော့ဗျာ၊ ကျုပ်အခု ခင်ဗျားနဲ့ စကားပြောနေတာ လူကောင်းအောက်မေ့နေသလား၊ ဆယ်ရက်လောက် ထမင်းမစားရ၊ ရေမသောက်ရနဲ့ သာမန်လူဆိုရင် ပျော့နေပြီဗျ၊ ထမင်းအသက် ခုနစ်ရက် ရေအသက်တစ်မနက်လို့ဆိုကြတယ်မဟုတ်လား၊ ကျုပ်အခု အစားမစားရ ရေမသောက်ရနဲ့ ဆယ်ရက်ကျော်နေပြီ၊ ကျုပ်ထမင်းစားလိုက်ပါရစေဦး၊ ဗိုက်ဆာနေတဲ့လူတစ်ယောက်ဟာ အားလဲ ရှိနိုင်မှာ မဟုတ်ပါဘူးဗျာ"

လူဟုန်ရှမ်းက....

"ကောင်းပြီ... သောက်ဗျာ၊ ကျုပ်အပြင်ကစောင့်နေမယ်"



လူဟုန်ရှမ်းက ပြောပြောဆိုဆို ထိုင်ရာမှထကာ ဆိုင်ပြင်သို့ လှမ်းထွက်သွားလေသည်။

ထမင်းဆိုင်ထဲမှ လူများသည်လည်း လီရင်ဆိုင်တို့ပြောနေသည့်စကားများကို ကြားနေကြရသဖြင့် သူတို့ကြုံတွေ့နေရသည့်လူများမှာ သိုင်းသမားများဖြစ်ကြောင်းသိလိုက်ရသည်။

သိုင်းသမားများဆိုင်ထဲရောက်လာလျှင် ထိုဆိုင်သည် အေးချမ်းမှုမရှိတော့ကြောင်း သူတို့ ကြုံတွေ့ခဲ့ဖူးကြသည်။

သူတို့ မည်သည့်အချိန်ကပြေးထွက်သွားသည်ကိုပင် လီရင်ဆိုင်တို့ မသိလိုက်ကြချေ။

ထမင်းပွဲ ဟင်းပွဲများလာချပေးသည်။

လင်းလင်းသည် နှုတ်ခမ်းကိုကိုက်နေသည်။

အဝိုးသည် ကျောက်ရုပ်ကြီးတစ်ရုပ်လိုထိုင်နေသည်။

လီရင်ဆိုင်တစ်ယောက်သာ အစားအသောက်များကို ငုံ့လွေးနေသည်။

"ဟော့ကောင်... စားလေကွာ"

အဝိုးသည် မစားချင်စားချင်နှင့်စားလေတော့သည်။

လင်းလင်းသည် လီရင်ဆိုင်၏အင်္ကျီစကိုဆွဲပြီးမေးသည်။

"ရှင် တကယ်သွားပြီး ရင်ဆိုင်မလို့လား"

လီရင်ဆိုင်က ပြုံး၍ခေါင်းညိတ်သည်။

"လူဆိုတာ ဒီလိုပဲ… ကိုယ်မလုပ်ချင်တဲ့အလုပ်ကို တစ်ခါတစ်လေ လုပ်ကြရတာပဲလေ"

အဝိုးသည် စားနေရာမှ တူကိုချပြီးထွက်သွားလေသည်။

လူဟုန်ရှမ်းသည် ဆိုင်အပြင်တွင်ရပ်စောင့်နေသည်။

အဝိုးက….

"ဒီမှာ…"

အဝိုး၏အသံသည် စိတ်လှုပ်ရှားမှုကြောင့်တုန်ခါနေသည်။

လူဟုန်ရှမ်းက သူ့ကိုကြည့်နေသည်။

အဝိုးက…

"ကျုပ်စကားတစ်ခွန်းပြောချင်တယ်"

"ပြောပါ"

"ကျုပ်လူသေတစ်ယောက် ဟုတ်မဟုတ် သက်သေပြချင်လို့ပါ"

"ကောင်းတယ်၊ ဒီနေ့ည မင်းကိုငါစောင့်နေမယ်"

လူဟုန်ရှမ်းသည် စကားဆုံးသည်နှင့် ချာခနဲလှည့်ထွက်သွားလေတော့သည်။

~



သချိုင်းကုန်းဖြစ်သည်။

သိုင်းလောကသားတို့ယှဉ်ပြိုင်နေကြသည်မှာ တစ်ယောက်မဟုတ်တစ်ယောက် နေ့တိုင်းယှဉ်ပြိုင်နေကြပါသည်။

သူတို့ယှဉ်ပြိုင်နေကြသည်မှာ အကြောင်းအမျိုးမျိုးပြပြီးယှဉ်ပြိုင်နေကြခြင်းဖြစ်ပါသည်။

သူတို့ယှဉ်ပြိုင်ကြရာတွင်လည်း…. လူသူအရောက်အပေါက်နည်းသောဒေသများဖြစ်ကြသည်။

တောင်ကုန်းများ၊ တောများနှင့် သချိုင်းကုန်းများတွင်… ယှဉ်ပြိုင်လေ့ရှိကြသည်။

ယခု သူတို့ယှဉ်ပြိုင်မည့်နေရာမှာလည်း သချိုင်းကုန်းတစ်ခုဖြစ်သည်။

လူဟုန်ရှမ်းသည် မြေပုံတစ်ခုရှေ့တွင်ရပ်လျက်ရှိလေသည်။

ညဥ့်နက်ပြီဖြစ်၍ နှင်းများတဖွဲဖွဲကျဆင်းလာသည်။

နှင်းများ တဖွဲဖွဲကျဆင်းလာသဖြင့် မှောင်ထဲမှလူကိုမမြင်နိုင်တော့ပေ။

သို့သော်…

သူသည် အဖြူရောင်ဝတ်စုံကိုဝတ်ဆင်ထားသဖြင့် မှောင်ထဲ၌ဖြူဖြူကြီးကို ထင်ရှားစွာတွေ့မြင်နိုင်လေသည်။

အသည်းငယ်သူများတွေ့လျှင် လန့်ဖျပ်သွားနိုင်သည်။

လင်းလင်းသည် လီရင်ဆိုင်၏လက်မောင်းကို ဆွဲကိုင်ကာ ရပ်လျက်ရှိလေသည်။

သူမသည် တုန်တုန်ယင်ယင်ဖြစ်နေလေသည်။

အေး၍ တုန်တုန်ယင်ယင်ဖြစ်သည်လား...

ကြောက်၍တုန်တုန်ယင်ယင်ဖြစ်သည်လား...

မပြောတတ်နိုင်ပေ။

"မင်းဖယ်.."

လီရင်ဆိုင်ကပြောလိုက်သည်။

လီရင်ဆိုင်သည် နှင်းဖွဲဖွဲကျဆင်းနေသည့်အမှောင်ထုထဲသို့ကြည့်နေလေသည်။

လင်းလင်းသည် ခေါင်းငုံ့သွားသည်။

"ရှင်..."

"ငါ စကားပြောရမယ်၊ သူ့ကိုစကားပြောစရာရှိတယ်"

"ကဲ.... ကျွန်တော်တို့သွားကြစို့"

နောက်ဆုံးပြောလိုက်သူမှာ အဖိုးဖြစ်သည်။

လင်းလင်းသည် လီရင်ဆိုင်ကိုမော့ကြည့်လိုက်သည်။

လီရင်ဆိုင်က သက်ပြင်းချပြီးပြောသည်။

"သူက မင်းကိုဆယ်ရက်လောက်စောင့်ရှောက်ခဲ့တယ်မဟုတ်လား ...င်းလဲ ကျေးဇူးတင်စကားပြောသင့်တယ်"



လင်းလင်းသည် မျက်နှာပျက်သွားသည်။

ထို့နောက် သူမ၏မျက်နှာသည်တင်းမာလာသည်။

"ဘာလဲ... ရှင်တို့က သူ့ရဲ့ကောင်းတွေပေါ့ဟုတ်လား၊ ရှင်တို့တစ်ယောက်နဲ့တစ်ယောက် တွေ့ကြရင် သတ်ဖို့ဖြတ်ဖို့လောက်ပဲ စိတ်ကူးကြတယ်၊ ရှင်တို့... ဘာကြောင့် တစ်ယောက်ကိုတစ်ယောက်သတ်ဖြတ်နေကြတယ်ဆိုတာ သိကော သိကြရဲ့လား၊ ရှင်တို့စိတ်ထဲမှာထင်နေကြတယ်၊ ဒီလိုသတ်ဖြတ်မှ သိုင်းလောကသူ့ရဲ့ကောင်းကြီးတွေလို့ထင်ကြတယ်မဟုတ်လား၊ အဲဒီလိုထင်လို့ကော ဘာများကောင်းကျိုးဖြစ်ကြသလဲ ပြောစမ်းပါဦး၊ ပြောကြစမ်းပါဦး၊ ရှင်တို့ သတ်ကြ... မြန်မြန်သတ်ကြ၊ ရှင်တို့ သူ့ရဲ့ကောင်းတွေအားလုံးသေကုန်မှ အေးမယ်"

သူမသည် စကားဆုံးသည်နှင့်ထွက်ပြေးသွားလေတော့၏။

လီရင်ဆိုင်၊ အဖိုးနှင့်လူဟုန်ရှမ်းတို့သည် ပြေးလွှားထွက်ခွါသွားသောလင်းလင်းကို ငေးမောကြည့်ရင်း ကျန်ရစ်ခဲ့ကြလေသည်။

အဖိုးက လီရင်ဆိုင်အား ကြည့်လိုက်သည်။

"ကျွန်တော်အစ်ကိုကြီးဆီက တစ်ခါမှ အကူအညီမတောင်းခံခဲ့ဘူး၊ ဟုတ်တယ်မဟုတ်လား"

"ဟုတ်ပါတယ်"

"ဒီနေ့ ကျွန်တော်အကူအညီတစ်ခုတောင်းခံချင်ပါတယ်"

"ပြောပါ"

မဟာ

"ဒီတစ်ခါ ကျွန်တော့်ကို မတားပါနဲ့လို့ ကျွန်တော်တောင်းပန်ချင်ပါတယ်၊ ကျွန်တော့်ကို ခင်ဗျားကဟန့်တားမယ်ဆိုရင် ကျွန်တော်ကိုယ့်ကိုယ်ကို သတ်သေလိမ့်မယ်"

လီရင်ဆိုင် ဒေါက်ပြင်းချလိုက်သည်။

"မင်းက လူဟုန်ရှမ်းနဲ့ယှဉ်ပြိုင်မလို့လား"

"ဟုတ်ပါတယ်"

"မင်း ဘာဖြစ်လို့ယှဉ်ပြိုင်ချင်ရတာလဲ"

"သူပြောတာမှန်တယ်ဗျ၊ ကျွန်တော့်ဘဝဟာ အသက်ရှင်လျက်နဲ့သေနေတဲ့ဘဝပဲ"

လီရင်ဆိုင်သည် အတန်ကြာငြိမ်သက်နေပြီးမှ…

"မင်းသဘောကို ငါနားလည်ပါတယ်ကွာ၊ ဒါပေမယ့်…"

အဖိုးက ကြားဖြတ်ပြောလေသည်။

"ဟုတ်တယ်…. ခင်ဗျားပြောတာကို ကျွန်တော်သိပါတယ်၊ ကျွန်တော်ဟာ နှစ်နှစ်လောက် ဓားမကိုင်ခဲ့ဘူးဆိုတာမှန်တယ်၊ ဒါကြောင့် ကျွန်တော့်ဓားဟာ သိပ်မမြန်နိုင်ဘူးဆိုတာလဲ ကျွန်တော်သိပါတယ်၊ ဒါပေမယ့် အခွင့်အရေးရှိတုန်း စိတ်ခတ်တက်ကြွအောင်ကြိုးစားချင်လို့ပါ"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် အခုအခါမှာ အခြေအနေက မင်းဘက်မှာမရှိသေးဘူး၊ အခြေအနေမပေးဘူးဆိုပါတော့



ကွာ၊ နည်းနည်းကလေးပါ၊ မင်းနည်းနည်းကလေး အချိန်စောင့်လိုက်ပါ"

"ကျွန်တော်မစောင့်နိုင်တော့ပါဘူးဗျာအစ်ကိုကြီး၊ ကျွန်တော်ဒီလိုသာ ဆက်နေသွားရင် ကျွန်တော့်လက်ဟာ ဓားကိုင်နိုင်မှာမဟုတ်တော့ဘူး"

"မင်းကိုယ်မင်းရော ယုံကြည်စိတ်ရှိရဲ့လား"

"အစ်ကိုကြီးကရော ကျွန်တော့်ကို မယုံကြည်တော့ဘူးလားဟင်…"

လီရင်ဆိုင်က ရယ်မောလိုက်သည်။

သူသည် အဖိုး၏ပခုံးကိုတစ်ချက်ပုတ်လိုက်သည်။

"မင်းကို ငါအမြဲတမ်းယုံကြည်ခဲ့ပါတယ်ကွာ၊ ဒါကို မင်းအနေနဲ့ သံသယမရှိပါနဲ့"

လူဟုန်ရှမ်းသည် မလှုပ်မယှက်ရပ်ကြည့်နေသည်။

အဖိုးသည် အကျီအား အနည်းငယ်ပြုပြင်ပြီး သရဲတစ္ဆေနှင့်တူနေသော လူဟုန်ရှမ်းရှိရာသို့တိုးသွားသည်။

လူဟုန်ရှမ်းနှင့် ဓားတစ်ကမ်းအကွာသို့အရောက်တွင်…

သူသည် ခြေလှမ်းရပ်လိုက်သည်။

အဖိုးသည် လူဟုန်ရှမ်းနှင့်ယှဉ်ပြိုင်ရပေတော့မည်။

ဘကယ်တမ်းတွင်….

စိန်ခေါ်သူကတစ်ယောက်၊

တိုက်မည့်သူက တစ်ယောက်ဖြစ်နေသည်။

လီရင်ဆိုင်မှာ တကယ်တမ်း စိန်ခေါ်ခံရသူဖြစ်သည်။

သခု… တိုက်ခိုက်ရန်ရှေ့တက်သွားသူမှာ အဝိုးဖြစ်နေသည်။

အဝိုးသည် သူ့ကို လူဟုန်ရှမ်းက ရိသွားခြင်းကို မခံမရပ်နိုင်ဖြစ်နေသည်။

ထို့ကြောင့် လီရင်ဆိုင်အား တောင်းပန်ပြီး ရှေ့ကိုတက်သွားခြင်းဖြစ်လေသည်။

အဝိုးသည် သေသေကြေကြေတိုက်ခိုက်ပေတော့မည်။

~❀~

## အကျအညီတောင်းသူ

လီရင်ဆိုင်သည် အဝေးမှကြည့်နေသည်။

သူ၏မျက်နှာပေါ်တွင် စိုးရိမ်ပူပန်မှုအငွေ့အသက်များပေါ်နေသည်။

ဤသို့ဆိုလျှင်… သူ အဘယ့်ကြောင့် အဝိုးအား ခွင့်ပြုလိုက်ရပါသနည်း။

အဝိုးအား အမြဲတမ်းယုံကြည်ခဲ့သည်ဟု အဘယ့်ကြောင့်ပြောသနည်း။

လူဟုန်ရှမ်းသည် ဖြစ်ကတတ်ဆန်းရပ်နေသည်။

သူ၏ ခန္ဓာကိုယ်တွင် ဟာကွက်များ အလွန်အကျွံဖြစ်ပေါ်နေလေသည်။

ဤသို့ဖြစ်ပေါ်အောင်… သူ တမင်ဟာကွက်များထုတ်ထား

ခြင်းဖြစ်သည်။

သူအား မည်သူမဆို ထိုဟာကွက်များကိုတိုက်ခိုက်နိုင်၏။

သူ့ရန်သူများသည် ထိုဟာကွက်များကိုကြည့်ပြီးတိုက်ခိုက်ချ စိတ်ကို မျှိုသိပ်မရအောင်ဖြစ်လိမ့်မည်။

သို့သော်.... တကယ်တော့ ထိုသို့မဟုတ်ပေ။

လီရင်ဆိုင်သည် လူဟုန်ရှမ်း၏ဟာကွက်များကို စိတ်မသက် သာစွာကြည့်နေသည်။

ဟာကွက်လွန်စွာများခြင်းသည် တစ်ဖက်ရန်သူအား တွေဝေ စေနိုင်သည်။

တစ်နည်းအားဖြင့် ဟာကွက်များလွန်းခြင်းသည်ပင် ဟာကွက် မရှိဘဲ ဖြစ်နေပြန်သည်မဟုတ်ပါလား။

ဤအချက်မှာ... သိုင်းပညာအဆင့်မြင့်သော သိုင်းသမားများ သိထားသည့်သဘောတရားများဖြစ်ပါသည်။

လီရင်ဆိုင်သည် သက်ပြင်းတစ်ချက်ချလိုက်သည်။

သူသည် အဝိုးအား သတိထားပြီးကြည့်လိုက်သည်။

အဝိုးသည် စောင့်နေသည်။

သူသည် သေချာအကဲခတ်နေ၏။

မပိုင်ဘဲနှင့် မည်သည့်အခါမှတိုက်ခိုက်မည်မဟုတ်ချေ။

ထို့ကြောင့်....



အဝိုးနှင့် လူဟုန်ရှမ်းတို့သည် မလှုပ်မယှက် ကျောက်ရုပ်ပမာ ရပ်နေကြသည်။

တစ်နည်းအားဖြင့်....

သူတို့နှစ်ယောက်သည်....

တစ်ယောက်၏ဟာကွက်ကို ... ယောက်က စောင့်ကြည့် နေကြခြင်းဖြစ်တော့သည်။

~❁~

ညသည် ပို၍မှောင်မည်းလာသည်။

နှင်းများကလည်း ပို၍ကျလာသည်။

ထိုစဉ် အလွန်အုံ့ဩဖွယ်ကောင်းသည့် ပိုးစုန်းကြူးများပေါ် လာလေသည်။

ပိုးစုန်းကြူးတစ်အုပ်သည် လူဟုန်ရှမ်း၏မျက်နှာရှေ့သို့ ပျံ သန်းလာကြသည်။

သူသည် ပိုးစုန်းကြူးများကို အမှတ်မထင် လက်ဖြင့်ဖယ်ရှား မိလိုက်လေသည်။

အခွင့်အရေးကို စောင့်နေသောအဝိုးသည် ထိုအချိန်ကိုလက် လွှတ်မခံပေ။

သူ၏ဓားသည် လူဟုန်ရှမ်း၏ရင်ဝတည့်တည့်သို့ လျှပ်တစ်ပြက် တိုးဝင်သွားလေသည်။

လူဟုန်ရှမ်းသည် သူ၏သံမဏိလက်ချောင်းများဖြင့် ဖမ်းဆုပ်လိုက်သည်။

"ခြမ်း..."

အဝိုး၏ဓားသည် ထက်ပိုင်းကျိုးသွားလေသည်။

သို့သော် ဓားဦးကား လူဟုန်ရှမ်း၏ပခုံးထဲသို့ စိုက်ဝင်သွားလေသည်။

အဝိုး အနိုင်ရရှိလိုက်လေပြီ။

အဝိုး၏မျက်နှာမှာ ခံစားချက်ရှိသောမျက်နှာအဖြစ် ပြောင်းလဲသွားလေသည်။

သူ၏မျက်နှာ၌ ဝမ်းသာသောအရိပ်အယောင်များယှက်သန်းလာလေသည်။

လူဟုန်ရှမ်းမှာ မည်သို့မျှမျက်နှာမပျက်ပေ။ သူသည် အဝိုးအား အေးတိအေးစက်ဖြင့်ကြည့်နေသည်။

သူသည် ပခုံးတွင်စိုက်ဝင်လျက်ရှိသောဓားကို ဆွဲထုတ်ခြင်းမပြုပေ။

အဝိုးကလည်း ငြိမ်သက်စွာရပ်နေသည်။

လူဟုန်ရှမ်းသည် အတန်ကြာစောင့်ကြည့်နေ၏။



အဝိုးက ဆက်လက်တိုက်ခိုက်ခြင်း မပြုတော့သည်ကို သိရှိလိုက်သည်။

လီရင်ဆိုင်မှာ ရင်မ,ပြီးကြည့်နေလေသည်။

"မင်းမဆိုးဘူး"

လူဟုန်ရှမ်း၏ချီးကျူးသံ။

လူဟုန်ရှမ်းမှာ တော်ရုံတန်ရုံသိုင်းသမားမဟုတ်ပေ။

လီရင်ဆိုင်အား လာရောက်စိန်ခေါ်သောသိုင်းသမားဖြစ်၏။

သိုင်းလောကအဆင့်သုံးရှိသော သိုင်းသမားအား လာရောက်ယှဉ်ပြိုင်သူဖြစ်သည်။

ထို့ကြောင့်... ထိုသိုင်းသမား၏ချီးကျူးသံမှာ လူပေါင်း တစ်ထောင်လောက် လက်ခုပ်လက်ဝါးတီးပြီး အားပေးသည်ထက်ပို၍ အရာရောက်သည်။

အဝိုး၏စိတ်ဓာတ်များသည် အလွန်တက်ကြွလာတော့၏။

နှစ်နှစ်တာမျှ မီးခဲပြာဖုံးဖြစ်နေသော သူ၏စိတ်ဓာတ်များသည် ပြန်လည်ခေါင်းထောင်လာသည်။

လူဟုန်ရှမ်းသည် ချာခနဲလှည့်ထွက်သွားလေတော့သည်။

သို့သော်... သူသည် လေးငါးလှမ်းမျှလှမ်းပြီး ရပ်သွားသည်။

သူသည် ရုတ်တရက်လှည့်ပြီးပြောလေသည်။

"လီရင်ဆိုင်ဟာ ပင်းနဲ့ညီအစ်ကိုလား"

"ဟုတ်တယ်"

သူတို့ ညီအစ်ကိုမတော်စပ်ပါ။

သို့သော်... လီရင်ဆိုင်သည်လည်းကောင်း၊ အဝိုးသည်လည်းကောင်း သူတို့စိတ်ထဲတွင် ညီအစ်ကိုလိုပင် ပေါင်းမှတ်ထားကြသဖြင့် ထိုသို့ပြောလိုက်ခြင်းဖြစ်ပါသည်။

လိမ်လည်ခြင်းမဟုတ်ပါ။

"မင်းအပေါ် အတော်သံယောဇဉ်ကြီးတယ"

လူဟုန်ရှမ်းသည် ထူးတူးဆန်းဆန်း စကားပြောပြီးထွက်ခွါသွားလေတော့သည်။

ထိုစကားသည်မည်သည့်အဓိပ္ပါယ်ဖြင့် ပြောသွားသည့်စကားဖြစ်ပါသနည်း။

အဝိုးသည် ဦးနှောက်ခြောက်မတတ် စဉ်းစားရပါသည်။

သို့သော် အဖြေမထွက်ပါ။

လူဟုန်ရှမ်းသည် အမှောင်ထဲ နှင်းမှုန်ထဲ၌ ပျောက်ကွယ်သွားပါသည်။

လီရင်ဆိုင်သည် ပြုံးပန်းများဝေပြီး ရှေ့သို့ရောက်ရှိလာ၏။

အဝိုး၏ပခုံးကို အားရပါးရပုတ်လိုက်သည်။

"မင်း မဆိုးပါဘူး... မင်းကို ငါအမြဲပဲယုံကြည်ခဲ့တယ်ဆိုတာ မှန်နေတယ်မဟုတ်လား၊ မင်းရဲ့ဓားဟာ အရင်ကလိုထက်မြက်နေသေး



တယ်ဆိုတာ မင်းယုံပြီမဟုတ်လား"

အဝိုးသည် စဉ်းစားနေသည်။

အတန်ကြာမှ...

"ကျွန်တော်အနိုင်ရလိုက်တာတော့ ဟုတ်ပါပြီ၊ ဒါပေမယ့်..."

"ဒါပေမယ့် ဘာဖြစ်သလဲကွာ၊ မင်းနိုင်လိုက်တာမျက်မြင်ပဲ"

"ဒါပေမယ့်... ကျွန်တော်အနိုင်ရလိုက်တာတစ်မျိုးကြီးပဲ"

"မဟုတ်တာကွာ"

"ကျွန်တော်ဓားဟာ အရင်ကလို မမြန်တော့ဘူးဆိုတာ သိနေတယ်၊ ဒါကသေချာပါတယ်"

"ဟ... မင်းအရူးလား၊ သူ့ပခုံးကိုစိုက်ဝင်အောင် ထိုးနိုင်တဲ့ဓားရဲ့အလျင်နှုန်းဟာ တကယ်မြန်တယ်ကွ"

အဝိုး ခေါင်းတွင်တွင်ခါယမ်းလိုက်၏။

"မဟုတ်သေးပါဘူးဗျာ... သူ ကျွန်တော့်ကိုနိုင်မယ်ဆိုတာ ကျွန်တော်ကြိုပြီးသိနေပါတယ်၊ ကျွန်တော့်ထက် ပိုမြန်မယ်ဆိုတာလဲ ကျွန်တော်သိနေပါတယ်"

လီရင်ဆိုင် ခေါင်းညိတ်လိုက်သည်။

"မင်းက နှစ်နှစ်တောင် ဓားမကိုင်ခဲ့ဘူးဆိုတော့ မင်းကိုယ်မင်း ယုံကြည်မှုနည်းနေတာပါ၊ သူကတောင် မင်းကို ကျေကျေနပ်နပ်နဲ့ အရှုံးပေးသွားတာ မင်းကိုယ်တိုင် အမြင်ပဲမဟုတ်လား... မင်းကိုယ်မင်း

ယုံကြည်စမ်းပါ"

အိုး၏မျက်နှာသည် ပြုံးလာသည်။

လီရင်ဆိုင် အလွန်အားပေးနေသဖြင့် ဟုတ်လောက်သည်ဟု သူယူဆသွားသည်။

လီရင်ဆိုင်က…

"ဘာပဲဖြစ်ဖြစ် အောင်မြင်မှုဟာအောင်မြင်မှုပဲ၊ မင်းရဲ့အောင်မြင်မှုကိုဂုဏ်ပြုတဲ့အနေနဲ့ ညကြီးမင်းကြီး အရက်ကိုရအောင်ရှာမယ်၊ သောက်မယ်၊ ကဲ…မင်းကလဲ ဘာနဲ့ဂုဏ်ပြုရမလဲဆိုတာပြောလေ"

"အရက်ပေါ့အစ်ကိုကြီးရာ အရက်ပဲပေါ့… ကျွန်တော်ကလဲ အရက်ပဲ သောက်ချင်ပါတယ်၊ ဟား… ဟား… ဟား"

အိုး၏ရယ်သံသည် သချိုင်းထဲ၌ပျံ့လွင့်သွားသည်။

"ဟား… ဟား… ဟား"

"အကောင်းဆုံးဂုဏ်ပြုတဲ့အစီအစဉ်ပဲ၊ ကောင်းတယ်"

သူဟိန္နစ်ယောက်၏ ရယ်မောသံသည် ပွဲတင်ထပ်သွားလေတော့သည်။

သူတို့သည် စားသောက်ဆိုင်များကိုနှိုးကာ အရက်ဝယ်လေသည်။ စားသောက်ဆိုင်များကလည်း ဖွင့်ပေးပါသည်။

သူတို့သည် အရက်များကို စိတ်ကြိုက်သောက်ကြလေသည်။ အရက်များ အလွန်အကျွံသောက်ပြီးနောက် နှစ်နှစ်မှ အရက်



လုံးဝမသောက်ခဲ့သူ အိုးမှာ အိပ်ပျော်သွားတော့သည်။

အရက်သည် တစ်ခါတစ်ရံလူကိုစိတ်ဓာတ်တက်ကြွစေ၏။

တစ်ခါတစ်ရံ စိတ်ဓာတ်ကျစေသည်။

တစ်ခါတစ်ရံ လွတ်လပ်ပျော်ရွှင်မှုကိုဖြစ်စေသည်။

တစ်ခါတစ်ရံ ဒေါသမီးပိုမိုလောင်ကျွမ်းစေသည်။

အရက်သောက်ပြီးအိပ်ပျော်ခြင်းကား အကောင်းဆုံးဖြစ်လေသည်။

ဘေးရန်ခပ်သိမ်း ကင်းငြိမ်းသွားခြင်းပင်ဖြစ်သည်။

~❁~

ယခု ရက်များအတွင်း အိုးသည် နှစ်နှစ်ခြိုက်ခြိုက်အိပ်မရနိုင်ပေ။

လင်ဝှမ်း၏ ဟင်းလျာတစ်မျိုးမျိုးကို စားသောက်ပြီးသည့်အခါမှအိပ်ပျော်ပေသည်။

သူသည် အရက်အိုးများကိုသောက်ပြီးနောက် အိပ်ပျော်သွားခဲ့ပေပြီ။

လီရင်ဆိုင်သည် အိုးအား တည်းခိုခန်း၏ခုတင်ပေါ်၌ တင်ပေးခဲ့သည်။

သူသည် အဝိုးအားတစ်ချက်ကြည့်ပြီး ဆိုင်ပြင်သို့ထွက်လာခဲ့လေသည်။

သူသည် တည်းခိုဆိုင်မှထွက်လာပြီး လမ်းကြားကလေးတစ်ခုသို့ချိုးကွေ့ဝင်ရောက်သွားသည်။

မကြာမီမှာပင် အခြားတည်းခိုခန်းတစ်ခုသို့ ရောက်ရှိသွားလေတော့၏။

ထိုအချိန်၌ မိုးသောက်အရုဏ်ကျင်းလာလေပြီ။

သို့သော်... တည်းခိုခန်း၏ အစွန်ဆုံးအခန်းသည် မီးများထိန်လင်းနေဆဲဖြစ်၏။

လီရင်ဆိုင်သည် အခန်းတံခါးကိုခေါက်လိုက်သည်။

"ခေါက်... ခေါက်..."

အခန်းတံခါးပွင့်သွားသည်။

တံခါးဖွင့်ပေးသူမှာ လူဟုန်ရှမ်းဖြစ်လေသည်။

လူဟုန်ရှမ်းသည် အဝိုးအားရှုံးပြီးလျှင် ဤမြို့မှထွက်ခွါသွားရမည်ဖြစ်သည်။

သူသည် ထွက်ခွါမသွားဘဲ အဘယ့်ကြောင့် ဤမြို့ထဲ၌ နေနေရပါသနည်း။

လီရင်ဆိုင်သည် လူဟုန်ရှမ်းနှင့် အဘယ့်ကြောင့် လာရောက်တွေ့ဆုံရပါသနည်း။



ကြည့်ရသည်မှာ သူတို့ချင်းဆွေးနွေးရမည့်ကိစ္စတစ်ခု ရှိနေပုံရသည်။

လူဟုန်ရှမ်းက...

"အင်း... ခင်ဗျား ကတိတည်သားပဲ"

ထိုစဉ်... မိန်းကလေးတစ်ယောက်၏အသံ ပေါ်လာသည်။

"ကျွန်မ ပြောတယ်မဟုတ်လား... လီရင်ဆိုင်ဆိုတာ နာမည်တစ်လုံးနဲ့နေတာပါလို့၊ သူဟာ ဘယ်တော့မှ ကတိမဖျက်ဘူးရှင့်"

ထိုစကားကိုပြောသူမှာ လင်းလင်းပင်ဖြစ်ပါသည်။

သူမသည် တံခါးခေါက်သံကြားသည်နှင့် တစ်ဖက်ခန်းမှဝင်လာခြင်းဖြစ်သည်။

သူမသည် တစ်ဖက်ခန်း၌တည်းခိုနေသည်။

လီရင်ဆိုင်က လူဟုန်ရှမ်းအား ဦးညွှတ်ဂါရဝပြုလေသည်။

"ကျေးဇူးတင်ပါတယ်ဗျာ"

လူဟုန်ရှမ်းက ပြုံးလိုက်သည်။

"ဒီကိစ္စကို... ကျေကျေနပ်နပ်နဲ့ အပေးအယူလုပ်ခဲ့တာပဲဗျာ၊ တစ်ယောက်ကိုတစ်ယောက် ကျေးဇူးတင်စရာမလိုပါဘူး"

"ဟုတ်တော့ ဟုတ်ပါတယ်ဗျာ၊ ဒါပေမယ့်... ဒီလိုကိစ္စမျိုးကို ဘယ်သိုင်းသမားကမှ ခင်ဗျားလိုလက်ခံမှာမဟုတ်ပါဘူး... ဒီကိစ္စဟာ ဂုဏ်သရေသိက္ခာနဲ့ဆိုင်တဲ့ကိစ္စမျိုးမဟုတ်လား၊ ဆယ်ယောက်ကို သွား

ပြောရင် ဆယ်ယောက်စလုံးခေါင်းခါကြမှာပဲဗျ"

"ဒါတော့ ဟုတ်တယ်... လင်းလင်းက ကျုပ်ကို လာပြောတုန်းက ကျုပ်ဖြင့် အံ့သြလို့မဆုံးပါဘူး။ သိုင်းသမားတွေထဲမှာ ဒီလောက်ချစ်ခင်ကြတဲ့လူတွေ ရှိသေးတာကိုး"

"ဟုတ်ပါတယ်၊ ဒါကြောင့်မို့ လင်းလင်းကို အပြည့်အစုံရှင်းပြနိုင်းလိုက်တာပါ၊ အပြည့်အစုံရှင်းပြမှ ဇာတ်ရည်လည်မယ်မဟုတ်လား"

"အမှန်က ကျုပ်အဝိုးကိုအရှုံးပေးပါလို့ ခင်ဗျားလာပြောကတည်းက ခင်ဗျားဟာ သူ့ကိုစိတ်ဓာတ်တက်ကြွအောင် ဖန်တီးပေးနေပြီဆိုတာ ကျုပ်နားလည်ပါတယ်"

"ဟုတ်ပါတယ်.... သူဟာ ဓားကိုလွှင့်ပစ်ထားတာဗျ၊ နှစ်နှစ်လောက်ရှိနေပြီ၊ ကျုပ်က သူ့ကိုဓားပြန်ကိုင်စေချင်တယ်"

"ကျုပ်နားလည်ပါတယ်ဗျာ"

"ဒါပေမယ့်.... သချိုင်းမှာတုန်းက ခင်ဗျားစကားတစ်ခွန်းပြောသွားတယ်ဗျ၊ အဲဒီစကားကို ခင်ဗျားမပြောသင့်ဘူး"

"ဒါကို သူ မတွေးနိုင်ပါဘူးဗျာ"

"တွေးနိုင်ပြီလားဗျာ၊ သူတွေးနေတာဗျ၊ ကံကောင်းလို့ အစပေါ်မသွားတာ၊ ဒါပေမယ့် ခင်ဗျားကိုတော့ ကျုပ်ကျေးဇူးတင်ပါတယ်"

"တစ်ခုတော့ခင်ဗျားတွေးထားတယ်မဟုတ်လား၊ သူ ကျုပ်ကိုအသေမသတ်ဘူးလို့ ခင်ဗျားတွက်ထားတယ်မဟုတ်လား"



"ကျုပ်က အဝိုးရဲ့စိတ်သဘောထားကိုသိတယ်လေဗျာ၊ သူက လူသတ်သမားဖြစ်ခဲ့ပေမယ့် အရမ်းတွေ့တဲ့လူကို သတ်... ကာမဟုတ်ပါဘူး၊ နောက်ပြီး... အခုဟာက ခင်ဗျားနဲ့ စိန်ခေါ်ပွဲ ယှဉ်ပြိုင်တာပဲ၊ သူ သတ်လိမ့်မယ်မဟုတ်ဘူးလို့ ကျုပ်ယုံနေတယ်"

လူဟုန်ရှမ်းက မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်က ခင်ဗျားကို ကတိပေးတုန်းက... တစ်ကွက်ပဲအနိုင်ပေးမယ်လို့ ပြောခဲ့တယ်၊ အဲဒီကတိဟာ အလကားကတိမဟုတ်ဘူးဗျ၊ သူသာ နောက်တစ်ကွက် ထပ်တိုက်မယ်ဆိုတာနဲ့ ကျုပ်ကသူ့ကိုသတ်ပစ်ရမှာပဲ"

"ခင်ဗျား သေချာရဲ့လားဗျ"

"အသေအချာပေါ့ဗျာ"

"အင်း... ခုတော့ ဟုတ်ချင်ဟုတ်လိမ့်မယ်၊ အဝိုးဓားပြန်ကိုင်ပြီးတဲ့နောက် ခင်ဗျားထင်သလို မလွယ်ဘူးဆိုတာကို ခင်ဗျားသိသွားပါလိမ့်မယ်"

"ဟုတ်တယ်... ဒါကြောင့် ကျုပ်ကတိမပေးရင် ကောင်းလိမ့်မယ်လို့ တွေးမိတယ်"

"... တော့ ခင်ဗျားရဲ့ စာနာမှုပါဗျာ"

"တစ်ခုတော့ရှိတယ်၊ ကျုပ် ကတိပေးလိုက်ရတာလဲ အပေးအယူက အလွန်ကောင်းနေလို့ပါဗျာ"

"ဟာ... ဒါကတော့ လူတိုင်းဒီလိုပါပဲဗျာ၊ ကိုယ်ကအခွင့်အရေး သာရင် လူ...နိုင်းယှဉ်ကြကာပေ့ါဗျာ၊ ခင်ဗျားကို ဒီအခွင့်အရေးပေး မယ်လို့ ကတိပေးခဲ့တယ်ဆိုတာ မှတ်မိသေးရဲ့လား"

"မှတ်မိပါတယ်ဗျာ၊ ကျုပ်မှတ်မိပါတယ်"

"ဒါပေမယ့် ဘယ်လိုကိစ္စမျိုးဆိုတာတော့ တိတိကျကျမပြော ခဲ့ဘူးနော်"

"ဟုတ်ပါတယ်ဗျာ"

"ဒါဖြင့်... ကျုပ်က ခင်ဗျားကိုသတ်သေပါလို့ပြောရင်ကော"

"ဟား... ဟား... ဟား..."

လီရင်ဆိုင် အားရပါးရရယ်မောလိုက်လေသည်။

"ခင်ဗျား ဘာရယ်တာလဲ"

"ကျုပ်က ရုပ်ကြယ်ကိုဆွတ်ပေးရမယ်ဆိုတဲ့ တောင်းဆိုချက် မျိုးကိုသာကြောက်တာပါ၊ ဒီလို... ကျုပ်တတ်နိုင်တဲ့ကိစ္စမျိုး ဖြစ်နေရင် တော့ တစ်စက္ကန့်တောင်မဆိုင်းပါဘူးဗျာ၊ ကျုပ်အသက်တစ်ချောင်းနဲ့ သူ့အသက်တစ်ချောင်း လဲရတယ်ဆိုတာ တရားမျှတမှုရှိပါတယ်ဗျာ ကျုပ်သေရဲပါတယ်"

လင်းလင်းသည် တိုစကားကိုကြားရသည်နှင့် မေ့မြောသွား လေတော့သည်။

လီရင်ဆိုင်သည် လင်းလင်းအား လူဟုန်ရှမ်း၏ခုတင်ပေါ်တွင် တင်ပေးလိုက်၏။

"ဒီကောင်မလေးက ဘယ်ပြီးစိတ်ပျော့တာကိုး၊ သူ့ဒီလောက် စိတ်ပျော့ရင် သိုင်းလောကနဲ့ဆက်စပ်မနေမှ သင့်တော်မယ်"

လူဟုန်ရှမ်းသည် လီရင်ဆိုင်ကိုကြည့်ပြီး သက်ပြင်းချလိုက်မိ လေသည်။

"အင်း... လောကကြီးမှာ ခင်ဗျားလိုလူမျိုးရှိသေးတာကိုး"

သူသည် ညည်းညည်းညူညူ ပြောလိုက်လေသည်။

သူက ဆက်မေးသည်။

"အဝိုးကတော့ ညီအစ်ကိုလို့ပြောတာပါ ခင်ဗျားနဲ့ စိတ်ဆွေ တွေမဟုတ်လား"

"ဟုတ်ပါတယ်"

အဝိုးမှာ ခင်ဗျားလိုမိတ်ဆွေတစ်ယောက်ရတာ သိပ်ပြီးတော့ ကံကောင်းတာပဲဗျာ၊ သူဟာ လောကမှာ အရှားပါးဆုံးမိတ်ဆွေတစ် ယောက်ကိုရထားတာပဲ"

လီရင်ဆိုင်ကပြုံးလိုက်သည်။

"ခင်ဗျား သူ့အကြောင်းသေသေချာချာ မသိပါဘူး၊ သိရင် သူ့ ကိုမိတ်ဆွေမျိုးရထားတဲ့ကျုပ်ကို အင်မတန်ကံထူးတယ်လို့ ပြောမှာပါ ဗျာ"

"ဒီလောက်တောင်ပဲလားဗျာ"

"သူဟာနစ်နစ်တိတိ ဓားကိုစွန့်လွှတ်ထားပါတယ်ဗျာ၊ သိုင်းလောကနဲ့လဲ အဆက်ပြတ်ထားခဲ့ပါတယ်၊ အဲ...ကျုပ်အဖမ်းခံနေရပြီကြားတော့ သူစွန့်လွှတ်ထားတဲ့ဓားကို ပြန်ကိုင်ပြီး ကျုပ်ကိုကယ်ဖို့ လာခဲ့ပါတယ်၊ ကျုပ်ကိုသတ်မယ့်လူကလဲ တကယ့်ဓားသမားပါ၊ သူ့ကိုအဖိုး မနိုင်ပါဘူး၊ ဒါပေမယ့်... အဖိုးဟာ သူသေမှ ကျုပ်ကိုသတ်လို့ရမယ်လို့ပြောခဲ့ပါတယ်"

"ဩော်... တကယ့်လူတွေကိုး"

မိတ်ဆွေစစ် မိတ်ဆွေမှန်ဆိုသည်မှာ...

တစ်ယောက်ဒုက္ခရောက်နေချိန်၌ လာရောက်အကူအညီပေး တတ်သူကို မိတ်ဆွေစစ်မိတ်ဆွေမှန်ဟုခေါ်ပေသည်။

အဆိုပါ မိတ်ဆွေစစ် မိတ်ဆွေမှန်ဆိုသည်မှာ လူ့လောကကြီး၌ ရှိတော့ရှိပါသည်။

သို့သော် အလွန်ရှားပါးသည့်ကိစ္စဖြစ်ပါသည်။

ကြက်တွန်သံပေါ်လာသည်။

အရုဏ်ဦးနေခြည်သည် သူတို့အခန်းထဲသို့ထိုးကျလာသည်။

ထိုအခါမှ သတိမေ့နေသောလင်းလင်းသည် ပြန်လည်သတိရလာတော့၏။

သူမသည် လီရင်ဆိုင်ဘေးနား၌ ကပ်ထိုင်နေသည်။

လီရင်ဆိုင်၏လက်မောင်းကို ကိုင်ထားသည်။



လီရင်ဆိုင်က...

"ကဲ... ခင်ဗျားကတော့ ကျုပ်အတွက်အလုပ်လုပ်ပေးပြီးသွားပြီ ခင်ဗျားအတွက် ကျုပ်အလုပ်လုပ်ပေးဖို့ပဲ ကျန်တော့တယ်၊ ဘာလုပ်ပေးရမလဲ"

လူဟုန်ရှမ်းက ပြုံးလိုက်သည်။

"အခုတော့ မလိုအပ်သေးပါဘူးဗျာ၊ ခင်ဗျားအပေါ်မှာ ကျုပ်အကြွေးတစ်ခုတင်နေတယ်လို့ မှတ်ထားလိုက်ပါ"

လီရင်ဆိုင်က ပြုံးလိုက်သည်။

"ကျုပ်က အကြွေးကို မမေ့တတ်ပါဘူးဗျာ၊ ဒါပေမယ့် ကျုပ်နောက်ထပ်အကူအညီတစ်ခု တောင်းချင်ပါသေးတယ်"

လူဟုန်ရှမ်း မျက်မှောင်ကြုတ်သွားလေသည်။

သူသည် စိတ်ရှုပ်သွားလေသည်။

"ကျုပ်ကြားထားတဲ့သတင်းဟာ မှားနေပြီနဲ့တူတယ်"

လီရင်ဆိုင်က...

"ဘယ်လိုသတင်းများလဲဗျ"

"လီရင်ဆိုင်ဟာ ဘယ်သူ့ကိုမှ အကူအညီမတောင်းခဲ့ဘူးလို့ ကျုပ်ကြားထားတယ်၊ အခုတွေ့တဲ့ လီရင်ဆိုင်ကတော့ အကူအညီတွေ ဖောဖောသီသီတောင်းနေပါကလားဗျ"

လီရင်ဆိုင်က ပြုံးလိုက်သည်။

"ဟုတ်ပါတယ်ဗျာ၊ အကြွေးတင်နေတဲ့နောက်ငတဲ့ များများ အကြွေးတင်တာပဲ ကောင်းပါတယ်ဗျာ"

"ကဲ... ပြောစမ်းပါဦးလေ၊ နောက်ထပ်အကူအညီတောင်းဖို့ဆို တာ ဘယ်လိုကိစ္စမျိုးလဲ"

"ဒီလိုပါ၊ အဝိုးနဲ့ပတ်သက်တဲ့သတင်းတွေကိုလဲ ခင်ဗျားကြား မှာပေါ့"

လူဟုန်ရှမ်းက ခေါင်းညိတ်၏။

"ဟုတ်တယ်.... ကျုပ်ကြားရတဲ့သတင်းကတော့ အဝိုးဟာ အလွန်ကြောက်စရာကောင်းတဲ့ ဓားသမားတစ်ယောက်ပဲ၊ အခု ကျုပ် မြင်တဲ့အဝိုးနဲ့တော့ ဘာမှမဆိုင်ဘူး၊ အဝိုးဟာ သိပ်ပြောင်းလဲသွားတယ် လို့ထင်တယ်"

"ဟုတ်တယ်၊ လွန်ခဲ့တဲ့နှစ်နှစ်ကအဝိုးနဲ့ အခုတွေ့ရတဲ့အဝိုး ဟာ ဆိုနဲ့ရေပဲ၊ လွန်ခဲ့တဲ့နှစ်နှစ်လောက်ကသာ ခင်ဗျား အဝိုးနဲ့တွေ့ရင် ရှုံးမှာသေချာတယ်"

လူဟုန်ရှမ်း ပါးစပ်ပိတ်ထားလေ၏။

"ဒါပေမယ့် သူ့ကိုခင်ဗျားတွေ့တယ်မဟုတ်လား၊ ဓားသမား တစ်ယောက်ထက် အရပ်သားတစ်ယောက်နဲ့ ပိုတူနေတယ်ဗျ... သူ ဘယ်လောက်စိတ်ဓာတ်ကျနေတယ်ဆိုတာ ခင်ဗျားလဲ မျက်မြင်ကိုယ် တွေ့ပါပဲဗျာ"



လူဟုန်ရှမ်းက လီရင်ဆိုင်ကိုကြည့်ပြီး...

"နှစ်နှစ်အတွင်း သူက ဘာဖြစ်လို့ ဒီလိုပြောင်းလဲသွားတာလဲ ဗျ ကျုပ်ဖြင့် ယုံတောင်မယုံပါဘူးဗျာ"

"မိန်းမတစ်ယောက်ကြောင့် ဆိုပါတော့ဗျာ"

"ဘာ... မိန်းမ"

"ဟုတ်ပါတယ်... မိန်းမတစ်ယောက်အတွက်ပါ၊ မိန်းမတစ် ယောက်ဟာ ယောကျ်ားတစ်ယောက်ကို ပြောင်းလဲစေနိုင်တဲ့စွမ်းရည် တွေရှိတယ်ဗျ"

လူဟုန်ရှမ်းက မဲ့ပြုံးပြုံးလိုက်၏။

"ယောကျ်ားတစ်ယောက်ဟာ မိန်းမတစ်ယောက်အတွက် ပျက်စီးသွားရတယ်၊ ပြောင်းလဲသွားရတယ်ဆိုရင် အဲဒီယောကျ်ားကို သနားစရာမကောင်းတော့ပါဘူးဗျာ"

လီရင်ဆိုင်က ခေါင်းခါယမ်းလိုက်၏။

"ဒီလိုမိန်းမမျိုးကို ခင်ဗျားမတွေ့ဘူးသေးလို့ပါဗျာ၊ မာယာ တစ်သိန်း အပလိမ်းအနန္တပြည့်ဝနေတဲ့အဲဒီမိန်းမမျိုးကိုတွေ့ရင် ခင်ဗျား လဲ သွက်သွက်ခါအောင်ရှုံးသွားမှာပဲ"

"ကျုပ်တွေ့ရင် ဘာဖြစ်မယ်လို့ထင်သလဲ"

"ခင်ဗျားတွေ့ရင် ခင်ဗျားလဲ အဝိုးလိုပျက်စီးသွားမှာပေါ့ဗျာ"

လူဟုန်ရှမ်းက ပြုံးလိုက်သည်။

"ကျုပ်ကိုခင်ဗျားက သူငယ်နှပ်စားလေးများ မှတ်နေသလား
မိန်းမနဲ့မတွေ့ဘူးတဲ့လူလို့ ခင်ဗျားကထင်နေသလား။ ကျုပ်က ရယ်ချင်
တယ်ဗျာ"

"အဖိုးဟာ ခင်ဗျားလိုခွေကောင် မပြောခဲ့ဘူးဗျ၊ သူဟာ အဲဒီမိန်း
ကို သတ်သွားတာ အပြီးသတ်ကျတော့ ဒီအခြေအနေဆိုက်သွားတော့
တာပါပဲ"

"ကျုပ်ကိုအထင်သေးလှချည်လားဗျ"

လူဟုန်ရှမ်းက မခံမရပ်နိုင်သောလေသံဖြင့် ပြောလိုက်သည်
လီရင်ဆိုင်က ပြုံးပြရင်း....

"မသေးပါဘူး... အဖြစ်ကိုပြောပြတာပါ၊ ခင်ဗျား ဘယ်မိန်း
နဲ့ တွေ့ရတွေ့ရ ဒီမိန်းမဟာ ဘယ်မိန်းမနဲ့မှ မတူဘူးဆိုတာတော့ ကျုပ်
ပြောရဲပါတယ်"

လူဟုန်ရှမ်း မျက်မှောင်ကုပ်သွားသည်။

"ဘယ်လိုများထူးခြားလို့လဲဗျာ"

"ဒီမိန်းမကို.... တချို့က နတ်သမီးနဲ့ဘီလူး ပေါင်းစပ်ထားတဲ့
မိန်းမလို့ပြောကြပါတယ်"

လူဟုန်ရှမ်းက...

"ခင်ဗျားပြောတဲ့မိန်းမ ဘယ်သူဆိုတာ ကျုပ်သိပြီ"

လီရင်ဆိုင် ခေါင်းငုံ့ပြီးပြော၏။



"အခုအဖိုးရဲ့ အခြေအနေက တော်တော်ကလေး ပြန်ကောင်း
နေပါပြီ၊ ဒါကြောင့် နောက်ထပ်ပျက်စီးသွားမှာကို ကျုပ်မလိုလားပါဘူး၊
ဒါကြောင့်ပါ"

"ဘာလဲ... ကျုပ်က ဒီမိန်းမကိုသတ်ပေးရမှာလား"

"ဒီလိုတော့ ကျုပ်မဆိုလိုပါဘူး၊ ဒါပေမယ့်... အဖိုးဟာ အခုချိန်
မှာ စိတ်ဓာတ်တွေတက်ကြွနေတယ်၊ သူနဲ့ အဖိုးနဲ့ ပြန်မတွေ့ရင်တော့
အကောင်းဆုံးပဲ၊ အဖိုးသူနဲ့ပြန်တွေ့ရင် အရင်ကလိုပဲ ပျက်ဆီးသွားဦးမှာ
ကို ကျုပ်မလိုလားဘူး"

"ခင်ဗျားလဲ လူသတ်ခဲ့တဲ့လူပဲ၊ ခင်ဗျားသတ်ခဲ့တဲ့လူတွေ မ
နည်းပါဘူး၊ ဒီမိန်းမကို ခင်ဗျားဘာဖြစ်လို့ မသတ်တာလဲ"

လူဟုန်ရှမ်းက မေးလိုက်ခြင်းဖြစ်သည်။

လီရင်ဆိုင်က....

"ဒီမိန်းမဟာ ဆယ်ခါပြန်သေသင့်တဲ့မိန်းမပါ၊ ဒါပေမယ့် ကျုပ်
သတ်လို့မဖြစ်ပါဘူး၊ အဖိုးသာသိသွားရင် သူမြတ်နိုးတဲ့ မိန်းကလေးကို
ကျုပ်ကသတ်ပစ်တယ်ဆိုပြီး ကျုပ်ကိုမုန်းသွားမှာပါ"

"သူမုန်းတော့ကော ဂရုစိုက်ရမှာလားဗျာ"

"အဖိုးက... အဲဒီမိန်းမရဲ့ အကျင့်ယုတ်တာတွေကို မသိဘူးဗျ၊
အရင်က ဆိုးသွမ်းတာတွေကို သူပြည်ဖုံးကားချလိုက်ပါပြီဆိုပြီး သူက
အဖိုးကို အယုံသွင်းထားတာပဲ၊ အဖိုးကလဲ ယုံကြည်တာပဲဗျာ"

"ခင်ဗျားက ဒီမိန်းမရဲ့အကျင့်ယုတ်တာတွေကို ကိုယ်တိုင်သိထားတယ်ပေါ့"

လီရင်ဆိုင် ခေါင်းညိတ်လိုက်သည်။

"ကျုပ်မျက်မြင်ပါဗျာ"

"ခင်ဗျားက အဝိုးကိုပြောမပြဘူး....."

"သူက မယုံဘူးဗျ"

"ဘယ်လိုလဲဗျာ၊ ဒီလူမှာ ဦးနှောက်မရှိတော့ဘူးလား"

လီရင်ဆိုင် သက်ပြင်းချလိုက်သည်။

"အင်း.... ဘယ်လောက်ပဲ ဉာဏ်ကောင်းတဲ့လူဖြစ်နေပါစေ၊ ဘယ်လောက်ပဲ ထက်မြက်တဲ့သူဖြစ်ပါစေ၊ မိန်းမတစ်ယောက်ကို ချစ်မိတယ်ဆိုရင် သူ့အသိဉာဏ်ဟာ ပျောက်ကွယ်သွားတော့တာပဲ၊ ဘာကိုမှ စဉ်းစားနိုင်စွမ်း မရှိတော့ဘူးဗျ၊ အဝိုးဟာလည်း ဒီလိုပါပဲ၊ သူဘာကိုမှ မသိတော့ဘူးဗျ၊ ဓားကိုစွန့်လွှတ်လိုက်တာပဲကြည့်လေ၊ အမြတ်နိုးဆုံးဓားကိုစွန့်လွှတ်ပြီဆိုကတည်းက... သူဟာ ဟိုမိန်းမကို ဘယ်လောက်မြတ်နိုးလဲဆိုတာသိသာပါတယ်"

လူဟုန်ရှမ်းက လီရင်ဆိုင်ကို စိုက်ကြည့်လိုက်ပြီး....

"ခင်ဗျားက တခြားလူကို ဘာကြောင့်မနိုင်းတာလဲ"

"ဟား... ကျုပ်က ဒီမိန်းမအကြောင်း ကောင်းကောင်းသိတယ်ဗျ၊ သိပ်ကြောက်စရာကောင်းတဲ့မိန်းမ၊ အစွမ်းလည်း အတော်ထက်တယ်ဗျ၊ အဝိုးတောင် ကြည့်ပါလားဗျာ၊ သူ့ကိုသွားသတ်မယ့်သူက သူ့နောက် ကောက်ကောက်ပါအောင် ပါ်...သွားတော့တာပဲ၊ သူ့ဗိုက်ကွန်ထဲက ရန်းထွက်နိုင်သူ ခပ်ရှားရှားဗျ၊ ဒါကြောင့် ခင်ဗျားကို အကူအညီတောင်းတာပါ၊ ဒါတောင် ခင်ဗျားကို..."



လူဟုန်ရှမ်းက လက်ကာပြ၏။

"တော်ပြီ၊ ခင်ဗျားဆက်မပြောနဲ့တော့၊ ကျုပ်ဘာလုပ်ရမယ်ဆိုတာ ကျုပ်သိတယ်၊ အခု သူဘယ်မှာလဲ"

"သူ ဘယ်မှာရှိတယ်ဆိုတာ ကျုပ်သိပါ...ယ်၊ ဒါပေမယ့်.... လင်းလင်းက သူဘယ်မှာရှိတယ်ဆိုတာ ပိုသိတယ်"

လူဟုန်ရှမ်းက ပြုံးလိုက်၏။

"ခင်ဗျား ဘာမှမပူနဲ့တော့၊ ကျုပ်မှာနည်းလမ်းတွေအများကြီးရှိပါတယ်"

လီရင်ဆိုင်က ခေါင်းညိတ်လိုက်၏။

~❋~

# သူလျှိုဖွက်ချက်

အဝိုး အိပ်ရာမှနိုးလာသောအခါ သူ့ဘေးရှိ ခုတင်၌ လီရင်ဆိုင် အိပ်ပျော်နေသည်ကိုတွေ့ရှိရ၏။

သူသည် ပတ်ဝန်းကျင်ကို ကြည့်လိုက်၏။

နေရောင်ခြည်သည် အခန်းထဲသို့ထိုးကျနေသည်။

သူသည် အိပ်ရာမှထလိုက်သည်။

လင်ဗန်း၏မျက်နှာလေးကို မြင်ယောင်မိသည်။

သူသည် မျက်နှာသစ်၏။

သူသည် တည်းခိုခန်းမှ အလုပ်သမားတစ်ယောက်ကိုခေါ်ယူပြီး ပဲရည်များ မှာလိုက်သည်။

ပဲရည်များကို သူ တဖြည်းဖြည်းချင်းသောက်သည်။

ပဲရည်သောက်ပြီးသောအခါ သူသည် တည်းခိုခန်းအပြင်သ



ထွက်ရန်ဟန်ပြင်လိုက်တော့သည်။

သူသည် ဆိုင်ပေါက်ဝ၌ရပ်ပြီး အပြင်သို့ကြည့်လေသည်။

အပြင်၌ လေတဟူးဟူးတိုက်ခတ်နေသည်။

သဲမှုန်များ ပလူပျံလျက်ရှိသည်။

လမ်းမပေါ်၌ လူသွားလူလာမရှိပေ။

လေတိုက်ခတ်နေသဖြင့် လူများ အိမ်တွင်း၌သာနေကြသည်။

ထိုစဉ် လူနှစ်ယောက်သည် ဆိုင်ရှေ့မှဖြတ်သွားကြသည်။

အဝိုးသည် ထိုလူနှစ်ယောက်ကို အမှတ်မထင်လှမ်းကြည့်မိလိုက်၏။

ရှေ့ဆုံးမှလူသည် ဆံပင်များဖြူဖွေးနေသော အဘိုးအိုတစ်ဦးဖြစ်သည်။

သူ့လက်ထဲတွင် ဆေးတံတစ်လက်ကိုကိုင်ထားသည်။

ထိုအဘိုးအိုသည် အပြာရောင်အင်္ကျီကိုဝတ်ဆင်ထားပြီး ထိုအင်္ကျီအပြာရောင်မှာ အရောင်များပင် လွင့်ပြယ်စပြုနေလေပြီ။

သူ့နောက်မှလိုက်ပါလာသူမှာ မိန်းကလေးတစ်ယောက်ဖြစ်သည်။ မျက်လုံးကလေးက ဝိုင်းစက်ပြီး ကျစ်ဆံမြီးက အလွန်ရှည်သည်။

အဘိုးအိုနှင့်မိန်းကလေးတို့သည် ဆိုင်ရှေ့မှ လျှင်မြန်စွာဖြတ်လျှောက်သွားကြသည်။

ထိုနှစ်ယောက်ကို အဝိုးသိသည်။

ထိုမြေးအဘိုးသည် ပုံပြောကောင်းသော မြေးအဘိုးတို့ ဖြစ်ကြသည်။

သူတို့သည် အဝိုးကိုမတွေ့ဘဲ ဆိုင်ကိုဖြတ်ကျော်လျက် သွားကြ၏။

အဝိုးသည်အဝတ်အစားများ ပြင်ဆင်ဝတ်လိုက်၏။

ထို့နောက် သူတစ်ယောက်သည် ရှေ့မှဖြတ်လျှောက်သွားပြန်သည်။

ထိုသူမှာ... ကိုယ်လုံးကိုယ်ထည် အရပ်အမောင်းကောင်းပြီး အဝါရောင်အဝတ်အစားများကို ဝတ်ဆင်ထားသည်။

ကြီးမားသော မြက်ဦးထုပ်ကြီးတစ်လုံးအား ဆောင်းထားပြီး မျက်နှာကိုမမြင်ရအောင် မြက်ဦးထုပ်ကြီးကိုအောက်သို့စိုက်ထား၏။

သူ၏လမ်းလျှောက်ပုံမှာထူးခြားလျက်ရှိပြီး ဘေးဘီဝဲယာကို မကြည့်ဘဲ ရေးကြီးသုတ်ပျာဖြင့် ရှေ့မှလျှောက်သွားနေသည်ကို အဝိုးလိုက်နေသည်။

ထိုသူသည် ရှေ့မှလျှောက်သွားနေသည့် မြေးအဘိုးအားအမီလိုက်နေခြင်းဖြစ်သည်။

ထိုသူကိုတွေ့လိုက်ရသောအခါ အဝိုး၏နှလုံးသည် အခုန်မြန်လာလေတော့သည်။

ချင်းသက်မှဲ။



ထိုသူကား ချင်းသက်မှဲပင်တည်း။

ချင်းသက်မှဲသည်....

သူ၏ရန်သူတော်ဟောင်းပင် မဟုတ်ပါလား။

ချင်းသက်မှဲ၏မျက်လုံးအစုံသည် ရှေ့ကိုသာ စူးစိုက်ကြည့်နေလေသည်။

လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး အံကိုတင်းတင်းကြိတ်လိုက်သည်။

သူသည် ချင်းသက်မှဲနှင့် နောက်တစ်ကြိမ် သူသေကိုယ်သေ ယှဉ်ပြိုင်တိုက်ခိုက်ချင်စိတ်များ တဖွားဖွားများပေါ်ပေါက်လာသည်။

သူသည် ချင်းသက်မှဲသွားရာသို့လိုက်ကြည့်နေပြီးမှ ဖျတ်ခနဲ နောက်ဘက်သို့ လှည့်ကြည့်မိသည်။

ထိုအခါ... သူ၏မျက်ခုံးများ မြင့်တက်သွားလေတော့သည်။

~❁~

အဝိုးသည်…

နောက်ထပ် အဝါရောင်ဝတ်စုံကို ဝတ်ဆင်သူတစ်ယောက်ကို တွေ့လိုက်ပြန်ရသောကြောင့်တည်း။

ထုသူသည်လည်း…

ပထမလူကဲ့သို့ပင် ကြီးမားသောမြက်ဦးထုပ်ကြီးတစ်လုံးအား ခပ်နိမ့်နိမ့်ဆောင်းထားသည်။

သို့သော်… ချင်းသက်မဲ့ကဲ့သို့ မျက်နှာကိုတော့ ဖုံးအုပ်သည်အထိ မဆောင်းပါချေ။

သူ၏မျက်နှာကို မြင်နေရသည်။

သူ့မျက်နှာသည် သွေးရောင်မရှိသည့်အလား ဖြူရော်နေ၏၊ ထိုသူကား စန့်ကွမ်းဝီးပင်ဖြစ်ပါသည်။

ရွှေကြေးပြားဂိုဏ်းချုပ်ကြီး၏သား စန့်ကွမ်းဝီးပင်ဖြစ်ပါ၏။

အဝိုးသည် ချင်းသက်မဲ့အား သူနှင့်ရင်ဆိုင်ဖူးသဖြင့် သိရှိထားသော်လည်း စန့်ကွမ်းဝီးကိုမူ မသိရှိချေ။

သို့သော် ချင်းသက်မဲ့နှင့်စန့်ကွမ်းဝီးတို့သည် အဝါရောင်ဝတ်စုံများဝတ်ဆင်ထားသဖြင့် တစ်ဂိုဏ်းတည်းသားများဖြစ်ကြသည်ကိုမူ သူသိရှိလေသည်။

အဘိုးအိုနှင့် ကျစ်ဆံမြီးရှိမိန်းကလေးကို…

ချင်းသက်မဲ့က နောက်ယောင်ခံလိုက်သည်။



ချင်းသက်မဲ့ကို…

စန့်ကွမ်းဝီးက နောက်ယောင်ခံလိုက်နေကြောင်း သူတို့အမူအရာက ဖေါ်ပြနေသည်။

သူ့ရှေ့မှ တစ်ယောက်ပြီးတစ်ယောက်သာ ဖြတ်ကျော်သွားကြသည်။

သူတို့လေးယောက်စလုံးက တည်းခိုဆိုင်ကလေးအား လုံးဝမတွေ့ကြပေ။

ထို့ကြောင့် ဆိုင်တံခါးဝ၌ရပ်နေသော အဝိုးအားလည်း လုံးဝမတွေ့ကြပေ။

အဝိုးသည် ထိုသူများကိုစိတ်ဝင်စားသွားသဖြင့် စန့်ကွမ်းဝီးနောက်မှ နောက်ယောင်ခံလိုက်တော့သည်။

~❁~

ထိုသူများသည် အစဉ်လိုက်အတိုင်း ဆိုင်များကို ဖြတ်ကျော်သွားကြ၏။ လမ်းသွားလမ်းလာများမှာလည်း လေအလွန်တိုက်နေသဖြင့် [illegible]က်ကြပေ။

ဆိုင်ဟန်းများ လွန်သောအခါ အိမ်ဟူ၍မရှိတော့ပေ။

အဘိုးအိုနှင့် ကျစ်ဆံမြီးရှိသောမိန်းကလေးကို မတွေ့ရတော့

သော်လည်း ချင်းသက်မှဲ့နှင့် စန့်ကွမ်းဝီးတို့ကိုမူ တွေ့နေရသေးသည်

အ[illegible]သည် သူ့နောက်သို့လှည့်ကြည့်သည်။

သူ့နောက်ယောင်ခံလိုက်သကဲ့သို့ပင် သူ့နောက်သို့ လိုက်[illegible]

မရှိဟု မပြောနိုင်ပေ။

သို့သော်... သူ့နောက်တွင် မည်သူမျှမရှိပါ။

အဝိုးသည် သူတစ်ပါးကို နောက်ယောင်ခံလိုက်ရာ၌ အလွ[illegible]

ကျွမ်းကျင်သည်။

သူသည် သစ်ပင်ကြီးများဘေး၌ကပ်၍လည်းကောင်း၊ ချုံ[illegible]

၍လည်းကောင်း၊ စန့်ကွမ်းဝီးနောက်သို့လိုက်သည်။

စန့်ကွမ်းဝီးမှာ နောက်သို့လှည့်မကြည့်ချေ။

ချင်းသက်မှဲ့ကို ရေးရေးမျှမြင်နေရသည်။

စန့်ကွမ်းဝီးသည်လည်း အဝိုးကဲ့သို့ ဟိုနှိ သည်ကပ်ဖြင့် လိုက်[illegible]

နေသည်။

သူတို့သည် တောင်ပူစာတစ်လုံးကိုမြင်လာရသည်။ ချင်း[illegible]

သက်မှဲ့သည် ထိုတောင်ပူစာကလေးအတိုင်း လိုက်တက်သွားသည်[illegible]

စန့်ကွမ်းဝီး၏ခြေလှမ်းများသည် ရုတ်တရက်လျင်မြန်လာ[illegible]

သူသည် ချင်းသက်မှဲ့ကို အမီလိုက်မည့်ပုံပေါ်လာသည်။

မကြာမီ... ခပ်သွက်သွက်လျှောက်တော့သည်။

တောင်ပူစာပေါ်မှဆင်းသောအခါ...



စန့်ကွမ်းဝီးသည် ရုတ်တရက်ပျောက်ကွယ်သွားသည်။

အဝိုးသည် လျင်မြန်စွာဆင်း၍လိုက်လေသည်။

သူသည် သစ်ပင်တစ်ပင်ကိုကွယ်၍ ကြည့်လိုက်သောအခါ

ချင်းသက်မှဲ့နှင့် စန့်ကွမ်းဝီးတို့သည် မျက်နှာချင်းဆိုင်ရပ်နေကြသည်ကို

တွေ့လိုက်ရလေတော့၏။

အဝိုးသည် အလွန်လျင်မြန်သူဖြစ်သည်။

သူသည် စန့်ကွမ်းဝီးကိုကြည့်ကတည်းက သစ်ပင်အကွယ်မှ

ကြည့်သူဖြစ်ရာ စန့်ကွမ်းဝီးသည် သူ့ကိုမမြင်နိုင်ပေ။

ချင်းသက်မှဲ့ကလည်း သူ့ကိုမတွေ့ပါ။

ချင်းသက်မှဲ့နှင့် စန့်ကွမ်းဝီးတို့ ပြောနေသည့် စကားများကို

အဝိုးသည် ပုန်းကွယ်နေသည့်နေရာမှ ကောင်းစွာကြားနိုင်ပါသည်။

ချင်းသက်မှဲ့က...

"မင်းက ဘာဖြစ်လို့ ငါ့နောက်ကိုလိုက်လာရတာလဲ"

ချင်းသက်မှဲ့၏အေးတိအေးစက်အသံကို ကြားလိုက်ရသော

အခါ စန့်ကွမ်းဝီးက မဲ့ပြုံးပြုံးလိုက်သည်။

"ငါ မင်းနောက်လိုက်တဲ့ကိစ္စကို မင်း တကယ်မသိဘူးလား"

"မသိဘူး"

"ငါ မင်းကိုသတ်ချင်လို့ပေါ့"

"ငါ့ကိုသတ်ချင်တယ်၊ ဟုတ်လား"

"အေး.."

ချင်းသက်မှဲ့ မျက်နှာပျက်မသွားပါ။

တည်ငြိမ်အေးစက်သည့်လေသံဖြင့် ပြန်မေးလိုက်၏။

"ဘာဖြစ်လို့ သတ်ချင်ရတာလဲ"

စန္ဒကွမ်းဝီး၏မျက်နှာသည် နီရဲလာသည်။

"ဒီလောကမှာ မင်းမရှိရင် ငါ့အတွက်ပိုကောင်းမယ်လို့ ငါယူ

ဆတယ်လေ"

ချင်းသက်မှဲ့သည် စန္ဒကွမ်းဝီးအား မျက်မှောင်ကြုတ်ကြည့်

လိုက်သည်။

"မင်းပြောတာ ငါနားမလည်ဘူးကွ"

စန္ဒကွမ်းဝီးက မဲ့ပြုံးပြုံးသည်။

"မင်းက မသိချင်ယောင်ဆောင်နေတာကိုး၊ အေးလေ... ငါက

ပြောပြရတော့မှာပေါ့"

"ပြော..."

"မင်းဟာ ငါ့အဖေရဲ့တိတ်တိတ်ပုန်းမယားက မွေးတဲ့သား

မင်းအမေကြောင့် ငါ့အမေ ရောဂါရပြီးသေရတာ မင်းရှိနေရင် ဖေဖေ

ဟာ မင်းကိုပဲချစ်နေမှာပဲ၊ ဒါကြောင့်... ငါ့အမေရဲ့ကိုယ်စား မင်းကို က

စားချေရမယ်"

"သြော်... ဒီလိုကိုး"



"မင်းက မသိချင်ယောင်ဆောင်နေပြန်ပြီ"

"ထားတော့... မင်းက ငါ့ကိုသတ်မယ်လို့ပြောနေတယ်၊ မင်း

မှာ ငါ့ကိုသတ်နိုင်တဲ့အရည်အချင်းကော ရှိလို့လား"

"ခွမ်း..."

စန္ဒကွမ်းဝီး၏လက်ထဲတွင် သံမဏိကွင်းနှစ်ကွင်းပါလာ၏။

သံကွင်းနှစ်ကွင်းသည် စန္ဒကွမ်းဝီး၏လက်နက်ပင်။

သူ့ဖခင်က သူ့အား လက်ထပ်သင်ပေးထား၏။

သို့သော်... ချင်းသက်မှဲ့က စန္ဒကွမ်းဝီး၏ သံမဏိကွင်းများ

အား မမှုပါ။

စန္ဒကွမ်းဝီးက...

"အရင်တုန်းက မင်းမှာလက်နှစ်ဖက်ရှိအတွက် ငါကကြောက်

ချင်ကြောက်နေရမယ်၊ အခု... မင်းမှာ လက်တစ်ဖက်မရှိတော့ဘူး၊

အထူးသဖြင့်... ဘယ်ဘက်လက်မရှိတော့လို့ မင်းရဲ့ညာဘက်လက်နဲ့

ဘာလုပ်နိုင်တော့မှာလဲ"

ချင်းသက်မှဲ့သည် ဘယ်သန်ဖြစ်၏။

သို့သော်... ချင်းသက်မှဲ့က သူ၏ညာဘက်လက်ကို ဆန့်တန်း

လိုက်လေ၏။

"မင်းကို ငါ့ရဲ့ဒီညာလက်နဲ့ပဲ သတ်မှာကွ"

စန္ဒကွမ်းဝီးက ရယ်မောလိုက်လေသည်။

"ဟား... ဟား... ဟား... မင်းရဲ့ အဲဒီညာဘက်လက်က ခွေး တစ်ကောင်တောင် သတ်လို့ရရဲ့လား"

ချင်းသက်မှဲက ခေါင်းခါလိုက်၏။

"ခွေးတောင်သတ်လို့မရဘူးလို့ မပြောနဲ့ ငါသတ်မှာက မင်း။ မင်းဟာ ခွေးနဲ့ဘဝတူဖြစ်သွားလိမ့်မယ်"

"ဟား... ဟား... ဟား"

စန်းကွမ်းဝီးသည် သံမဏိကွင်းနှစ်ကွင်းဖြင့် ချင်းသက်မှဲအား စတင်တိုက်ခိုက်လိုက်လေတော့သည်။

~❀~

စန်းကွမ်းဝီး စတင်တိုက်ခိုက်လိုက်ပြီဖြစ်သည်။

ချင်းသက်မှဲသည် နောက်သို့ခုန်ဆုတ်သွားလေ၏။

သူ၏မေးမှာ သူ့ခါး၌ပင်ရှိသေးသည်။

ထူးခြားသောဓားတည်း။

ဓားအိမ်မရှိသောဓားတည်း။

စန်းကွမ်းဝီးက လှောင်ပြုံးပြုံးရင်း....

"တိုက်ပါကွ၊ ဓားထုတ်ပြီးတိုက်ပါ၊ မင်းရဲ့ညာလက်အစွမ်းကို ကြည့်ကြရအောင်"



စန်းကွမ်းဝီးသည်... ပြောပြောဆိုဆို သံမဏိကွင်းနှစ်ကွင်းဖြင့် တိုက်ခိုက်ပြန်သည်။

"ဝိုး... ဝိုး... ဝိုး"

"ဂွစ်... ဂွစ်... ဂွစ်"

ချင်းသက်မှဲသည် နောက်သို့ခုန်ဆုတ်ရှောင်တိမ်းရပြန်သည်။

ယခုအခါ သူ့၌ လက်တစ်ဖက်သာကျန်ရှိတော့သည်။

သူသည် ဘယ်သန်ဖြစ်သည်။

ကြောက်စရာလည်း ကောင်းသည်။

ထိုကြောက်စရာကောင်းသောလက်သည်... လီရှင်မိုင်အား ကျေးဇူးမတင်လိုသဖြင့် ဖြတ်တောက်ပစ်ခဲ့သည်မဟုတ်ပါလော။

စန်းကွမ်းဝီးသည် သူ့အပေါ် ယခင်ကတည်းက အငြိုးအတေး ရှိခဲ့သည်။ တစ်ချိန်လုံး ငြိုးထားသော စန်းကွမ်းဝီးသည် ချင်းသက်မှဲ၏ လက်ဝဲလက် မရှိတော့သောအခါ ချင်းသက်မှဲကို သတ်ရန်ကြံစည်လေ တော့သည်။

~❀~

ဓားလောက၌ ချင်းသက်မွဲ၏ဘယ်လက်သည် ကြောက်စရာ အကောင်းဆုံးဖြစ်ကြောင်း စန့်ကွမ်းဝီးသိထားသည်။

သူ့အတွက် အခွင့်အရေးသည် မကြာမီပွင့်လာတော့၏။

သူသည် လီရင်ဆိုင်နှင့်ချင်းသက်မွဲတို့ ဖြစ်ပျက်ခဲ့သည့်အဖြစ်အပျက်ကို နောက်ပိုင်းမှသာသိခဲ့သည်။

မည်သို့ပင်ဖြစ်စေ... သူ့အဖို့ လက်စားချေခွင့်ရခဲ့လေပြီ။

ချင်းသက်မွဲသည် နောက်တစ်ဆုတ်တည်း ဆုတ်နေရသည်။

စန့်ကွမ်းဝီးကလည်း... ရှေ့သို့တိုး၍ သံမဏိကွင်းနှစ်ခုဖြင့် ပြင်းထန်စွာတိုက်သည်။

နောက်ဆုံး၌ ချင်းသက်မွဲသည် သစ်ပင်တစ်ပင်ကို ကျောကပ်မိသွားလေသည်။

ချင်းသက်မွဲနောက်သို့ မဆုတ်နိုင်တော့ပေ။

ဆုတ်ရန်လမ်းလည်း မရှိတော့ပါ။

စန့်ကွမ်းဝီးသည် ရယ်မောလိုက်သည်။

သူ့လက်ထဲမှသံမဏိကွင်းနှစ်ခုအား ချင်းသက်မွဲ၏ရင်ဝသို့ ပစ်လွှတ်လိုက်သည်။

ထိုတိုက်ပွဲကား... စန့်ကွမ်းဝီး၏အထူးခြားဆုံးသော နဂါးနှင့်ကျားတိုက်ကွက်ပေတည်း။

တကယ်တော့ သူသည် ဤတိုက်ကွက်ကို သုံးရန်မသင့်ပေ။



မထိခိုက်ခဲ့သော် သူ့၌ လက်နက်မရှိဘဲဖြစ်သွားပေလိမ့်မည်။

သို့သော်... သူသည် ချင်းသက်မွဲက ပြန်လည်ခုခံနိုင်စွမ်းမရှိသည်ကို တွက်ဆပြီးဖြစ်ပေသည်။

ချင်းသက်မွဲသည် ဘယ်သန်ဖြစ်ကြောင်းကို အားလုံးက သိရှိထားကြသည်။

ယခု... ဘယ်သန် ဘယ်လက်မရှိတော့ချေ။

သူနိုင်ပြီမဟုတ်ပါလား။

ထို့ကြောင့် သံမဏိကွင်းများကို လက်လွှတ်ပစ်ခဲ့ခြင်းဖြစ်၏။

သံမဏိကွင်းနှစ်ကွင်းသည်... အရှိန်ပြင်းစွာဖြင့် ချင်းသက်မွဲ၏ ရင်ဝဆီသို့ တန်းတန်းမတ်မတ်ပြေးဝင်သွားသည်။

အံ့သြဖွယ်ရာ လျှင်မြန်စွာပင်....

ချင်းသက်မွဲသည် ကိုယ်တစ်ခြမ်းစောင်းပေးလိုက်သည်။

ပြေးဝင်လာသော သံမဏိကွင်းများကို... သူ၏ပြတ်နေသော ဝဲဘက်ပခုံးဖြင့် ဆီးခံလိုက်သည်။

"ထောက်..."

"ထောက်..."

သံကွင်းနှစ်ကွင်းသည် ချင်းသက်မွဲ၏ပခုံးအား စိုက်ဝင်သွားလေသည်။

သွေးများ ဖြာခနဲကျလာလေသည်။

ထိုစဉ်... ဓားရောင်တစ်ချက် ဝင်းလက်သွားသည်။

ချင်းသက်မှဲ၏ဓားသည် ဝန့်ကွမ်းစီး၏လည်ပင်းဆီသို့ စိုက်ဝင်သွားသည်။

ဝန့်ကွမ်းစီးသည် မျက်လုံးပြူးလျက် ချင်းသက်မှဲအား မယုံကြည်နိုင်စွာဖြင့် ကြည့်နေမိသည်။

"ဒိ... ဝှစ်..."

သူသည် ချင်းသက်မှဲ ဓားထုတ်လိုက်ပုံကို မယုံကြည်နိုင်စွာ ကြည့်နေသည်။

ချင်းသက်မှဲ ညာလက်ဖြင့်ဓားထုတ်လိုက်ပုံမှာ ဘယ်လက်ဖြင့် ထုတ်လိုက်သကဲ့သို့ လျင်မြန်လှသည်။

ချင်းသက်မှဲက ဝန့်ကွမ်းစီးကို စေ့စေ့ကြည့်ပြီးပြောလိုက်၏။

"မင်းကို ငါ့ရဲ့လျှို့ဝှက်ချက်တစ်ခုကို ပြောရဦးမယ်... ငါ့ရဲ့ညာဘက်လက်ဟာ ဘယ်ဘက်လက်ထက် ကြောက်စရာကောင်းတယ်ဆိုတာပဲ..."

ဝန့်ကွမ်းစီးသည် သေလုသေခင်ဖြစ်နေသည်။

သို့သော်... သူသည် ချင်းသက်မှဲကို စိုက်ကြည့်နေသည်။

ချင်းသက်မှဲသည် သူ့အား လျှပ်တစ်ပြက်ဓားထုတ်ပြီး ခုတ်ခဲ့သည်ကို သူ မယုံကြည်နိုင်ခဲ့ချေ။

ချင်းသက်မှဲ၏စကားကိုလည်း သူ မယုံကြည်နိုင်စွာ ကြားနေ



ရလေသည်။

"ဝုန်း..."

ဝန့်ကွမ်းစီး၏ခန္ဓာကိုယ်ကြီးသည် ပစ်လဲကျသွားလေ၏။

ချင်းသက်မှဲ၏ညာလက်သည် အလွန်လျင်မြန်လှသည်။

လျှပ်တစ်ပြက် ဓားကိုဆွဲထုတ်ပြီး လျှပ်တစ်ပြက်ဓားကို ပြန်ရိုက်လိုက်ခြင်းသာ အဝိုးမြင်လိုက်ရသည်။

ချင်းသက်မှဲသည် ငြိမ်သက်နေပြီဖြစ်သည့် ဝန့်ကွမ်းစီး၏ခန္ဓာကိုယ်ကြီးအား စိုက်ကြည့်ပြီး...

"ငါဟာ ဒီညာဘက်လက်နဲ့ ဓားကိုလေ့ကျင့်ခဲ့တာ ဆယ်နှစ်လောက်ရှိပြီဆိုတာ မင်းမှမသိဘဲ"

သူသည် ရေရွတ်လိုက်သည်။

သူရေရွတ်သံကို အဝိုးကောင်းစွာကြားရသည်။

ထို့နောက် .... ချင်းသက်မှဲသည် ချာခနဲလှည့်ထွက်သွားလေတော့၏။

သူ့ပခုံးတွင် သံကွင်းနှစ်ကွင်းမှာ စိုက်ဝင်လျက်ပင်ရှိနေသေးသည်။ အဝိုးသည် မကြောက်ရွံ့စဖူး ကြောက်ရွံ့စိတ်များဖြစ်ပေါ်လာမိလေသည်။ သိုင်းလောကဆိုသည်မှာ လျှို့ဝှက်ချက်များဖြင့် ပြည့်နေသည်တကား။

~❀~

အဝိုးသည် နဂိုအနေအထားကိုရှိပါက ချင်းသက်မဲ့ကို မှုရန် မလိုပါချေ။

ချင်းသက်မဲ့သည် မိမိထက် လျင်မြန်သည်မဟုတ်စေကာမူ ဝို၍လျှို့ဝှက်၏။

ဝို၍ ရက်စက်ကြမ်းကြုတ်သည်။

မိမိ၌ ထိုလျှို့ဝှက်ဆန်းကြယ်မှုများ မရှိပါချေ။

"ငါသူ့ကိုနိုင်ဖို့ မလွယ်ဘူး"

အဝိုးသည် စိတ်ထဲမှမှတ်ချက်ချမိသည်။

"ဒါပေမယ့်... သူ့ကို ငါယှဉ်ကြည့်မယ်"

အခြားအတွေးတစ်ခုသည် သူ့ရင်ထဲ၌ထွက်ပေါ်လာသည်။

သူသည် ချင်းသက်မဲ့နောက်သို့လိုက်ရန် ခြေလှမ်းပြင်သည်။

သူသည်... ချင်းသက်မဲ့နှင့် ထပ်မံယှဉ်ပြိုင်ရန် ဆုံးဖြတ်ချက်ချ လိုက်မိလေပြီ။

~❦~



အဝိုးသည် ချင်းသက်မဲ့နှင့် ထပ်မံယှဉ်ပြိုင်ရန် ဆုံးဖြတ်လိုက် ပြီဖြစ်သည်။

သူ... ခြေလှမ်းကို တစ်ဖက်သို့လှမ်းလိုက်၏။

ယင်းသို့ ခြေတစ်ဖက်လှမ်းလိုက်သည်နှင့် သူ့ပခုံးပေါ် လက် တစ်ဖက်ရောက်လာပြီး လှမ်းဆွဲထားလေသည်။

မည်သူနည်း။

သူစိတ်စောနေသဖြင့် သူ့နောက်မှရောက်လာသူကိုပင် သူ... သတိမပြုမိချေ။

သူသည် နောက်သို့ ချာခနဲလှည့်၍ ကြည့်လိုက်လေသည်။

~❦~

ဒါပေမယ့်..., ငါက မင်းပဲအနိုင်ရမယ်လို့ ယုံကြည်တယ်"

"ဘာဖြစ်လို့လဲ"

"သူက လူသတ်သမားသက်သက်ပဲ၊ သူ့ကို လူသတ်သမားလို့ ခေါ်လို့ မင်းကို လူသတ်သမားလို့မခေါ်ရင် ငါတရားမျှတရာကျမှာ မဟုတ်ဘူး၊ မင်းလည်း လူသတ်ခဲ့တာပဲ၊ ဒါပေမယ့်... မင်းနဲ့သူက မတူဘူး၊ မင်းမှာအသည်းနှလုံးရှိတယ်၊ သူက စက်ရုပ်တစ်ရုပ်လိုပဲ၊ စက်ရုပ်ဟာ မစဉ်းစားတတ်ဘူး၊ အသည်းနှလုံးမရှိဘူး"

အဝိုးသည် လီရင်ဆိုင်ပြောသည့်စကားများကို အတန်ကြာအောင်စဉ်းစားသည်။ ပြီးမှ...

"ကျွန်တော် နားလည်ပါပြီဗျာ"

လီရင်ဆိုင် ခေါင်းညိတ်လိုက်သည်။

"မင်းနားလည်ရင် ငါဝမ်းသာပါတယ်ကွာ"

လေသည် ဝှေ့ဝဲတိုက်ခတ်လာ၏၊

သစ်ရွက်များသည် တဖြုတ်ဖြုတ်ကြွေကျလာ၏။

"ကဲ... ကျွန်တော်တို့သွားကြစို့"

လီရင်ဆိုင်နှင့်အဝိုးသည် ထိုနေရာမှထွက်ခွာခဲ့လေတော့၏။

~❀~

## စည်းရုံးမှုပြိုကွဲခြင်း

လီရင်ဆိုင်သည်... အဝိုး၏ပခုံးပေါ်သို့ လက်တင်၍ လှမ်းဆွဲလိုက်ခြင်းဖြစ်လေသည်။

လီရင်ဆိုင်သည် ထွက်ခွါသွားသော ဖျင်းသက်မဲ့အား ရီဝေစွာကြည့်နေသည်။

အဝိုးသည် ခေါင်ငုံ့သွား၏။

"မင်း သူ့နောက်လိုက်မလို့လား"

အဝိုးသည် ဆိတ်ဆိတ်နေ ဝန်ခံဆိုသည့်စကားအတိုင်း ခေါင်းငုံ့နုတ်ပိတ်နေ၏။ လီရင်ဆိုင်က သူ့ပခုံးကို အာ...ပုတ်ရင်း...

"မင်း အခု သူ့နောက်လိုက်ရင် မှားမှာပေ့ါ"

"ကျွန်တော် သူ့ကိုမမီဘူးဆိုတာ ကျွန်တော်သိပါတယ်"

"မင်း သူ့ကိုမမီတာ ခုတစ်ပတ်ပါ၊ အလွန်ဆုံး တစ်လပေ့ါ

လမ်းကလေးသည် တိတ်ဆိတ်နေ၏။

အဝိုးနှင့်လင်ဝမ်းတို့သည် တိတ်ဆိတ်ငြိမ်သက်သောနေရာကလေးကိုရွေးချယ်ထားကြပေသည်။

ထိုလမ်းကလေး၏အဆုံးတွင် မီးလင်းနေသော အိမ်ကလေးတစ်လုံးရှိသည်။ အဝိုးက ထိုအိမ်ကိုညွှန်ပြလိုက်သည်။

"ဟိုဟာ ကျွန်တော့်အိမ်ပဲ"

"အိမ်...."

လီရှင်ဆိုင် ပဲ့တင်ထပ်၍ပြောလိုက်သည်။

လီရှင်ဆိုင်မှာ တွေဝေငေးမောသွားသည်။

သူသည် လေလွင့်ရွက်ဝါသိုင်းသမား ဖြစ်နေပါသည်။

သူ့၌ အိမ်မရှိပါ။

အိမ်ဆိုသည်မှာ သူနှင့်အလှမ်းဝေးနေသည့်အရာတစ်ခုသာဖြစ်ပါသည်။

အဝိုးသည် မီးရောင်လင်းနေသည့် အိမ်ကလေးကို လှမ်းမျှော်ကြည့်ရင်း...

"မီးလင်းနေတုန်းပဲ၊ သူ မအိပ်သေးဘူး နဲ့ကူတယ်"

အဝိုးသည် လင်ဝမ်း၏ချစ်ခင်နှစ်သက်ဖွယ်ရာ မျက်နှာလေးကိုမြင်ယောင်လာ၏။ အဝိုးသည် အိမ်နှင့်ရာနှင့် ဇနီးမဟုတ်သေးသော်လည်း တစ်ချိန်၌ဇနီးဖြစ်မည့်သူနှင့် အတူနေနေရသည်။



အဝိုးသည် ထိုတဒင်္ဂအတွင်း တွေးလိုက်မိသည်။

လီရှင်ဆိုင်သည် အိမ်မရှိရာမရှိ တစ်ကောင်ကြွက်ဘဝဖြင့်သိုင်းလောကအတွင်း လှည့်လည်သွားလာနေရသည်။

ယခု သူကမူ လှပသောအိမ်ကလေးတစ်အိမ်ရှိနေလေသည်။

လှပကြင်နာယုယတတ်သော ဇနီးလောင်းတစ်ယောက်ကစောင့်မျှော်နေသည်ဟူသော အတွေးက အဝိုး၏စိတ်အား တဒင်္ဂချမ်းမြေ့စေသည်။

ထိုတဒင်္ဂအချိန်ကလေးကား...

အလွန်တရာတန်ဖိုးရှိသော အချိန်ကလေးဖြစ်ပါသည်။

လီရှင်ဆိုင်ခေါင်းငုံ့နေလေ၏။

သူပြုမူခဲ့သည်ကို ကြီးစွာနောင်တရလေသည်။

ယခု အဝိုးသည် သူ့အိမ်သို့ပြန်ရောက်ပြီး လင်ဝမ်းကို မတွေ့ရပါက မည်မျှ ပူဆွေးသောကရောက်တော့မည်နည်း။

သူ မည်မျှစိတ်ဆင်းရဲသွားမည်ကို သူခန့်မှန်းနားလည်လိုက်သည်။ သို့သော် သူသည် စိတ်ကိုတင်းလိုက်သည်။

ယခု သူ့လုပ်ရပ်သည် အဝိုးကောင်းစားရေးအတွက်ဖြစ်သည်။

ဟလောဆယ်ဆယ်တွင်မှ အဝိုးသည် ပြင်းထန်သော စိတ်ဝေဒနာကိုခံစားရမည်မှာ သေချာသည်။

အဝိုးသည် လင်ဝမ်းအပေါ်သံယောဇဉ်ကြီးသည်ကိုတော့ သူ

သိသည်။ သို့[illegible] ဤမျှသံယောဇဉ်ကြီးမည်ကိုတော့ သူမသိပေ။

[illegible]သူသည် ဆက်မတွေးဝံ့တော့ချေ။

မိုးရောင်သည်လည်း လင်းလက်ရှိလေသည်။

သူတို့သည် [illegible]မိရှေ့သို့ရောက်ရှိလာကြသည်။

တံခါးသည် ဖော့ရုံသာစေ့ထားကြောင်းတွေ့လိုက်ရ၏။

တံခါးကိုတွန်းဖွင့်လိုက်သောအခါ မိုးရောင်သည် ဖိနပ်ချွတ် အခြင်ဘက်သို့ ထိုးကျလာလေသည်။

မနေ့ညက မိုးကလေး တစ်ပြိုက်နှစ်ပြိုက်ရွာထားသဖြင့် မြေပြင်သည် စိုစွတ်နေရာ မိုးရောင်အောက်၌ ဖိနပ်ရာများကိုတွေ့ရတော့သည်။

ယောကျ်ားဖိနပ်ရာများဖြစ်ကြောင်း လီရင်ဆိုင်သိ၏။

အဝိုးခေါင်းထဲ အတွေးတစ်ခုရောက်လာသည်။

"ဘယ်သူတွေများ လာသွားပါလိမ့်"

သူသည် မျက်မှောင်ကုပ်သွား၏။

သို့သော် ချက်ချင်းပင် မျက်နှာတည်ကြည်သွားသည်။

လင်ဇွမ်းသည်... ဖောက်လွဲဖောက်ပြန်လုပ်မည့် မိန်းကလေး တစ်ယောက်မဟုတ်ဟု သူခိုင်ခိုင်မာမာယုံကြည်ထားလေ၏။

လီရင်ဆိုင်သည် သူ့နောက်မှ လေးလံသောခြေလှမ်းများဖြင့် လိုက်ပါလာခဲ့သည်။



သူသည်ဖြစ်ပေါ်လာမည့်အရေးအတွက် ရင်လေးနေမိသည်။

အဝိုးသည် သူ့ကိုလှည့်ကြည့်ပြီး ပြုံးသည်။

"သူ ဒီနေ့ဘာဟင်းများချက်ထားလဲမသိဘူး။ သူကဟင်းချက် သိပ်ကောင်းတာဗျ။ ခင်ဗျားပါလာတယ်ဆိုတာ သူသိရင် သိပ်ဝမ်းသာသွားမှာ၊ သူက ကျွန်တော်ကယ်လာနိုင်တယ်လို့ပဲထင်မှာဗျ"

လီရင်ဆိုင် မချိပြုံးပြုံးလိုက်သည်။

ပြုံးပြပြီးသည်နှင့် ချောင်းတဟွတ်ဟွတ်ဆိုးတော့သည်။

"အစ်ကိုကြီးသာ ကျွန်တော့်ဆီမှာ ခပ်ကြာကြာနေသွားရင် ချောင်းဆိုးပါ ပျောက်သွားမှာသေချာတယ်"

မဟာ

လီရင်ဆိုင်ဘာမှ မပြောပေ။ မပြောနိုင်ပေ။

တွေ့လာမည့်အဖြစ်အပျက်ကို သူရင်ခုန်နေသည်။

အဝိုးသည် တံခါးကိုတွန်းဖွင့်လိုက်သည်။

အခန်းတွင်း၌ လူတစ်ဦးတစ်ယောက်မျှရှိမနေပေ။

"အင်း...သူမီးဖိုချောင်မှာနေ့တူတယ်၊ ကျွန်တော်တို့ ရောက်နေတာ သူမသိလို့ဗျ၊ သူက ကျွန်တော်တို့ကို သိပ်ဂရုစိုက်တယ်၊ သူသိရင် ပြေးထွက်ကြိုမှာဗျ"

သူသည် ပြောရင်း မီးဖိုချောင်ထဲသို့ဝင်သွားလေသည်။

မီးဖိုချောင်မှာ တိတ်ဆိတ်နေသည်။

လင်ဇွမ်းအား အရိပ်အယောင်မျှပင် မတွေ့ရချေ။

အိုးက ပြုံးလိုက်သည်။

"သူ အိပ်ခန်းထဲမှာအိပ်ပျော်နေသလားမသိဘူး"

သူသည် ပြောရင်း အိပ်ခန်းဆီသို့လျှောက်သွားလေ၏။

ထိုအခါ ညည်းညူနေသော အသံတစ်သံကို ကြားလိုက်ရသည်။ ထိုအသံမှာ အိပ်ခန်းအတွင်းမှလာခြင်းဖြစ်သည်။

ဝေဒနာခံစားနေရသော အသံမျိုးဖြစ်လေသည်။

အိုးမျက်နှာပျက်သွားသည်။

အိပ်ခန်းသို့ အပြေးအလွှားသွားသည်။

သူသည် အော်ဟစ်ရင်း မေးမြန်းသည်။

"လင်ဝှမ်း မင်းဘာဖြစ်နေတာလဲ၊ တံခါးဖွင့်စမ်း"

သူ၏အော်သံသည် ဟိန်းထွက်သွားသည်။

သို့သော်... အခန်းထဲက အသံကငြိမ်သက်သွားပြန်သည်။

အိုး၏နဖူးပေါ်မှ ချွေးများတတောက်တောက်နှင့်ယိုစီးကျလာသည်။

သူသည် အခန်းတံခါးကိုထုသည်။

တံခါးသည် ပွင့်မလာပေ။

ထိုအခါ... တံခါးကိုပခုံးစောင်းတွန်း၍ ဖွင့်ဝင်လိုက်လေတော့သည်။

တံခါးပွင့်သွားသည်။



အိုး၏မျက်နှာသည် အံ့သြသွားလေသည်။

လီရင်ဆိုင်မှာ မျက်လုံးအစုံကိုမှိတ်ထားမိသည်။

သူသည် လင်ဝှမ်းသေနေသည် သို့မဟုတ်မသေမရှင်ဖြစ်နေသည်ကို မမြင်ရက်ပေ။

သို့သော် သူသည် အိုးထံမှ မည်သည့်အသံမျှမကြားရသောအခါ သူ့ရင်သည် တုန်လှုပ်သွားသည်။

သူသည် ခုတင်ပေါ်သို့ လှမ်းကြည့်မိလေသည်။

"ဟင်..."

လီရင်ဆိုင် လွှတ်ခနဲအော်မိသည်။

"လင်းလင်း..."

လီရင်ဆိုင်သည် အလန့်တကြားအော်ခေါ်မိလေသည်။

သွေးအိုင်ထဲတွင် ဒဏ်ရာပြင်းစွာနှင့်လဲလျောင်းနေသော မိန်းကလေးမှာ လင်ဝှမ်းမဟုတ်ပါချေ။

လင်းလင်းဖြစ်နေပါသည်။

လီရင်ဆိုင်သည် ပြေးဝင်သွားပြီး လင်းလင်းအား ပွေ့ချီမိလေ၏။

"လင်းလင်း... ဘယ်လိုဖြစ်ရတာလဲလင်းလင်းရယ်"

လင်းလင်းသည် လီရင်ဆိုင်၏လက်မောင်းအတွင်း၌ ဖျော့တော့နေသည်။

သူမသည် အားယူ၍မျက်လုံးဖွင့်ကြည့်လိုက်၏။

"အစ်ကိုကြီး..."

"ပြောပါ လင်းလင်းရယ်၊ ဘယ်လိုများဖြစ်သွားတာလဲကွယ်"

လီရင်ဆိုင်၏အသံမှာ ဝမ်းနည်းနေသည်။ သူသည် ခံပြင်းစွာ မေးလိုက်သည်။

"အစ်ကိုကြီး...အစ်ကိုကြီးမှားသွားပါပြီ"

လင်းလင်းထံမှ တိုးညင်းသောအသံကလေး ထွက်လာလေသည်။

လီရင်ဆိုင်၏မျက်လုံးတွင်းမှ မျက်ရည်များ တားမရ ဆီးမနိုင် ထွက်လာတော့သည်။

"ဟုတ်ပါတယ်၊ ငါ...ငါအကြီးအကျယ်မှားသွားပါတယ်၊ လင်းလင်းရယ်"

လင်းလင်းသည် မချိပြုံးပြုံးလိုက်သည်။

"ဒီလောကကြီးမှာ ဘယ်ယောကျ်ားမှ သူ့ကိုမသတ်ရက်ပါဘူး အစ်ကိုကြီးရယ်၊ ဒါကိုအစ်ကိုကြီးသိဖို့ကောင်းပါတယ်"

"ဟုတ်ပါတယ်၊ အစ်ကို ဒါကိုသေသေချာချာစဉ်းစားဖို့ကောင်းပါတယ်၊ လင်းလင်း အခုလိုဖြစ်ရတာဟာ အစ်ကိုကြီးကြောင့်ပါ၊ လင်းလင်း ရေတိမ်နစ်ရတာဟာ အစ်ကိုကြီးကြောင့်ပါ"

လင်းလင်းသည် ခေါင်းခါယမ်းလိုက်၏။



"မဟုတ်ပါဘူးအစ်ကိုကြီးရယ်၊ အမှန်မှာ ကျွန်မဟာ လင်ဝှမ်းရှယနိုင်းခံဘဝထဲက ရုန်းထွက်လာနိုင်တဲ့လူပါ၊ လင်ဝှမ်းရဲ့ညှန့်ကြားချက်နဲ့ ကျွန်မဟာ မိုက်ပြစ်တွေကျူးလွန်တဲ့လူပါ၊ အစ်ကိုကြီးနဲ့တွေ့တော့မှ ကျွန်မရဲ့လုပ်ရပ်တွေမှားယွင်းနေတာကို ကျွန်မသဘောပေါက်ခဲ့ပါတယ်၊ ကျွန်မဟာ ကျွန်မအမှားတွေကို ပြင်ဆင်ခဲ့ပါတယ်၊ အခုလို အစ်ကိုကြီးက ကျွန်မအပေါ်သံသယဇဉ်ရှိနေတာကို တွေ့ရတဲ့အတွက် ကျွန်မ သေပျော်ပါပြီအစ်ကိုကြီးရယ်"

သူမသည် အသံတဖြည်းဖြည်းတိုး၍ တိုး၍သွား၏။ နောက်ဆုံး အသံလုံးဝပျောက်သွားတော့သည်။

လီရင်ဆိုင်သည် သက်ပြင်းတစ်ချက်ချလိုက်မိသည်။

"သူဟာ အသက်ငယ်ငယ်လေးရှိသေးပါ၊ ဒါပေမယ့် ငါကြောင့် သူ သေသွားရပါပြီ"

လီရင်ဆိုင်သည် ညည်းညူလိုက်မိလေသည်။

မည်မျှကြာသွားသည်မသိ လီရင်ဆိုင် ခေါင်းမော့လာသောအခါ အိုးသည် နီရဲသောမျက်လုံးအစုံဖြင့် သူ့အားစိုက်ကြည့်နေသည်ကိုတွေ့လိုက်ရလေ၏။

"လင်းလင်းက ဘာဖြစ်လို့ ဒီကိုရောက်နေတာလဲ၊ သူ့ကိုဘယ်သူသတ်သွားတာလဲ၊ လင်ဝှမ်းကကော ဘယ်ကိုပျောက်သွားတာလဲ"

အိုးက ဆက်တိုက်မေးလိုက်လေသည်။

ထိုမေးခွန်းများသည် လီရင်ဆိုင်၏အသည်းနှလုံးများဆီသို့ အပ်ချောင်းကလေးများပမာ စိုက်ဝင်သွားသည်။

လီရင်ဆိုင်သည် လိမ်ညာပြောဆိုတတ်သူမဟုတ်ပေ။

ထို့ကြောင့် သူ့လုပ်ရပ်များကို ရှင်းပြလိုက်လေ၏။

"ငါဟာ မင်းကောင်းဖို့တစ်ခုတည်းကိုသာ ကြည့်ပြီးလုပ်ခဲ့တာပါ၊ ဒါပေမယ့် အခုတော့…"

လီရင်ဆိုင်သည် ဆက်မပြောနိုင်တော့ပေ။

အခန်းထဲ၌ တိတ်ဆိတ်ငြိမ်သက်မှုသည်ကြီးစိုးသွား၏။

ကြောက်မက်ဖွယ်ကောင်းလောက်အောင် တိတ်ဆိတ်ငြိမ်သက်နေပေသည်။

အကယ်၍ လေတိုက်ခတ်ခဲ့မှုသာမရှိပါက ထိုနေရာတွင်သက်ရှိများ ရှိမှရှိပါလေစဟု သံသယဖြစ်ကြမည်ဖြစ်သည်။

သူတို့သည် ကြာမြင့်စွာစကားမပြောကြပေ။

အဖိုးသည် ထရပ်လိုက်၏။

သို့သော်… သူသည်လီရင်ဆိုင်အား လှည့်၍မျှပင်မကြည့်ပါ၊ ကြည့်လိုစိတ်လည်း မရှိပါ။

သူ့စိတ်ထဲ၌ လီရင်ဆိုင်အား အလွန်မုန်းတီးချင်သွားသည်၊ သူသည် ဒေါသထွက်လျက်ရှိနေပေ၏။

လီရင်ဆိုင်မှာ ခေါင်းငုံ့ထားရသည်။



"ခင်ဗျား ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲဗျာ"

အဖိုးက ရင့်ရင့်သီးသီးပင်ပြောလေသည်။

လီရင်ဆိုင်မှာ ရင်နင့်သွားရ၏။

အဖိုးက မာကျောစွာဆက်ပြော၏။

"ကျွန်တော်စိတ်ဓာတ်ကျနေတာ လင်ဝှမ်းကြောင့်လို့ခင်ဗျား ထင်နေတာ ခင်ဗျားသိပ်မှားသွားပြီ၊ သူသာ ကျွန်တော့်အနားမှာ မရှိရင် ကျွန်တော်စိတ်ဓာတ်တက်ကြွလာလိမ့်မယ်လို့ ခင်ဗျားထင်သလား"

လီရင်ဆိုင်မှာ ခေါင်းငိုက်စိုက်ကျနေသည်။

"ခင်ဗျားသိဖို့ ကျွန်တော်ပြောပြမယ်၊ လင်ဝှမ်းသာ ကျွန်တော့်ဘဝရဲ့အရှင်သခင်ဗျ… သိရဲ့လား၊ သူသာကျွန်တော့်အနားမှာ မရှိရင် ကျွန်တော်ဟာ ဒီလောကကြီးထဲမှာ အသက်ရှင်သွားဖို့ခဲယဉ်းသွားလိမ့်မယ်၊ သူသာ မရှိရင် ကျွန်တော်အသက်ရှင်နေတာဟာလည်း ဘာမှအဓိပ္ပါယ်မရှိတော့ဘူး"

လီရင်ဆိုင်သည် အဖိုးအား စေ့စေ့ကြည့်လိုက်ပြီး…

"ငါက မင်းကို ကောင်းတဲ့စေတနာနဲ့လုပ်တာပါ၊ မိန်းမတစ်ယောက်က မင်းကိုလိမ်ညာနေတာ၊ မင်းကိုသစ္စာဖောက်နေတာကို ငါမကြည့်ရက်ဘူးကွ၊ မင်းကသာ မသိတာ သူက ယောကျ်ားတကာနဲ့ ဖြစ်ချင်တိုင်းဖြစ်နေတာကွ"

အဖိုးသည် ခေါင်းကိုဆတ်ခနဲမော့လာသည်။

"ဖျား... သူက ကျွန်တော့်ကိုလိမ်ညာနေတယ်၊ ဖောက်လွှဲဖောက်ပြန်လုပ်နေတယ်လို့ ခင်ဖျားထင်နေသလားဗျ"

"ထင်တာမဟုတ်ဘူး မြင်တာကွ...မြင်တာ"

"တော်စမ်းပါဖျား... သူနဲ့အတူနေ [illegible] ကျွပ် အဲ့ဗျ ခင်ဖျားမဟုတ်ပါဘူး"

"ဟုတ်တယ်... သူနဲ့အတူနေပြီး [illegible] ရဲ့ဘဝဟာ အသက်ကင်းမဲ့တဲ့ဘဝဆိုတာ ငါသိတယ်"

"ခင်ဖျားက ကျုပ်စိတ်နေစိတ်ထားကို မသိပါဘူး၊ ခင်ဖျားစိတ်ဟာ ခင်ဖျားကိုယ်ထဲမှာရှိနေတာ၊ ကျုပ်စိတ်က ကျုပ်ကိုယ်ထဲမှာရှိတာ ဘယ်စိတ်ချင်းတူပါ့မလဲ၊ ကျုပ်က သူ့ကိုချစ်တယ်၊ သူနဲ့အတူတူနေရရင် ကံကောင်းတယ်လို့ ယူဆတယ်၊ သူနဲ့အတူနေရရင်ပျော်တယ်၊ သူ့ရှိမှ ကျုပ်ဘဝအဓိပ္ပါယ်ရှိတယ်လို့ ကျုပ်ထင်တယ်"

အဝိုးသည် ပြောရင်း စိတ်လှုပ်ရှားလာလေသည်။

"ဒီမှာ ကျုပ်တစ်ခုပြောမယ်၊ ခင်ဖျားစဉ်းစားနိုင်အောင် ဥပမာတစ်ခုပြောပြမယ်၊ ခင်ဖျားဟာ စီးယင်ကြောင့် ဘယ်လောက်စိတ်ဆင်းရဲနေရပြီလဲ၊ အခုလဲ ကျုပ်တို့ရဲ့အချစ်ရေးမှာ ခင်ဖျားဝင်မရှုပ်ပါနဲ့ဗျာ၊ ကျုပ်တောင်းပန်ပါတယ်၊ ကျုပ်စိတ်မဆင်းရဲပါရစေ နဲ့တော့"

အဝိုး၏စကားလုံးများသည် ဓားသွားလှံသွားများပမာ လီရင်ဆိုင်၏အသည်းနှလုံးအား ထိုးနှက်တိုက်ခိုက်သွားလေသည်။



လီရင်ဆိုင်မှာ တစ်ကိုယ်လုံးတုန်ခါလျက်ရှိသည်။ သူသည် ချောင်းတစ်ဟွတ်ဟွတ်ဆိုးလာပြန်လေသည်။

"အဟွတ်... အဟွတ်"

အဝိုးသည် လီရင်ဆိုင်အား အတန်ကြာစိုက်ကြည့်ပြီး ထွက်ခွာသွားလေတော့၏။

"နေဦး"

လီရင်ဆိုင်က ဟန့်တားလိုက်သည်။

"မင်း သူ့ကိုသွားရှာမယ် မဟုတ်လား"

"ဟုတ်တယ်"

"မင်းမသွားရဘူး"

"ဘာဖြစ်လို့ ကျုပ်ကမသွားရမှာလဲ"

"မင်း သူ့ကိုသွားရှာရင် မင်းရဲ့ဘဝဟာ သူ့ကြောင့်ပျက်စီးသွားဖို့ရှိနေတယ်"

"ဒါက ခင်ဖျားအလုပ်မဟုတ်ပါဘူး၊ သူနဲ့အတူနေရမှာက ကျုပ်ပါ၊ ခင်ဖျားနဲ့မဆိုင်ပါဘူး၊ မဆိုင်တဲ့အလုပ်ကိုဝင်မရှုပ်ပါနဲ့"

"မင်းက ငါ့ရဲ့မိတ်ဆွေ၊ ငါ့ရဲ့ညီတစ်ယောက်လို ရင်းနှီးတဲ့ သူငယ်ချင်း၊ ဒါကို မင်းမမေ့သင့်ဘူး"

"ဟုတ်ပါတယ်... ကျုပ်ဟာ ခင်ဖျားရဲ့မိတ်ဆွေတစ်ယောက် ဟုတ်တယ်နော်"

"ဟုတ်တယ်"

"ဒါပေမယ့်... ခုချိန်ကစပြီး ခင်ဗျားဟာကျုပ်မိတ်ဆွေတစ်ယောက်မဟုတ်တော့ဘူး"

လီရင်ဆိုင်မျက်နှာ ကွက်ခနဲပျက်သွားလေသည်။

"မင်း...မင်း..."

"ခင်ဗျား... ကျုပ်ကိုပြောချင်တာပြောနိုင်တယ်၊ ကျုပ်သည်းခံနိုင်တယ်၊ ပါးဆွဲရိုက်ဖျာ ကျုပ်ခံနိုင်တယ်၊ ဒါပေမယ့်... လင်ဝှမ်းနဲ့ပတ်သက်ပြီးတော့ သူ့အပေါ်မတော်မတရား မစွပ်စွဲနဲ့၊ ကျုပ် လုံးဝသည်းမခံနိုင်ဘူး၊ နောက်ပြီး... လင်ဝှမ်းဟာ ခင်ဗျားကိုသွားကယ်ဖို့ ကျုပ်ကိုပြောခဲ့တဲ့သူဗျ"

"မဟုတ်သေးဘူး၊ မင်းက ငါ့စွပ်စွဲနေတယ်လို့ ထင်နေသလားကွ"

အစိုးသည် လီရင်ဆိုင်အား စေ့စေ့ကြည့်လိုက်ပြီး...

"ခင်ဗျားဟာ ကျုပ်ရဲ့မိတ်ဆွေတစ်ယောက်ပါ၊ ခင်ဗျား သူ့အပေါ် ဒီလိုမစွပ်စွဲသင့်ဘူး၊ အခု ခင်ဗျားစွပ်စွဲတာတွေက အကြိမ်ကြိမ်ပဲ နောက်တစ်ခါ ခင်ဗျား သူ့အပေါ်စွပ်စွဲဦးမယ်ဆိုရင် ကျုပ်သွေးနဲ့ရှင်းရလိမ့်မယ်"

အစိုးသည် ပြတ်သားစွာပြောပြီး လီရင်ဆိုင်အား တွန်းဖယ်လိုက်သည်။



"ခင်ဗျားကို ကျုပ်နောက်ဆုံးပြောပြလိုက်မယ်၊ ကျုပ်... အခု လင်ဝှမ်းကိုသွားရှာမယ်၊ ခင်ဗျားဝင်ရှုပ်ရင် ကျုပ်ကိုအပြစ်မပြောနဲ့ ဒါပဲ"

သူသည် ပြောပြီးသည်နှင့် ခြေလှမ်းကျဲကျဲနှင့်ထွက်ခွာသွားလေတော့သည်။

လီရင်ဆိုင်သည် ချောင်းတစ်ဟွတ်ဟွတ်ဆိုးပြီး ကျန်ရစ်ခဲ့လေသည်။

အိမ်ထဲတွင် သူနှင့်လင်းလင်းသာ ကျန်ရစ်တော့သည်။

အစိုးသည် လင်ဝှမ်းအားရှာဖွေတွေ့ရှိမည်မှာ သေချာပါသည်။

လင်ဝှမ်းကလည်း အစိုး သူ့နောက်သို့လိုက်ပါစေရန် သဲလွန်စခြေရာလက်ရာများချန်ထားခဲ့သည်မှာ သေချာပါသည်။

အစိုးသည် မြေခွေးများနှင့်ဝံပုလွေများကြားတွင် ကြီးပြင်းခဲ့ရသော လူတစ်ယောက်ဖြစ်သည်။ အစိုး၏သွေးထဲတွင် အနံ့ခံကောင်းသောစွမ်းရည်များ အပြည့်အဝရှိနေသည်။

ယခု... သူသည် အစိုးနောက်မှလိုက်ရပေတော့မည်။

လင်းလင်းအား သဂြိုဟ်ပြီးမှ အစိုးနောက်သို့အမီလိုက်ရန် သူဆုံးဖြတ်လိုက်လေတော့သည်။

~✻~

ရှုံးပွဲ

သုံးရက်...

ဤလဆန်းသုံးရက်ကား နေ့ထူးနေ့မြတ်၊ ရက်ထူးရက်မြ

ဖြစ်၏။

စန္ဒကွမ်းကျင်းဟုန်၏ ရွှေကြေးပြားဂိုဏ်းနှင့် လုံရှောင်ရင်း

ဂိုဏ်းတို့ မဟာမိတ်ဖွဲ့ကြမည့်နေ့တည်း။

လုံရှောင်ရင်း၏မျက်နှာသည် အလွန်ရွှင်လန်းနေလေသည

သားဖြစ်သူရှောင်ရင်းကလည်း အလွန်ဝမ်းသာပီတိဖြစ်

သည်။

သို့သော်... လုံရှောင်ရင်းသည် စိတ်မကောင်းဖြစ်စရာ တစ်

ကြုံနေရသည်။

သူ့ဇနီးဖြစ်သောစီးယင်က လိုက်လာရန် ငြင်းပယ်ခဲ့သေ



ကြောင့်ပြုံးသည်။

"သူကဘာဖြစ်လို့ ငါ့နောက်ကိုမလိုက်နိုင်ရတာလဲ၊ ဂုဏ်ပြုပွဲဆိုတာ တက်ရောက်သင့်တဲ့နေရာပဲ"

လုံရှောင်ရင်းသည် ပထမဦး ဤသို့တွေးနေသေး၏။

သူမည်ကဲ့သို့ပဲ တွေးတွေး၊ မည်ကဲ့သို့ပြောပြော စီးယင်ကတော့ မလိုက်ပါချေ။

မည်သို့ပင်ဖြစ်စေ...

လုံရှောင်ရင်း ခွင့်လွှတ်ရပါမည်။ လူတစ်ယောက်သည် မိမိတန်ခိုးအာဏာရတော့မည်ဆိုလျှင် ချစ်ရေးချစ်ရာဘက်တွင်တော့ အနည်းငယ်ဆုံးရှုံးမှုခံရမည်သာဖြစ်၏။

လုံရှောင်ရင်းသည် ပြတင်းပေါက်တွင်ရပ်လျက် တွေးတောနေ၏။

သူ့အနီးတွင် ဉာဏ်ထက်မြက်သော သားဖြစ်သူလည်း ရပ်နေသည်။

"ငါ့သား...အဖေတစ်ခုစဉ်းစားနေတယ်ကွ"

"ဘာများလဲဖေဖေ"

"စန္ဒကွမ်းကျင်းဟုန်ဟာ ကတိများဖျက်မလားမသိဘူး"

ရှောင်ရင်းက ခေါင်းခါယမ်းပြလေ၏။

"သူ ကတိဖျက်မှာမဟုတ်ပါဘူးဖေဖေ"

"ငါတို့ကို သူကိုယ်တိုင်လာကြိုပါ့မလားကွ"

"လာကြိုလိမ့်မယ်လို့ သားထင်တယ်"

"ငါလဲ ဒီလိုပဲယူဆတယ်၊ ဒါပေမယ့် လီရင်ဆိုင်မသေသေးဘူးလို့ကြားနေရတယ်၊ အဲဒါ အနှောင့်အယှက်များ ဖြစ်နေမလားမသိဘူး"

"ဘာကိုဆိုလိုတာလဲဖေဖေ"

"ရွှေကြေးပြားဂိုဏ်းက လီရင်ဆိုင်ကို သူတို့လက်ထဲအပ်ရမယ်လို့ဆိုတယ်မဟုတ်လား၊ အခု..."

"အခု လီရင်ဆိုင်လွတ်သွားတာက စန့်ကွမ်းကျင်းဟုန်ကလွှတ်လိုက်တဲ့ ချင်းသက်မဲ့ အသုံးမကျလို့ပဲဥစ္စာ၊ ကျွန်တော်တို့မှာ အပြစ်မရှိပါဘူး၊ သူ့လူမှာအပြစ်ရှိတယ်၊ ဒါကို ဘာမှစဉ်းစားစရာမလိုပါဘူး၊ သူ့ဟာသူ့ ကတိအတိုင်း မဟာမိတ်ဖွဲ့ရမှာပဲပေါ့"

လုံရှောင်ရင်းကခေါင်းညိတ်၏။

ရှောင်ရင်းဆက်ပြောသည်။

"နောက်ပြီး မဟာမိတ်ဖွဲ့မယ့်သတင်းဟာ သိုင်းလောကအနှံ့လုံးသိပြီးပြီပဲ၊ မဖွဲ့ရင် သူပဲနာမည်ပျက်မှာ"

လုံရှောင်ရင်းကျေနပ်သွား၏။

"ဟုတ်တယ်၊ သိုင်းလောကမှာ ရွှေကြေးပြားဟာ ဘာဖြစ်လို့နာမည်ကြီးနေသလဲသိလား၊ သူ့ရဲ့စကားကို ဘယ်တော့မှမပြင်လို့ပေါ့ကွ၊ ဖေဖေတို့ မဟာမိတ်ဖွဲ့ဖြစ်ပါလိမ့်မယ်"



"ဟုတ်ပါတယ်ဖေဖေ၊ ဒါကြောင့်... ကျွန်တော်တို့ဟာ မဟာမိတ်ဖွဲ့တဲ့ရက်ကို အေးအေးဆေးဆေးစောင့်နေဖို့ပဲရှိပါတော့တယ်"

ရှောင်ရင်းကပြောလိုက်လေ၏။

~❀~

စားပွဲပေါ်ရှိ စာခွက်စာတမ်းများသည် ယုတ်လျော့သွားခြင်းမရှိဘဲ တစ်နေ့ထက်တစ်နေ့ များပြားလာလေတော့သည်။

ရွှေကြေးပြားဂိုဏ်း၏နယ်မြေများသည်လည်း တစ်နေ့တခြားကျယ်ပြန့်လာသည်။

စန့်ကွမ်းကျင်းဟုန်၏တာဝန်များသည်လည်း တစ်နေ့တခြားများပြားလာ၏။

ယခုလည်း သူသည်ငါးနာရီတိတိအလုပ်လုပ်ခဲ့ရာ တစ်ချက်ကလေးမျှ မနားရပေ။

သို့သော်... သူသည်တခြားသူများကဲ့သို့ မဟုတ်ပေ။

ထို့ကြောင့်လည်း သူ့ဂိုဏ်းကြီး ပိုမိုစည်ကားလာခြင်းဖြစ်တော့သည်။

အခန်းတံခါးသည် ပွင့်သွား၏။

လူတစ်ယောက်သည် စန့်ကွမ်းကျင်းဟုန်ရှိရာ အခန်းထဲသို့ဝင်

ရောက်လာလေသည်။

စန္ဒကွမ်း ကျင်းဟုန်က မေ့မကြည့်ပါ။

ရွှေပြောင်ပြောင်ဂိုဏ်းရှိ သူ့အခန်းတွင်းသို့ဝင်ခွင့်ရသူမှာ…

တစ်ယောက်တည်းသာရှိပါသည်။

ထိုသူမှာ ချင်းသက်မွဲသာဖြစ်ပါသည်။

ချင်းသက်မွဲသည် ခါတိုင်းကဲ့သို့ပင်… အခန်းထဲသို့ဝင်ရောက်လာပြီး သူ့နောက်နားတွင် ရပ်လိုက်သည်။

စန္ဒကွမ်းကျင်းဟုန်သည် အလုပ်ထဲတွင် ခေါင်းမြှုပ်နေပြီးမေးလိုက်သည်။

"လီရင်ဆိုင်ကော"

စန္ဒကွမ်းကျင်းဟုန်၏မေးသံက သံမှန်ပင်။

"ပါမလာဘူး"

ချင်းသက်မွဲ၏အဖြေက တိုတောင်းသည်။

စန္ဒကွမ်းကျင်းဟုန်သည် အလုပ်ထဲတွင် ခေါင်းမြှုပ်ကာအလုပ်လုပ်နေရာမှ ဆတ်ခနဲလှည့်လိုက်သည်။

သူ၏မျက်လုံးများသည် ပြတ်နေသည့်ချင်းသက်မွဲလက်ဆီသို့ရောက်သွား၏။

သူသည် ဘာမှမပြောတော့ပေ။

သူ့အလုပ်ကို ပြန်လုပ်နေလေ၏။



သူ့အမူအရာမှာ လုံးဝမပျက်ပေ။

သူသည် ချင်းသက်မွဲကို ပြစ်တင်ခြင်းလည်းမရှိပါ။

နှစ်သိမ့်ချီးကျူးခြင်းလည်းမရှိပါ။

ချင်းသက်မွဲလက်ပြတ်ရခြင်းမှာ စန္ဒကွမ်းကျင်းဟုန်နှင့်မည်သို့မျှမပတ်သက်သည့်အလားဖြစ်နေပါသည်။

တိတ်ဆိတ်ငြိမ်သက်ခြင်းသည် အခန်းထဲ၌ကြီးစိုးသွားသည်။

မည်မျှကြာသွားသည် မသိပေ။

တံခါးခေါက်သံထွက်ပေါ်လာသည်။

"ဒေါက်… ဒေါက်… ဒေါက်…"

ဂိုဏ်းသားအစောင့်တစ်ယောက်သည် စာရွက်စာတမ်းများကိုလာပို့သည်။

စာရွက်စာတမ်းများကား များပြားလှ၏။

ထိုစာရွက်စာတမ်းများထဲတွင် ပန်းရောင်စာအိတ်လေးတစ်လုံးပါလေ၏။

စန္ဒကွမ်းကျင်းဟုန်၏မျက်ခုံးများ မြင့်တက်သွားသည်။

သူသည် ပန်းရောင်စာအိတ်လေးကိုယူလိုက်သည်။

စာအိတ်ဖောက်လိုက်၏။

ပန်းနုရောင်စာရွက်ပေါ်တွင် စာတစ်ကြောင်းသာ ရေးခြစ်ထားလေသည်။

"ခါတိုင်းစောင့်နေကျနေရာမှာ စောင့်နေတယ်၊ လူဟုန်ရှ
ကလည်းတွေ့ချင်ပါယ်လို့ ပြောတယ်"

စန့်ကွမ်းကျင်းဟုန်သည် အနည်းငယ်စဉ်းစားလျက်ရှိသည်

ထို့နောက်.... ဆုံးဖြတ်ချက်ချပြီး အခန်းထဲမှထွက်ခွာသွားလေ
တော့၏။

သူ့နောက်မှ ချင်းသက်မွဲသည် ဖြည်းညင်းစွာလိုက်ပါသွားလေ
၏။ သူတို့နှစ်ယောက်သည်... တစ်ယောက်ကရှေ့မှ တစ်ယောက်က
နောက်မှ လျှို့ဝှက်လမ်းအတိုင်းထွက်လာကြ၏။

ကြီးကျယ်ခမ်းနားသောအိမ်ကြီးအတွင်းမှ အပြင်သို့ရောက်
လာကြသည်။

ခြံစောင့်နှစ်ယောက်သည် ဦးညွှတ်အရိုအသေပြုလိုက်၏

ခြံဝင်းအပြင်ထွက်လိုက်သည်နှင့် စန့်ကွမ်းကျင်းဟုန်၏ခြေ
လှမ်းများသည် ပြောင်းလဲသွားလေ၏။

ချင်းသက်မွဲနှင့် ညီညီညာညာလျှောက်သွားသော ခြေလှ
များမဟုတ်တော့ပေ။

သူ့ခြေလှမ်းများက ပိုမြန်သည်။

နောက်ဆုံးတွင် ချင်းသက်မွဲသည် စန့်ကွမ်းကျင်းဟုန်ကိုလို
မမီတော့ပေ။

နောက်တွင်ကျန်ရစ်ခဲ့တော့သည်။



နောက်ဆုံးတွင် ချင်းသက်မွဲသည် ခြေလှမ်းကိုရပ်လိုက်ရ၏။

သူ၏မိုးခိုးရောင်မျက်လုံးအစုံသည် ဝေး၍ဝေး၍သွားသော
န့်ကွမ်းကျင်းဟုန်၏နောက်ကျောပြင်အားငေးကြည့်ရင်း ကျန်ရစ်လေ
တော့၏။

~❀~

ထင်းရှူးတောအုပ်။

ထင်းရှူးတောအုပ်တွင် ထင်းရှူးပင်များ ထူထပ်စွာပေါက်
လျက်ရှိပြီး နေရောင်ခြည်ပင် ဖြောက်တောက်ကျားတားမျှသာ တိုးဝင်
နိုင်သည်။

လေထဲတွင် ထင်းရှူးနံ့များ သင်းပျံ့လျက်ရှိသည်။

လင်ဝှမ်းသည် ထင်းရှူးပင်တစ်ပင်၏အောက်ခြေတွင် ရှိနေ
သည်။

သူ၏ရင်ခွင်ထဲတွင် လူဟုန်ရှမ်းအား ကြင်နာစွာ ကြည့်နေ
သည်။ သူမသည် ယောကျာ်းတကာကို ထိုအကြည့်မျိုးဖြင့် ကြည့်နိုင်
လေ၏။

ဤသည်မှာ သူမ၏အစွမ်းပေတည်း။

လူဟုန်ရှမ်းသည် သူမကို ကြင်နာယုယစွာဖြင့်ဖက်ထား၏။

သူသည် လင်ဝှမ်းကိုအသည်းထဲမှ ချစ်မြတ်နိုးနေမိသည်

"ရှင်...နောင်တရနေပြီလားဟင်"

လူဟုန်ရှမ်းကပြုံးလိုက်၏။

"ကျုပ်က ဘာဖြစ်လို့ နောင်တရရမှာလဲ... မင်းကိုသာ ရ
ဘယ်ယောကျ်ားကမှ နောင်တရမှာမဟုတ်ပါဘူး"

လင်ဝှမ်းသည် သူ၏ရင်ခွင်ထဲသို့တိုးဝင်သွားလေ၏။

"တကယ်ပြောတာလားဟင်"

လူဟုန်ရှမ်းသည် သူမအား သိုင်းဖက်ထားလိုက်ပြီး သူမ၏
ပြင်ကို ကြင်နာယုယစွာနမ်းရှုပ်လိုက်သည်။

"တကယ်ပြောနေတာပါကွယ်၊ မင်းက မယုံဘူးလား"

"ယုံပါတယ်ကွယ်၊ ဒါပေမယ့် စန့်ကွမ်းကျင်းဟုန်က..."

သူမ၏စကားမဆုံးမီ လူဟုန်ရှမ်းက ကြားဖြတ်ပြောလိုက်
သည်။

"ဟား....ဟား...ဟား... ငါက စန့်ကွမ်းကျင်းဟုန်
ကြောက်ရမယ့်လူစားလားကွယ်၊ ငါက ဘယ်လိုလူစားမျိုးဆိုတာ မ
မကြာခင်သိရမှာပါ၊ ကျားနဲ့ဆင် လယ်ပြင်မှာတွေ့ကြရမှာပေါ့လေ"

"ရှင်မသိဘူး... ရှင်မသိဘူး"

လင်ဝှမ်းက ခေါင်းတွင်တွင်ခါရင်းပြောသည်။

"ဘာမသိရမှာလဲ၊ သိုင်းလောကမှာ ငါမသိတာ ဘာမှမရှိဘူ



"ရှင်ရွှေကြေးပြားဂိုဏ်းအကြောင်း မသိဘူးလား၊ ဒီဂိုဏ်းဟာ
သိုင်းလောကမှာ တန်ခိုးအကြီးဆုံးဂိုဏ်း ဖြစ်နေပြီ၊ စန့်ကွမ်းကျင်းဟုန်
ဟာ ရွှေကြေးပြားဂိုဏ်းရဲ့ဂိုဏ်းချုပ်ကြီးပဲ... သူဟာ တန်ခိုးအကြီးဆုံး
ပဲရှင့်"

"တန်ခိုးအကြီးဆုံးဂိုဏ်းချုပ်... ငါက တန်ခိုးအသေးဆုံးဂိုဏ်း
ချုပ်ဖြစ်အောင် လုပ်ပစ်လိုက်မယ်"

"စန့်ကွမ်းကျင်းဟုန်ဟာ အတော်ကိုကြောက်စရာကောင်းလို့
ရှင့်ကိုသတိပေးနေရတာပါ"

"ဟဲ... ဟဲ... ဟဲ... မင်းကငါ့ကိုတယ်ပြီး ဂရုတစိုက်ရှိနေပါ
ကလား၊ ဒါမျိုးဆိုရင် ဘယ်ယောကျ်ားမဆို ဆယ်ခါပြန်သေဖို့ကြတယ်"

လင်ဝှမ်းသည် လူဟုန်ရှမ်း၏နားနားသို့ကပ်၍ တီးတိုးပြော
သည်။

"ရှင့်ကို ကျွန်မယုံကြည်တယ်၊ စန့်ကွမ်းကျင်းဟုန်ကို သတ်ပစ်
နိုင်မယ်လို့ ရှင်သာ စန့်ကွမ်းကျင်းဟုန်ကို သတ်ပစ်နိုင်မယ်ဆိုရင် ကျွန်မ
တို့ဟာ ရွှေကြေးပြားဂိုဏ်းကိုအပိုင်စီးနိုင်ပြီပေါ့၊ အဲဒီအခါမှာ... ရှင်နဲ့
ကျွန်မ ပျော်ပျော်ကြီးနေနိုင်ပြီပေါ့ရှင်"

လူဟုန်ရှမ်းသည် လင်ဝှမ်းကိုတိုး၍ဖက်လိုက်သည်။

လင်ဝှမ်းသည် လူဟုန်ရှမ်း ရင်ခွင်ထဲ၌တမ့်မှိန်ယစ်မောနေ၏။

သူမသည် လူဟုန်ရှမ်း၏ရင်ခွင်ထဲမှရုန်းထွက်လိုက်လေ၏။

လူဟုန်ရှမ်းသည် နားမလည်နိုင်သဖြင့် လင်ဝှမ်းကို အံ့သြစွာ မေးသည်။

"မင်း ဘယ်လိုဖြစ်သွားတာလဲ"

ထိုအချိန်တွင်... ထူးဆန်းသော ခြေသံတစ်သံကိုကြားရလေတော့သည်။

ခြေလှမ်းသည် ရုတ်တရက်ရပ်တန့်သွားသည်။

စန့်ကွမ်းကျင်းဟုန်သည် ထင်းရှူးပင်တစ်ပင်အောက်တွင် ရပ်နေသည်။

သူသည် ရေခဲတောင်တစ်ခုပမာ ရပ်နေသည်။

လူဟုန်ရှမ်းသည် သက်ပြင်းတစ်ချက်ရှိုက်လိုက်သည်။

"စန့်ကွမ်းကျင်းဟုန် ဟုတ်လား"

စန့်ကွမ်းကျင်းဟုန်က မဖြေချေ။

သူကပြန်မေးသည်။

"လူဟုန်ရှမ်း ဟုတ်လား"

"ဟုတ်တယ်"

လူဟုန်ရှမ်းသည်... ပြန်ပြောပြီးမှ ပြောမိသည်ကို နောင်တရသွားသည်။

သူသည် စန့်ကွမ်းကျင်းဟုန်ကို အရင်ဆုံးမေးလိုက်သည်။

စန့်ကွမ်းကျင်းဟုန်က မဖြေပေ။



မဖြေဘဲ သူ့ကိုပင် ထပ်ကွန့်မေးလိုက်သည်။

သူကဖြေမိသွားသည်။ သူ့အရှုံးပင်။

စကတည်းက ယဉ်တစ်ကိုယ်ဆိုသကဲ့သို့ သူရှုံးသွားခဲ့ပေပြီ။

စန့်ကွမ်းကျင်းဟုန်က မဲ့ပြုံးပြုံးပြီး...

"မင်းမဆိုးဘူး။ ငါကတော်ရုံတန်ရုံလူနဲ့ မပြိုင်ဘူး။ ဒါပေမယ့် မင်းလိုလူမျိုးအတွက်တော့ ငါယှဉ်ပြိုင်ထိုက်တယ်လို့ ယူဆတယ်"

လူဟုန်ရှမ်းကလည်း မဲ့ပြုံးပြုံးလိုက်သည်။

"မင်းသာ စန့်ကွမ်းကျင်းဟုန်မဟုတ်ရင် ငါကလဲ မင်းကိုပြိုင်ဖို့ စိတ်တောင်မကူးဘူး။ မင်းဟာ ရွှေကြေးပြားဂိုဏ်းချုပ်ကြီးဖြစ်နေတာကလဲ ငါမင်းကိုယှဉ်ပြိုင်ဖို့ စိတ်ကူးမိစေတာပဲ"

သူသည် ထိုသို့ပြောလိုက်ပြီးမှ သူ၏ရှင်းလင်းချက် များသွားသည်ကို သတိရမိလေ၏။

ဤမျှရှင်းလင်းချက်ပေးရန် မလိုအပ်ပေ။

သူတစ်ခွန်း ကိုယ်တစ်ခွန်းသာပြောရမည့်အချိန်ဖြစ်၏။

စန့်ကွမ်းကျင်းဟုန်သည်...

အတန်ကြာငြိမ်သက်နေပြီးမှ လင်ဝှမ်းကိုကြည့်လိုက်သည်။

သူ၏ရှုးရှတောက်ပသောမျက်လုံးအစုံသည် ကြောက်မက်ဖွယ်ရာ ကောင်းလှသည်။

လင်ဝှမ်း ရင်ထိတ်သွား၏။

မကြာမီအချိန်အတွင်း... ထိုယောကျ်ားနှစ်ယောက်အနက်မှ တစ်ယောက်ယောက်သေ...ပေါ်မည်ဟု သူမ ယုံကြည်မိသည်။

"မင်း... ငါ့သိလာစမ်း"

စန္ဒကွမ်းကျင်းဟုန်သည် လင်ဝှမ်းအား ခက်ထန်မာကျောစွာ ဖြင့်လှမ်းခေါ်လိုက်သည်။

လင်ဝှမ်းသည် ရှတ်တရက်ငိုင်သွား...။

သူမသည် လူဟုန်ရှမ်းအား တစ်ချက်ကြည့်လိုက်သည်။

ထို့နောက်... စန္ဒကွမ်းကျင်းဟုန်အား ကြည့်လိုက်ပြန်သည်။

လူဟုန်ရှမ်းက မဲ့ပြုံးပြုံးလိုက်သည်။

"မင်းမခေါ်နဲ့ သူချစ်တာငါ့ကိုကွ၊ မင်းဆီကိုဘယ်တော့မှလာ မှာမဟုတ်ဘူး"

စန္ဒကွမ်းကျင်းဟုန်သည် တဟားဟားအော်ရယ်သည်။

"သူဘယ်သူ့ကိုမှမချစ်ဘူးကွ၊ သူအသုံးချလို့ရမယ့်သူကိုသာ သူကယ်တာ၊ ငါခေါ်နေတယ်၊ လာခဲ့စမ်း"

လင်ဝှမ်းသည် ထိုသူနှစ်ယောက်အနက် မည်သူ့ကိုရွေးချယ် ရမည်မှန်းမသိ ဖြစ်သွားသည်။

သူမသည် တစ်ယောက်ယောက်ကို ရွေးချယ်ရပေလိမ့်မည်။

မည်သူ့ အသက်ရှင်ကျန်ရစ်မည်နည်း။

ထိုသူကိုသာ သူမ ရွေးရပေလိမ့်မည်။



အရွေးချယ်မှားလျှင် သူမ အသတ်ခံပေလိမ့်မည်။

အလွန့်အလွန်အရေးကြီးသော ရွေးချယ်မှုပင်ဖြစ်သည်။

သူတို့နှစ်ယောက်အနက်...

မည်သူကသေပြီး မည်သူကအသက်ရှင်ကျန်ရစ်မည်နည်း။

စန္ဒကွမ်းကျင်းဟုန်သည် ငြိမ်သက်စွာရပ်လျက်ရှိသည်။

သူသည် သူ့ကိုယ်သူအပြည့်အဝယုံကြည်မှုရှိနေ၏၊ ဟန်ပန် မာန်နှင့်ကြည့်နေ၏။

လူဟုန်ရှမ်းမှာ ဂဏှာမငြိမ်ဖြစ်နေသည်။

သူ့ဆီသို့ လင်ဝှမ်းလာမလာပါ့မလားဟု တွေးနေသည်။

လင်ဝှမ်းသည်... လူဟုန်ရှမ်းအား အလွန်ခွဲမက်ဖွယ်ကောင်း သောအပြုံးကို ပြုံးပြလေသည်။

သူမသည် ထိုအပြုံးမျိုးကို အလွန်တရာပြုံးပြတတ်သည်။

လူဟုန်ရှမ်း စိတ်အနည်းငယ်သက်သာရာရသွား၏။

လင်ဝှမ်း ပြုံးပြပေပြီ။

သူ့ထံသို့ လင်ဝှမ်းလာပေတော့မည်။

လင်ဝှမ်းသာ သူ့ဘေးနားမှာရှိလျှင် ဘယ်ယောကျ်ားကိုမျှ သူ မမှုတော့ပေ။

သိကြားမင်း နားကင်းကြီးနှင့်ဆင်းလာလျှင်ပင်... သူသည် သိကြားမင်းကို သုတ်သင်ပစ်နိုင်မည်ဟုယုံကြည်သည်။

သို့သော်.... လင်ဝှမ်းသည် စန့်ကွမ်းကျင်းဟုန်ထံသို့ ပြေးလွှားသွားလေ၏။

ထိုအဖြစ်ကို မြင်လိုက်ရသောလူဟုန်ရှမ်းမှာ အသည်းနှလုံးများကြေမွသွားသကဲ့သို့ခံစားလိုက်ရတော့၏။

သူသည် ဘဝတစ်လျှောက်လုံးတွင် တစ်ခါမျှ မရှုံးဘူးခဲ့ပေ။

သူသည် ယခုအခါ ပထမဆုံးအကြိမ် ဆုံးရှုံးလိုက်ရပေပြီ၊ ဆုံးရှုံးရသော အရာသကား လွန်စွာခါးသီးလှပေသည်။

လင်ဝှမ်းသည် သူ့ကို ဤသို့ပြုမူရက်ပေသည်တကား။

သူ့လက်များသည် တုန်ယင်နေလေသည်။

ဤမျှတုန်ယင်နေသောလက်ဖြင့် မည်သည့်ဓားကိုကိုင်နိုင်ပါမည်နည်း။

သူမည်သည့်ဓားကိုမျှ တည်တည်ငြိမ်ငြိမ်ဖြင့် မကိုင်နိုင်ပါ။

စန့်ကွမ်းကျင်းဟုန်က သူ့အား အေးစက်စွာကြည့်လိုက်သည်။

"မင်း... ရှုံးသွားပြီ"

သူသည် တစ်ခွန်းချင်းပြောချလိုက်၏။

လူဟုန်ရှမ်းမှာ လက်သာမက တစ်ကိုယ်လုံးတုန်တုန်ယင်ယင်ဖြစ်သွားတော့သည်။

စန့်ကွမ်းကျင်းဟုန်သည်... လူဟုန်ရှမ်းကိုမကြည့်တော့ဘဲ လှည့်ထွက်သွားလေတော့သည်။



လင်ဝှမ်းကား တကယ့်လင်ဝှမ်းဖြစ်သည်။

သူ ကံလည်းကောင်းသည်။

သူသည် နိုင်မည့်သူကိုရွေးချယ်မိသွားသည်။

သူမသည် လူဟုန်ရှမ်းကိုကြည့်လိုက်ပြီး...

"ရှင် ရှုံးသွားမှတော့ လဲသာသေလိုက်ပေတော့"

သူမသည် ထိုစကားကိုပြောပြီးသည်နှင့် စန့်ကွမ်းကျင်းဟုန်နောက် ပြေးလိုက်သွားလေသည်။

ထိုပြိုင်ပွဲသည် ထိပ်တိုက်မယှဉ်ပြိုင်ရဘဲနှင့် လူဟုန်ရှမ်းရှုံးနိမ့်သွားရခြင်းပေတည်း။

သူသည် ဓားအားလွှင့်ပစ်ပြီး မြေကြီးပေါ် ဒူးထောက်ထိုင်ချကာ မြေကြီးနှင့်မျက်နှာအပ်ပြီး ငိုချလိုက်လေတော့သည်။

~✻~

မာယာပရိယာယ်အသွယ်သွယ်

လင်ဂွမ်းသည် စန့်ကွမ်းကျင်းဟုန်၏လက်ကိုဆွဲ၍ ကန္တကလျ လိုက်ပါသွားသည်။

သူမ၏ရွှေတောင်ကြီးသည် စန့်ကွမ်းကျင်းဟုန်ဖြစ်သွားပေပြီ။

"ရှင့်ကိုတော့ ကျွန်မချီးကျူးပါတယ်"

စန့်ကွမ်းကျင်းဟုန်သည် သူမကိုတစ်ချက်ကြည့်လိုက်၏။

"ဘာဖြစ်လို့လဲ"

"ချင်းသက်မှဲ့ဟာ ဘယ်လောက်လက်မြန်သလဲ၊ ဓားချက်နဲ့ ထိလိုက်တဲ့လူဟာ သူဘယ်အချိန်က ဓားချက်ထိသွားသလဲဆိုတာ တောင် မသိလိုက်ရဘူး၊ အခု ရှင်က ဘာမှမလုပ်ဘဲနဲ့တောင် တစ်ဖက် လူ အရှုံးပေးသွားရပြီမဟုတ်လား"

"ဒါကတော့... ငါနဲ့လက်ရည်တူယှဉ်ပြိုင်ရမယ့်သူမှ မတွေ့ရ



သေးဘဲကိုး"

"ဟုတ်ပါတယ်... ဒါကို ကျွန်မသိပါတယ်၊ ရှင်နဲ့ပြိုင်ဘက်ဟာ ဒီလောကကြီးမှာ တစ်ယောက်တည်းပဲရှိတယ်"

"ဘာလဲ... မင်းကလီရင်ဆိုင်ကို ဆိုလိုတာလား"

"ဟုတ်တယ်ရှင့်၊ လီရင်ဆိုင်ကလွဲလို့ တခြားဘယ်သူရှိဦးမှာ လဲ၊ ကျွန်မကြည့်နေတယ်၊ သူလဲကျသွားမယ်၊ သေမယ်လို့ထင်နေတယ်၊ ဒါပေမယ့်... သူပြန်ထလာတာပဲ၊ သူဟာ ပစ်တိုင်းထောင်လိုလူမျိုးပဲ"

"မင်း လီရင်ဆိုင်ကို တော်တော်စိတ်ဝင်စားနေသလား"

"ဟုတ်တယ်... ကျွန်မ သူ့ကိုစိတ်ဝင်စားတာပေါ့၊ သူဟာ ဘယ်လိုမှဖြားယောင်းလို့မရတဲ့သူရှင့်၊ ယောကျ်ားတော့ ယောကျ်ားပဲ၊ သူ့လိုယောကျ်ားမျိုး တကယ်ရှားတယ်၊ သူ့ကိုမှ ကျွန်မ စိတ်မဝင်စားရင် ကျွန်မ သေသွားမှာပေါ့"

"နေစမ်းပါဦး၊ ငါမေးစမ်းပါရစေဦး၊ မင်းက လီရင်ဆိုင်ကို ချစ် နေတာလား၊ မုန်းနေတာလား၊ ကြောက်နေတာလား၊ တစ်ခုခုတော့ တစ်ခုခုပဲ၊ ငါ့ကိုပြောစမ်းပါ"

"ဘာလဲ... ရှင်လဲသဝန်ကြောင်တတ်နေပြီလား"

"မင်းရဲ့အဝိုးကရော သဝန်မကြောင်ဘူးလား"

"သူလဲ သဝန်ကြောင်တာပေါ့ရှင်"

"နေစမ်းပါဦး၊ မင်းက အဝိုးကိုမသတ်ရဘူးလား"

"ဒါကတော့ ချင်းသက်မဲ့ကိုမေးကြည့်ပေါ့။ သူအဝိုးကို ဘာဖြစ်လို့ မသတ်တာလဲလို့"

စန်းကွမ်းကျင်းဟုန်မှာ ပါးစပ်ပိတ်သွားလေတော့၏။

အတန်ကြာမှ လင်ဝှမ်းကပြောသည်။

"သူဟာ သိုင်းလောကမှာ နံပါတ်သုံးဖြစ်တယ်ဆိုတာ ကျွန်မသိပါတယ်၊ သူဟာ နံပါတ်နှစ်ဖြစ်နိုင်တဲ့သူပါ၊ ဒါပေမယ့်.... အခွင့်အခါသင့်တာနဲ့တစ်ပြိုင်နက် သူ့ကို ကျွန်မရှင်းပစ်မှာပါ"

စန်းကွမ်းကျင်းဟုန်သည် သူမကို စေ့စေ့ကြည့်လိုက်၏။

လင်ဝှမ်းသည် သူ့ရင်ခွင်ထဲသို့တိုးဝင်လာသည်။

"ဘာလဲ...ရှင်က ကျွန်မကို မယုံဘူးလား"

ထိုစဉ်....

စန်းကွမ်းကျင်းဟုန်၏ခေါင်းသည် ဆတ်ခနဲမော့လာလေ၏။

လင်ဝှမ်းနှင့်စကားပြောနေသဖြင့် သူသတိတစ်ချက်လစ်သွားခဲ့သည်။

လူတစ်ယောက် လမ်းလျှောက်လာသံကိုကြားလိုက်ရသည်။

မာကျောသောအသံတစ်သံသည် သူ့နောက်ကျောမှ ထွက်ပေါ်လာသည်။

"ကျုပ်ဘယ်တော့မှ နောက်ကနေ လူကိုမသတ်ဘူး၊ သတ်လဲ မသတ်ခဲ့ဖူးဘူး၊ ဒါပေမယ့်... ဒီတစ်ခါတော့ ကျုပ်သတ်ရလိမ့်မယ်"



ထိုလူ၏အသံသည် ဒေါသကြောင့်တုန်ခါနေသည်။

ဒေါသသည် ဘာကိုမှမမြင်အောင် ပိတ်ပင် ကွယ်ဆီးတတ်သည်။

သို့သော်... စန်းကွမ်းကျင်းဟုန်သည် လုံးဝကျွေမြေမပျက်ချေ။

သူသည် သေဘေးကို အကြိမ်ကြိမ်တွေ့ခဲ့ဖူးသည်။

ထိုသေဘေးမှလည်း လွတ်မြောက်ဖူးသည်။

သူ့နောက်ကျောကို ချွန်မြသောဓားဦးတစ်လက် ထောက်ထားကြောင်း စန်းကွမ်းကျင်းဟုန်သိလိုက်ရ၏။

လင်ဝှမ်းသည် မျက်လုံးပြူးသွားသည်။

သူမသည် စန်းကွမ်းကျင်းဟုန်၏ရင်ခွင်ထဲမှ ရုန်းထွက်လိုက်လေသည်။

သူမသည် အဝိုးကိုပြေးဖက်လေ၏။

"ခြိမ်း..."

အဝိုး၏လက်ထဲမှဓားသည် လင်ဝှမ်းနှင့်တိုက်မိပြီး မြေပေါ်သို့ကျသွားလေသည်။

လင်ဝှမ်းသည် အဝိုးအား တင်းကျပ်စွာဖက်ထားလေသည်။

"အစ်ကိုလတ်...အစ်ကိုလတ် ပြန်လာသေးတယ်နော်၊ အစ်ကို ပြန်လာမယ်ဆိုတာ ညီမသိတယ်၊ ယုံကြည်တယ်"

သူမသည် အဝိုးကျေနပ်စေရန် ထပ်တလဲလဲတောင်းပန်နေ

လေ၏။ သူမအသံသည် ရေခဲတောင်ကိုပင် အရည်ပျော်သွားစေနိုင်သည်မဟုတ်ပါ...လော။

အဝိုးရင်ထဲတွင် ဖြစ်ပေါ်နေသောဒေါသများသည်....

တဖြည်းဖြည်း အရည်ပျော်ကျသွားလေ၏။

စန္ဒကွမ်းကျင်းဟုန်သည် မြေကြီးပေါ်ကျသွားသည့် အဝိုး၏ဓားကို ခြေထောက်ဖြင့်ထောက်တင်ပြီး ကောက်လိုက်လေသည်။

ဓားသည် လက်ခနဲဖြစ်သွားပြီး စန္ဒကွမ်းကျင်းဟုန်၏လက်ထဲသို့ရောက်သွား၏။

သူသည် ဓားကိုရှိန်ဆကြည့်နေသည်။

သူသည် အဝိုးအား စေ့စေ့ကြည့်ပြီး...

"မင်းကဘယ်သူလဲ"

သူသည် ဓားကိုဆန့်တန်းပြပြီး...

"မင်းက ငါ့ကိုဒီဓားနဲ့သတ်ဖို့စိတ်ကူးသလား"

"ဟုတ်တယ်"

စန္ဒကွမ်းကျင်းဟုန်က ခေါင်းခါယမ်းလိုက်သည်။

"ဒီဓားက လူကိုမသတ်နိုင်ပါဘူး"

"ဘာ..."

"ဒီဓားနဲ့ ငါ့ကိုသတ်ဖို့ မင်းကြံတယ်မဟုတ်လား... ဒါပေမယ့်မင်း မသတ်နိုင်ဘူးဆိုတာကို ငါပြောတာ"



"ဘာဖြစ်လို့လဲ"

စန္ဒကွမ်းကျင်းဟုန်သည် ဓားသွားဆက်မှကိုင်ပြီး ဓားရိုးကိုပေးလေသည်။

လင်ဝှမ်းသည် အလွန်ကျမ်းကျင်မှုဖြင့် ကြားထဲမှ ဓားကိုဖြတ်လိုက်သည်။

သူမသည်လည်း အလွန်ကျမ်းကျင်သော ဓားသမားတစ်ဦးမဟုတ်ပါလော။

သူမသည် အဝိုးအားကြည့်လိုက်ပြီး...

"ရှင်က သူ့ကိုသတ်မယ်ဟုတ်လား၊ ရှင်သတ်မဲ့လူကိုလည်းသေချာချာကြည့်ပါဦး၊ ဘယ်သူလဲဆိုတာ..."

အဝိုးသည် အံ့သြသွားသည်။

သူသည် မှင်တက်သွားသည်။

သူသည် လင်ဝှမ်းကိုပြန်ကြည့်သည်။

"သူဟာ ကျွန်မရဲ့ကျေးဇူးရှင်ပဲ"

သူမသည်း ဖြောင်လိမ်လိုက်သည်။

သူမသည် လိမ်ညာသည့်နေရာတွင် အခေါင်ပထမဖြစ်၏။

ပြည့်သည့်အခါမှ ဒုတိယမဖြစ်ခဲ့ပါချေ။

အဝိုးသည် အကြီးအကျယ်အံ့သြသွားသည်။

"ကျေးဇူးရှင်ဟုတ်လား"

"ဟုတ်ပါတယ်ရှင်၊ ကျေးဇူးရှင်ပါ... လူဟုန်ရှမ်းက ကျွ
အမျိုးမျိုးနှိပ်စက်နေတာပါ။ ကျွန်မကို ဘယ်မှမသွားရဘူးတဲ့၊ စိတ်
ရဲလိုက်တာလေ၊ မပြောပါနဲ့တော့၊ ကျွန်မ လူဟုန်ရှမ်းလက်ထဲမှာ
သေးရင် ခုလောက်ဆိုရင် ရှင်တွေ့ရမှာ မဟုတ်တော့ပါဘူး"

လင်ဝှမ်းသည်ပြောရင်း မျက်ရည်များကျလာလေ၏။

အဝိုးသည် လင်ဝှမ်းထံမှ မမျှော်လင့်သောစကားကို
လိုက်ရသည့်အတွက် အံ့အားသင့်သွား၏။

သူသည် ကြောင်၍ကြည့်နေမိ၏။

တစ်ခုတော့ရှိသည်။

စန့်ကွမ်းကျင်းဟုန်သည် လူဟုန်ရှမ်းကိုသတ်လိုက်
တွက် စန့်ကွမ်းကျင်းဟုန်၏ရင်ခွင်ထဲဝင်ငိုနေခြင်းဖြစ်နိုင်သည်

~❀~



သူပထမရောက်လာစဉ်က လင်ဝှမ်းသည် စန့်ကွမ်းကျင်းဟုန်
ရင်ခွင်ထဲနေရောက်နေခဲ့သည် မဟုတ်ပါလော။

သို့သော်... သူသည် လင်ဝှမ်းကို အလွန်သန့်ရှင်းဖြူစင်သည့်
လေးတစ်ယောက်အဖြစ်ယူဆထားရာ စန့်ကွမ်းကျင်းဟုန်၏ရင်
၌မြင်လိုက်ရသောအခါ သူ့ရင်သည် မခံနိုင်အောင်တုန်လှုပ်သွား
သည်။

လင်ဝှမ်းက ဆက်ပြောနေသည်။

"သူက ကျွန်မရဲ့အသက်ကိုကယ်ခဲ့တဲ့အတွက် ရှင်က သူ့ကို
ဇူးဆပ်ဖို့ကောင်းပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မဟာ ရှင့်ရဲ့
က်မဟုတ်လား၊ ကျွန်မသိတာပေါ့၊ ကိုယ့်ကျေးဇူးရှင်ကို ကိုယ်ပြန်
တယ်ဆိုတာ လူကြားလို့မတော်ပါဘူး"

စန့်ကွမ်းကျင်းဟုန်သည် လီရင်ဆိုင်ကဲ့သို့ လင်ဝှမ်းအကြောင်း
ကောင်းကောင်းသိသူဖြစ်သည်။

သို့ရာတွင် သူနှင့်လီရင်ဆိုင်ကွာခြားချက်မှာ လင်ဝှမ်းကိုအသုံး
အပေါ်မူတည်သည်။

စန့်ကွမ်းကျင်းဟုန်သည် လင်ဝှမ်းကိုအမျိုးမျိုးအသုံးချသည်။

လင်ဝှမ်းသည် အလွန်ချောမော၏။

အတွေ့အထိ လွန်စွာကောင်း၏။

ထို့အတူ... လွန်စွာမာယာများ၏။

ပရိယာယ်များ၏။

လွန်စွာ ကောက်ကျစ်စဉ်းလဲ၏။

အဖိုးသည် စန္ဒကွမ်းကျင်းဟုန်ကိုကြည့်လိုက်၏။

"ခင်ဗျား သူ့အပေါ် မှာရှိတဲ့ကျေးဇူးကို ကျုပ်ဆပ်မယ်"

စန္ဒကွမ်းကျင်းဟုန်က ပြုံးလိုက်သည်။

"မင်း ဘာနဲ့ဆပ်မှာလဲ"

စန္ဒကွမ်းကျင်းဟုန်က သူ့ဓားကိုကမ်းပေးလိုက်၏။

"ဘယ်လိုပဲဆပ်ရဆပ်ရ... ကျုပ်ဆပ်မယ်"

"ဒါဖြင့် ငါ့အတွက် လူသတ်ပေးရမယ်"

"ကျုပ်ဘယ်သူ့ကိုသတ်ပေးရမှာလဲ"

"လူသတ်မယ်လို့ဆုံးဖြတ်ပြီးမှတော့ ဘယ်သူဖြစ်ဖြစ်ပေါ့

"ဒီလိုမဖြစ်နိုင်ဘူး၊ ဒီလောကထဲမှာ ကျုပ်မသတ်နိုင်တဲ့

နေတယ်"

"ဘယ်သူလဲ"

"လီရင်ဆိုင်"

စန္ဒကွမ်းကျင်းဟုန်သည် စဉ်းစားနေလေ၏။

"လီရင်ဆိုင်ကို ကျုပ်မသတ်ချင်ဘူး၊ ဒါပေမယ့် သတ်လ

မသတ်နိုင်ပါဘူး၊ သူ့ကို ခိုးကြောင်ခိုးဝှက်သတ်ရင်တော့ ဖြစ်တ

ဒါပေမယ့်... သူ့ယ်လိုမှ ကျုပ်မသတ်နိုင်ဘူး၊ ဒါကို ကြို့တင်ပြော



ပါရစေ"

"မင်းက... လီရင်ဆိုင်ကို ခိုးကြောင်ခိုးဝှက်သတ်ရမှာ တစ်ခု

တည်းနဲ့ မသတ်ချင်တာလား"

"ဒါတစ်ခုတည်းမဟုတ်ဘူး၊ သူ့ကျေးဇူးတွေက ကျုပ်အပေါ်

အများကြီးရှိတယ်၊ သူဟာ ကျုပ်ရဲ့အစ် ကြီးတစ်ယောက်လိုပါပဲ"

"ကောင်းပြီ၊ ဒါဖြင့် ငါ့နောက်လိုက်ခဲ့ပေတော့"

စန္ဒကွမ်းကျင်းဟုန်သည် ပြောပြီးသည်နှင့် ချာခနဲလှည့်ထွက်

သွားလေသည်။

အဖိုးနှင့်လင်ဝှမ်းတို့သည် သူ့နောက်မှလိုက်သွားကြလေ၏။

စန္ဒကွမ်းကျင်းဟုန်နှင့် လိုက်လာခဲ့သောချင်းသက်မဲ့မှာ ခြေ

လှမ်း မညီမညာဖြစ်ပြီး စန္ဒကွမ်းကျင်းဟုန်က ခြေအသာဖြင့်ထွက်သွားခဲ့

သောအခါ သူသည် ထိုနေရာ၌ပင် ရပ် နေရစ်ခဲ့သည်။

သူသည် ထိုနေရာ၌ပင် မလှုပ်မယှက်ရပ်စောင့်နေသည်။

ညနေစောင်းသွားသည်။

နေဝင်သွားသည်။

ကြယ်ကလေးများပင် ထွက်လာသည်။

သူသည် ထိုနေရာမှ တစ်ဖဝါးမှမရွေ့ဘဲ စန္ဒကွမ်းကျင်းဟုန်

ကို ရပ်စောင့်နေခဲ့လေသည်။

ယခု စန္ဒကွမ်းကျင်းဟုန်သည် သူ့အနီးသို့ ပြန်ရောက်လာခဲ့

လေပြီ။ သူနောက်ပါး၌ အဗိုးနှင့်လင်ဝှမ်းတို့ကို တွေ့လိုက်ရသောအခါ သူလက်များ အေးစက်သွားသည်။

စန့်ကွမ်းကျင်းဟုန်သည် သူ့ရှေ့၌ရပ်တန့်လိုက်၏။

သူသည် ဓားအိမ်မပါသော ချင်းသက်မှဲ၏ဓားကို ဆွဲထုတ်လိုက်၏။

"ဒီဓားကို မင်းမသုံးတော့ဘူး မဟုတ်လား"

ဤမေးခွန်းကား နိမိတ်ပြမေးခွန်းပင်...

သူသည် ချင်းသက်မှဲကို မလိုချင်တော့ချေ။

ထို့ကြောင့်... နိမိတ်ပြမေးခွန်း မေးလိုက်ခြင်းဖြစ်သည်။

ချင်းသက်မှဲသည် မည်သည့်အခါကမျှ စန့်ကွမ်းကျင်းဟုန်ကို မဆန့်ကျင်ခဲ့ပေ။

ယခုလည်း... အစဉ်အလာအတိုင်း ခေါင်းညိတ်လေ၏။

"ဟုတ်ပါတယ်"

စန့်ကွမ်းကျင်းဟုန်သည် ထိုဓားကိုယူပြီး ထွက်ခွာသွားလေ၏။ ချင်းသက်မှဲကား အရာကျသွားပေပြီ။

ချင်းသက်မှဲကို စန့်ကွမ်းကျင်းဟုန်မသုံးတော့ပေ။

သူ မသုံးလျှင် ထိုသူသည် မြောင်းထဲသို့ရောက်သွားပေပြီ။

အဗိုးနှင့်လင်ဝှမ်းတို့သည် စန့်ကွမ်းကျင်းဟုန်နောက်မှ လိုက်ပါသွားကြ၏။



လင်ဝှမ်း၏မျက်လုံးများသည် ချင်းသက်မှဲ၏အညိုရောင်မျက်လုံးများကိုကြည့်ပြီး လှောင်ပြုံး ပြုံးသွားလေ၏။

ချင်းသက်မှဲတစ်ယောက်တည်း မလှုပ်မယှက်ကျန်ရစ်ခဲ့သည်။

ချင်းသက်မှဲ ခေါင်းငုံ့နေ၏။

မကြာမီ... လေများတိုက်ခတ်လာသည်။

ထို့နောက်... ဂုတ်တရက်မိုးရွာချတော့သည်။

ကောင်းကင်တစ်ပြင်လုံး မှောင်မည်းလာ၏။

စောစောက ကြယ်ကလေးများသည် ငုံ့စမြုပ်စပျောက်ကွယ်သွားပြီး တစ်ချက်တစ်ချက် ဝင်းလက်သွားသော လျှပ်စစ်အလင်းရောင်ကြောင့် မိုးရွာထဲ၌ ဟန်အမူအရာကင်းမဲ့စွာရပ်နေသော ချင်းသက်မှဲကို တွေ့နိုင်ကြခြင်းဖြစ်သည်။

သို့သော်... သူသည် ယခင်က ချင်းသက်မှဲမဟုတ်တော့ချေ။

ရွှေကြေးပြားကိုဏ်း၌အရာကျသွားသော ချင်းသက်မှဲသာ ဖြစ်လေသည်တကား။

## ကတိတည်သောလူ

အခန်းထဲတွင် မီးရောင်များထိန်ထိန်လင်းလျက်ရှိ၏။

အပြင်ဘက်၌မိုးရွာနေသော်လည်း အဆောက်အအုံတံခါးများမှာ လုံခြုံလှသဖြင့် မိုးသံလေသံကို အနည်းအပါးသာကြားရသည်။

စန့်ကွမ်းကျင်းဟုန်သည်... ချင်းသက်မဲ့ထံမှ ယူဆောင်လာသောဓားကို အဝိုးလက်သို့ပေးအပ်လိုက်၏။

"ရော့... ဒီဓားကိုယူ"

အဝိုးသည် ဓားကိုယူပြီးစစ်ဆေးလိုက်၏။

"ဒီဓားကို ကြိုက်သလား"

အဝိုးသည် ဓားကိုကြည့်ပြီးသက်ပြင်းချသည်။

"သိပ်ကောင်းတဲ့ဓားပဲ"

"မင်းကြိုက်ရင်ယူထားပါ"



"ဒီဓားက သူများရဲ့ဓားပဲ၊ ကျုပ်ဓားမှမဟုတ်တာ၊ ကျုပ်ဓားမဟုတ်ရင် ကျုပ်မလိုချင်ဘူး"

"မင်းပဲ ငါ့အတွက်လူသတ်ပေးမယ်လို့ပြောတယ်၊ အဲဒီတာဝန်ကိုယူရင် ဒီဓားကိုလက်ခံထားရမှာပေါ့"

အဝိုးသည် ဓားကိုလက်ခံယူလိုက်၏။

"ကျုပ်က ဘယ်သူ့ကိုသတ်ပေးရမှာလဲ"

"စိတ်ချပါ၊ ငါက မင်းနဲ့ရင်းနှီးတဲ့လူတွေကို မသတ်ခိုင်းပါဘူး။ သူစိမ်းကိုသာသတ်ခိုင်းမှာပါ"

သူသည် ပြောပြီးသည်နှင့် ချာခနဲလှည့်ထွက်သွားတော့သည်။

သူသည် တံခါးကိုပြန်စေ့သွားသည်။

အတွင်းမှ အဝိုးနှင့်လင်ဝှမ်းတို့သည် စန့်ကွမ်းကျင်းဟုန်၏ စကားကိုကြားလိုက်ရသည်။

"ဒီညသည်နှစ်ယောက်ဟာ ငါ့အတွက် အရေးကြီးတဲ့ဧည့်သည်တွေပဲ၊ သူတို့ကို ကောင်းကောင်းပြုစုပါ၊ သူတို့အလိုရှိတာ ပေးလိုက်ပါ"

ခြေသံကြားပြီး မကြာမီ ခြေသံပျောက်သွားသည်။

ယခုအခါ အခန်းထဲ၌ အဝိုးနှင့်လင်ဝှမ်းတို့ နှစ်ဦးတည်းသာ ကျန်ရှိတော့သည်။

အခန်းထဲတွင် ခုတင်တစ်လုံးရှိသည်။

စားပွဲကုလားထိုင် အပြည့်အစုံရှိသည်။

လင်ဝှမ်းက အဝိုးအား ကြည့်ပြီး..

"ရှင်တကယ်ပဲ သူ့အတွက် လူသတ်ပေးတော့မှာလား"

အဝိုးက ပြန်မေးသည်။

"မင်းပဲ သူ့ကိုကျေးဇူးဆပ်ဖို့လိုတယ်ဆို၊ ဒီတော့ ငါ ကတိပေးလိုက်ရတာပေါ့၊ ငါ့ကတိကိုတော့ ငါလိုက်နာရမှာပေါ့"

"သူက ရှင့်ကို ဘယ်သူ့သွားသတ်ခိုင်းမယ်လို့ထင်သလဲ"

"သူ မပြောဘဲ ဘယ်သိပါ့မလဲ"

"ရှင် စဉ်းစားလို့မရဘူးလား"

"သူ့စိတ်ထဲမှာရှိတဲ့ကိစ္စကို ဘယ်လို စဉ်းစားလို့ရမှာလဲ"

"ကျွန်မကတော့ စဉ်းစားလို့ရတယ်"

"မင်း ရိပ်မိတယ်ဟုတ်လား"

"ဟုတ်တယ်၊ ရိပ်မိတယ်"

"ဒါဖြင့်... ဘယ်သူဖြစ်နိုင်မလဲ"

"ကျွန်မ အတွေးမမှားဘူးဆိုရင် သူ ရှင့်ကိုသွားသတ်ခိုင်းမယ့်လူဟာ လုံရှောင်ရင်းပဲဖြစ်မယ်"

အဝိုး အံ့အားသင့်သွားသည်။

"လုံရှောင်ရင်း ဟုတ်လား၊ လုံရှောင်ရင်းနဲ့ သူတို့နဲ့ မဟာမိတ်ဖွဲ့ဖို့ကို အတင်းတွန်းအားပေးနေတယ်"



အဝိုး မျက်မှောင်ကြုတ်သွားသည်။

"သူ့လက်အောက်မှာ လူတော်တော်များများရှိတာပဲ၊ ဘာဖြစ်လို့ ငါ့ကိုသတ်ခိုင်းရတာလဲ"

"ဒီလိုရှိတယ်၊ ရှင်က ဘာမှမသိတဲ့လူမဟုတ်လား၊ နောက်ပြီး နောက်နှစ်ရက်ဆိုရင် လဆန်းတစ်ရက်နေ့လေ"

"လဆန်းတစ်ရက်နေ့ ဘာဖြစ်သလဲ"

"လဆန်းတစ်ရက်နေ့ဟာ စန့်ကွမ်းကျင်းဟုန်နဲ့ လုံရှောင်ရင်းတို့ မဟာမိတ်ဖွဲ့မယ့်နေ့လေ"

အဝိုးသည် မျက်မှောင်ကြုတ်သွားပြန်သည်။

"စန့်ကွမ်းကျင်းဟုန်က ရှုံးနေသလား၊ သူက ထိပ်ဆုံးကလူပဲ၊ ထိပ်ဆုံးကလူနဲ့ အောက်ကလူ မဟာမိတ်ဖွဲ့တာ သဘာဝ မကျပါဘူး"

"သူက ဒါကြောင့်မို့ လူသတ်ချင်နေတာပေါ့၊ လုံရှောင်ရင်းက သူ့ကို အကျပ်ကိုင်နေတာလို့ထင်တယ်"

အဝိုးသည် နှာခေါင်းရှုံ့လိုက်သည်။

"သူ မခိုင်းလဲ ငါက ဒီလူ့ကိုသတ်ချင်နေတာပဲ၊ ဒီလူက လီရှင်ဆိုင်ကို တစ်ခါကူညီပြီး အခါနှစ်ဆယ်လောက် ဒုက္ခပေးနေတဲ့လူ"

"ရှင်က သူ့ကိုသတ်ပြီးရင် စန့်ကွမ်းကျင်းဟုန်ကလဲ ရှင့်ကို အသက်ရှင်လျက် ထားမှာမဟုတ်ပါဘူး"

"ဘာဖြစ်လို့"

"သူက ရှင့်ကိုသတ်ပစ်မယ်၊ အကြောင်းကတော့ သူသတ်နိုင်းတဲ့ သတင်းစကား မပေါက်ကြားအောင်ပေါ့၊ နောက်ပြီး... အများကထင်ကြမယ်လေ၊ ရှင်... လီရင်ဆိုင်အတွက် ကလဲ့စားချေလို့ အသက်ဆုံးရှုံးရတယ်ပေါ့"

အဝိုးသည် ပါးစပ်ပိတ်နေလေတော့သည်။

လင်ဝှမ်းပြောသည်မှာ အကျိုးအကြောင်းဆီလျော်သည်။

လင်ဝှမ်းသည် အဝိုး၏ရင်ခွင်ထဲသို့ တိုးဝင်လာလေသည်။

"ညီမသိတယ်၊ စန့်ကွမ်းကျင်းဟုန်ရဲ့ သိုင်းပညာဟာ အလွန်ကြောက်စရာကောင်းတယ်၊ ရှင် သူ့ကိုလုံးဝမနိုင်နိုင်ဘူး၊ ညီမတို့ ဒီကထွက်ပြေးကြပါစို့နော်"

အဝိုးက ခေါင်းခါယမ်းလိုက်သည်။

"ငါ ဘယ်တော့မှထွက်မပြေးဘူး"

"ဘာဖြစ်လို့လဲရှင်"

"ငါက မင်းအတွက်နဲ့... သတ္တိမရှိ၊ ကတိမတည်တဲ့လူ တစ်ယောက်အဖြစ် မခံချင်ဘူး၊ အခုအဖြစ်ကလဲ မင်းကိုကယ်တဲ့အတွက် သူ့ကို ကျေးဇူးဆပ်ဖို့လိုတယ်ပြောလို့ ငါက ဒီကပဒိကိုပေးလိုက်ရတာပါ၊ မင်းကလဲ အခြေအနေကို ယိန်းထိန်းသိမ်းသိမ်းလုပ်ရမှာပေါ့"

လင်ဝှမ်းသည် မျက်ရည်များစီးကျလာသည်။

သူမသည် မျက်ရည်ကျခြင်းကို အချိန်ကျအောင် ညှစ်ထုတ်



နိုင်ပေသည်။

"ဘာပဲဖြစ်ဖြစ်... ဒီတစ်ခါတော့ ညီမစကားကို နားထောင်စေချင်တယ်၊ အစ်ကိုဟာက ကတိသစ္စာမရှိတဲ့လူဖြစ်ဖြစ်၊ သတ္တိမရှိတဲ့လူဖြစ်ဖြစ်... အစ်ကို့ကို ညီမကချစ်နေရင် ပြီးတာပဲမဟုတ်လား"

အဝိုးသည် ခေါင်းကိုသာတွင်တွင်ခါယမ်းလိုက်သည်။

"ငါ ဘယ်အခါမဆို မင်းအလိုလိုက်ခဲ့တာပဲ၊ ဒါပေမယ့် အခုကိစ္စကတော့ မင်းအလိုကို ဘယ်နည်းနဲ့မှမလိုက်နိုင်ဘူး"

လင်ဝှမ်းသည် အဝိုးအားမော့ကြည့်လိုက်သည်။

"ဘာဖြစ်လို့လဲဟင်"

"မင်း ငါ့ကိုတကယ်ချစ်ရင် ငါ့ကိုသတ္တိရှိတဲ့လူ၊ ကတိသစ္စာတည်တဲ့လူတစ်ယောက်အဖြစ် မင်းမြင်ချင်ရမှာပေါ့၊ သတ္တိရှိတဲ့လူ ကတိတည်တဲ့လူတစ်ယောက်ဖြစ်ပြီး သေသွားတာကို ငါလိုချင်ပါတယ်၊ သူ့ရဲ့ဘောကြောင်တဲ့လူတစ်ယောက်အဖြစ် ငါ အသက်ရှင်မနေချင်ဘူး"

လင်ဝှမ်းသည် အဝိုး၏ရင်ခွင်ထဲမှထွက်လိုက်သည်။

"ရှင်...ကျွန်မပြောတာတွေ မလိုက်နာတော့ဘူး၊ ရှင့်ဆုံးဖြတ်ချက်တွေကို ဒီလိုတပေပေသေကြီး ဆုပ်ကိုင်ထားတော့မလား၊ ရှင့်ဆုံးဖြတ်ချက်တွေကို မပြင်တော့ဘူးလားဟင်"

အဝိုးသည် ခေါင်းယမ်းပြလေသည်။

"ရှင် အခုပြောနေတဲ့စကားတွေက လီရင်ဆိုင်ပြောတဲ့စကား

တွေနဲ့သိပ်တူတာပဲ၊ ရှင်လည်း လီရင်ဆိုင်လိုခေါင်းမာတာပဲ"

အိုးသည် ပါးစပ်ပိတ်နေလိုက်သည်။

လင်ဝှမ်းက...

"အခု ရှင်ပြောနေတဲ့စကားတွေဟာ... အင်မတန် ရယ်စရာ ကောင်းတဲ့စကားတွေရှင့်"

အိုး၏မျက်နှာတွင် ကြေကွဲဝမ်းနည်းသည့် အမူအရာများ ယှက်သန်းလာသည်။

"ငါ အလေးအနက်ထားပြီးပြောတဲ့စကားကို မင်းကရယ်စရာ ကောင်းတယ်လို့ ယူဆနေတာကိုး"

"ဟုတ်တယ်... ရှင်ပဲစဉ်းစားကြည့်... သေတဲ့လူနဲ့ ရှင်တို့ ဘယ်သူက ပိုကောင်းသလဲ"

အိုးက လက်ကာပြလိုက်သည်။

"နေစမ်းပါဦး၊ ငါပြောတာ နားထောင်ပါ၊ ငါဟာ ဘယ်တော့မှ ရယ်စရာမပြောတတ်ဘူး"

"ရှင်က... သူ့ကို ကျွန်မထက်ပိုပြီး အလေးအနက်ထားနေပါ လား"

အိုးက သူ့စကားကို မဆက်တော့ပေ။ လင်ဝှမ်းက...

"စန့်ကွမ်းကျင်းဟုန်နဲ့ ချင်းသက်မဲ့တို့ရဲ့ ဆက်ဆံရေးကို ရှင် တွေ့လား"



"တွေ့တယ်"

လင်ဝှမ်းက ပြုံးလိုက်သည်။

သူပြောမည့်စကားသည် အသာစီးမှာရှိနေသည်ဟု ပြုံးလိုက်သည့်သဘောဖြစ်သည်။

"စန့်ကွမ်းကျင်းဟုန်ဟာ ချင်းသက်မဲ့ကိုအားကိုးခဲ့တယ်၊ တော်ရုံတန်ရုံ အားကိုးတာမဟုတ်ဘူး၊ အလေးအနက်ထားပြီး အားကိုးတာ၊ အခွင့်အရေးတွေလည်း အကုန်ရတယ်၊ ချင်းသက်မဲ့လုပ်ချင်တာလုပ်ပဲ၊ သူတို့နှစ်ယောက်ဟာ ရှင်နဲ့လီရင်ဆိုင်လိုပဲ တစ်ယောက်နဲ့တစ်ယောက် စကားပြောဖို့မလိုဘူး၊ တစ်ဦးစိတ်ကို တစ်ဦးကသိကြတယ်"

"မင်း ဆိုလိုတာက ဘာမှန်းမသိဘူး"

"အခု ချင်းသက်မဲ့ဟာ သူ့အားအထားရဆုံးဘယ်လက် ပြတ်သွားခဲ့တယ်၊ အားအကိုးရဆုံးဘယ်လက် ပြတ်သွားတော့ သူ့ကို ဘယ်နေရာသွားသုံးရမှာလဲ၊ သူ့ကို အသုံးချဖို့နေရာမရှိတော့ဘူးပေါ့၊ စန့်ကွမ်းကျင်းဟုန်ဟာ ပြတ်သားတယ်၊ ချင်းသက်မဲ့ကို မသုံးတော့ဘူး၊ သူ့ ဓားကို ရှင့်ကိုယူပေးတာဟာ ချင်းသက်မဲ့အစား... ရှင့်ကို ယုံကြည်တယ်လို့ ပြောလိုက်တာပဲ"

"အင်း... ဆက်ပြောပါဦး"

"အခု... ရှင်ဟာ သူ့အတွက်အသုံးဝင်နေတယ်၊ ရှင့်ကို အစစအရာရာ အခွင့်အရေးပေးမယ်ဆိုတဲ့ အရိပ်အယောင်တွေ ပြနေတယ်၊

ဒါဟာ ရှင် သူ့အတွက် အသုံးဝင်နေလို့ပဲ၊ အသုံးမဝင်မှန်းသိရင် ရှင့်ရဲ့ ကံကြမ္မာဟာ ခါ ချင်းသက်မှဲ့လို ဖြစ်သွားမှာပဲ၊ ကျွန်မ ဒါတွေပြောတာ က ရှင့်အတွက်စိုးရိမ်လို့ပါ”

အဝိုးသည် လင်ဝှမ်းအားစေ့စေ့ကြည့်လိုက်သည်။

လင်ဝှမ်းသည် အဝိုး၏မျက်လုံးများကိုကြည့်ပြီး ရင်ထဲ၌ထိတ်ခနဲဖြစ်သွားမိ၏။

အဘယ့်ကြောင့်ဆိုသော်... သူ့မျက်လုံးများသည် ယခင်ကလို မှိန်ဖျော့နေခြင်းမရှိဘဲ စူးရှတောက်ပနေသောကြောင့်တည်း။

“ဒီမှာလင်ဝှမ်း ငါဟာ မင်းကို အသက်ထက်ချစ်တယ်ဆိုတာ မင်းအသိဆုံးပါ၊ ဒါပေမယ့်... အခု ငါ မင်းနားလည်အောင် ပြောရမယ့် စကားနှစ်ခွန်းရှိနေတယ်”

လင်ဝှမ်းသည် ပြုံးလိုက်သည်။ သူမ၏အပြုံးမှာ စွဲမက်စရာ ကောင်းလှသည်။

သည်လိုအပြုံးမျိုး လင်ဝှမ်းပြုံးတတ်သည်။

“ပြောပါရှင်၊ ကျွန်မ နားထောင်နေပါတယ်”

အဝိုးသည် တစ်လုံးချင်း လေးလေးနက်နက် ပြောလေတော့သည်။

“ပထမဆုံးအချက်ဟာ လီရင်ဆိုင်အကြောင်းပဲ၊ လီရင်ဆိုင်ရဲ့ အကြောင်း ဆိုးသည်ကောင်းသည် ငါမကြားချင်ဘူး၊ သူ့အပေါ်ရှိပ်စ္ စ



တာ ဘာညာ ဘာမှမလိုချင်ဘူး၊ ဒါကတစ်ချက်”

လင်ဝှမ်း ခေါင်းညိတ်သည်။

အဝိုးက စကားဆက်ပြန်သည်။

“ဒုတိယအချက်ကတော့... ချင်းသက်မှဲ့နဲ့ပတ်သက်ပြီး မင်းရဲ့ အမြင်ယူဆချက်ပဲ၊ ချင်းသက်မှဲ့ကို ဘယ်လက်တစ်ဖက်ပြတ်သွားလို့ မင်းက သူ့ကိုအထင်အမြင်သေးနေတယ် မဟုတ်လား။ မင်းမထင်နဲ့ မင်းအထင်မှားနေပြီဆိုတာ မကြာခင်မှာမင်းသိလာလိမ့်မယ်”

လင်ဝှမ်း သက်ပြင်းတစ်ချက်ချလိုက်သည်။

“ရှင်ပြောနေတာတွေကို ကျွန်မဖြင့် ဘာတစ်ခုမှနားမလည်ပါ ဘူးရှင်”

အဝိုးသည် လေးနက်သောအသံဖြင့်...

“မင်း နားလည်ချင်နားလည်၊ နားမလည်ချင်လည်းနေ၊ ဒါက အကြောင်းမဟုတ်ဘူး၊ ငါပြောတာတွေကို မင်း သေသေချာချာမှတ် ထားရင်ပြီးတာပဲ”

“ဟုတ်ကဲ့ရှင့်၊ ရှင်ပြောတဲ့စကားတွေကို ကျွန်မ တစ်သက်လုံး မမေ့မပျောက်မှတ်ထားပါမယ်၊ အရင်ကစကားတွေကိုလဲ ကျွန်မမှတ်သားလာ တာ... ဟုတ်လား။ ရှင် ကျွန်မကိုပြောခဲ့တယ်လေ၊ ကျွန်မကို တစ်သက် လုံးချစ်နေမယ်ဆိုတာ”

လင်ဝှမ်း၏စကားသည် မြားတစ်စင်းပမာ အဝိုး၏အသည်း

နှလုံးအား ထိုးစိုက်သွားလေသည်။

အဝိုးသည် ခေါင်းငုံ့သွားသည်။

လင်ဝှမ်းသည် အဝိုးအားအံသြအယာသိုင်းဖက်လိုက်ပြီး...

"ကဲပါအစ်ကိုရယ်... ဒါတွေထားလိုက်ပါစမ်းပါ၊ ဦးနှောက် ခြောက်အောင်လဲ လျှောက်တွေးမနေပါနဲ့ ညီမက အစ်ကို့အပေါ် ဘယ်လောက်ချစ်တယ်၊ ဘယ်လောက်မြတ်နိုးတယ်ဆိုတာ အစ်ကို နားလည်ရင်တော်ပါပြီ၊ အစ်ကို့သူငယ်ချင်းလီရင်ဆိုင်အကြောင်း ညီမ ထပ်မပြောတော့ပါဘူးရှင်"

အဝိုးသည် လင်ဝှမ်းအား ပြန်လည်သိုင်းဖက်ထားလိုက်သည်။ သူတို့နှစ်ဦးသည် ပူးကပ်သွား၏။

အဝိုး၏မျက်လုံးအစုံတွင် မျက်ရည်များပြည့်လျှံလာသည်။

လင်ဝှမ်းသည် အဝိုး၏နားနားသို့ကပ်ပြီး တိုးတိုးပြောလိုက်သည်။

"ကဲပါ အစ်ကိုရယ်၊ အစ်ကိုလဲပင်ပန်းလှပါပြီ၊ အိပ်ရေးဝဝအိပ်လိုက်ဦးနော်"

လင်ဝှမ်းပြောသည်မှာ မှန်သည်။

အဝိုးသည် လီရင်ဆိုင်အားကယ်တင်ရန် ထွက်ခွါသွားသည့်နေ့မှစ၍ ယခု လင်ဝှမ်းအားပြန်တွေ့သည့်အချိန်အထိ ကောင်းစွာမအိပ်ခဲ့ရသေးပါ။



လီရင်ဆိုင်နှင့် တည်းခိုခန်းမှာအိပ်သည့် တစ်ရက်သာကောင်းစွာအိပ်စက်ခဲ့ရသည်။

ယခု လင်ဝှမ်းအား အရှာထွက်သောအခါတွင်လည်း သူအိပ်ရေးပျက်ခဲ့ပါသည်။ ထို့ကြောင့် သူသည် အိပ်ရေးဝဝအိပ်စက်ရန် လိုအပ်လာပါသည်။

"ဟုတ်တယ်၊ ငါအိပ်ဖို့လိုအပ်တယ်"

အဝိုးသည် ခုတင်ပေါ် ကျောချလိုက်လေတော့သည်။

~❁~

## အသိနောက်ကျသူ

အပြင်လောကၡ မိုးတိတ်သွားလေပြီ။ လေသည် ငြိမ်သက်
လျက်ရှိသည်။

အဝိုးသည် ခုတင်ပေါ်၌ အိပ်ပျော်လျက်ရှိလေသည်။

အသက်ကို မှန်မှန်ရှူလိုက်သည်။

သူသည် တစ် လျောက်လုံး အလွန်ပင်ပန်းခဲ့သည်။

စိတ်ပင်ပန်း ကိုယ်ပင်ပန်းဖြစ်ခဲ့၏။

ထို့ကြောင့်... တစ်ခဏအတွင်း အိပ်မောကျသွားခြင်းဖြစ်လေသည်။ ဝင်စစ်... သူသည် တကယ်အိပ်မပျော်ပါ။

သူ့ကိုကြည့်လိုက်လျှင်... တကယ်အိပ်ပျော်နေသည်ဟု ထင်မှတ်စရာပင် ဖြစ်သည်။

အိပ်ချင်ဟန်ဆောင်ရသည်မှာ လွယ်ကူပါသည်။



သူသည် ခါတိုင်းဆိုလျှင် ခေါင်းချလိုက်သည်နှင့်အိပ်ပျော်သွားတတ်၏။

သို့သော်... ယခုရှိနေသည်မှာ စိတ်မချရသောအိမ်ဖြစ်၍တစ်ကြောင်း... သူ မသိစိတ်၌ တစ်စုံတစ်ခု ကူးခြားလိမ့်မည်ဟု ထင်နေ၍တစ်ကြောင်း... သူသည် အိပ်မပျော် ဘဲရှိနေပါတော့သည်။

လင်ဝှမ်းမှာမူ သူ့ဘေး၌အိပ်ပျော်နေသည်။

သူသည် လင်ဝှမ်းကိုမျက်လုံးဖွင့်မကြည့်ပါ။ အချိန်လိုနေသေးသည်ဟု သူထင်နေသည်။

ထို့ကြောင့် သူသည် မျက်လုံးကိုဆက်၍မှိတ်ထားပြီး အသက်သာ မှန်မှန်ရှူနေသည်။

လင်ဝှမ်းသည် အသက်မှန်မှန်ရှူ၍အိပ်ပျော်လျက်ရှိနေပါ၏။

သို့သော် အချိန်အတော်ကြာသော အခါ လင်ဝှမ်း၏မျက်လုံးများသည် တဖြည်းဖြည်းပွင့်လာလေသည်။

ဝင်းလက်ညှိရှိနေသော သူမ၏မျက်လုံးအစုံသည် အဝိုးအားတိတ်တဆိတ် အကဲခတ်နေ၏။

ရှုပ်ပွနေသောဆံပင်များသည် သူ၏ကျယ်ပြန့်သော နဖူးပြင်ထက် ခွေ၍ကျနေသည်။

သူ၏ပါးလျားသောနှုတ်ခမ်းများသည် သူ၏စိတ်ဓာတ် ပြတ်သားမှုကိုဖော်ပြနေသည်။

ရှည်လျားသောမျက်တောင်များသည် မိန်းမတစ်ယောက်တွင်ရှိလိုက်ပါက ပို၍အဖိုးတန်သွားပေမည်။

သူမသည် အဝိုး၏ရင်ဘတ်ကို လက်ဖြင့်ပွတ်သပ်ရန် ဟန်ပြင်လိုက်ပြီးမှ လက်ကိုပြန်ရုပ်လိုက်လေသည်။

သူမ၏ပျော့ပျောင်းနေသော မျက်နှာသည် တဒင်္ဂအတွင်း မာကျောခက်ထန်သွားသည်။ မင်းသားရုပ်မှ ဘီလူးရုပ်သို့ ပြောင်းလဲသွားသည့်ပုံပမာတည်း။

သို့သော် သူမသည် မျက်နှာကိုပြင်ပြီး တီးတိုးမေးလေသည်။

"အစ်ကို... အစ်ကို အိပ်ပျော်နေသလားဟင်"

သူမ၏အသံမှာ လွန်စွာပျော့ပျောင်းနူးညံ့နေလေတော့၏။

အသံမှာ ချိုသာလွန်းလှသဖြင့် နှင်းတောင်ပင် အရည်ပျော်ကျနိုင်သောအသံဖြစ်သည်။

အဝိုးကပြန်မထူးပါ။

မျက်လုံးလည်းဖွင့်မကြည့်ပါ။

သူသည် ကြိုးစား၍ ဆက်လက်အိပ်စက်နေရတော့သည်။

လင်ဝှမ်း၏အသံကြောင့် သူ့ဟန်ဆောင်မှုများ ပျက်ပြယ်မည်ကဲ့သို့ရှိနေပါသည်။

"အစ်ကို... အိပ်မပျော်ရင်ထပါ"

သူမ၏ပျော့ပျောင်းသောအသံက ဆက်လက်ထွက်ပေါ်လာ



လေ၏။ အဝိုးသည် မျက်လုံးကို စုံမှိတ်မိရန် သတိထားနေရပါသည်။

မျက်လုံးကိုအတင်းမှိတ်လျှင် လင်ဝှမ်းရိပ်မိသွားပေလိမ့်မည်။

လင်ဝှမ်းသည် ညင်သာစွာထထိုင်သည်။

တစ်ခဏမျှ အဝိုး၏မျက်နှာအားကြည့်သည်။

ထို့နောက်... တိတ်တဆိတ် ခုတင်ပေါ်မှဆင်းသည်။

ဖိနပ်ကိုလက်နှင့်ကိုင်ပြီး အခန်းတံခါးဆီသို့ ဖြည်းညင်းစွာသွားလေသည်။

"ကျွီ..."

အခန်းတံခါးသည် ဆီထည့်မထားသဖြင့် ကျွီခနဲမြည်သွား၏။

တံခါးပွင့်သွားသည်နှင့် လင်ဝှမ်းထွက်သွားလေတော့သည်။

သူမသည် တံခါးကို ညင်သာစွာပြန်ပိတ်ခဲ့သည်။

ထိုသန်းခေါင်ယံအချိန်၌ သူမသည် မည်သည့်နေရာသို့သွားမည်နည်း။

အဝိုးသည် မျက်လုံးအစုံပွင့်လာသည်။

လင်ဝှမ်း၏မရိုးသားသောအပြုအမူသည် သူ့ရင်ကိုနာစေ၏။

လီရင်ဆိုင် စွပ်စွဲပြောဆိုသည့်စကားများကို သူ့နားထဲ၌ ကြားယောင်လာမိလေ၏။

သို့သော် သူသည် လင်ဝှမ်းအိပ်ရာမှထသွားရုံမျှဖြင့် ဖောက်ပြားသည်ဟု မထင်ရက်ပါချေ။

သို့သော်… အဝိုးတစ်ကိုယ်လုံးကို တုန်လှုပ်သွားစေခဲ့သည်က တော့အမှန်ပင်။

သူတစ်ကိုယ်လုံးရှိ သွေးများဆူပွက်လာသည်။

~❀~

စန့်ကွမ်းကျင်းဟုန်သည် တိတ်ဆိတ်စွာထိုင်နေသည်။

သူသည် တံခါးဝသို့ စိုက်ကြည့်လျက်ရှိနေသည်။

သူသည် ယခုကဲ့သို့ ညဦးနက်သန်းခေါင်တွင် မည်သူ့ကိုစောင့် နေပါသနည်း။

အခန်းအပြင်ဘက်တွင် သာမန်အားဖြင့် အစောင့်နှစ်ယောက် ရှိသည်။ ထိုအစောင့်နှစ်ယောက်သည် ယခုတော့ မရှိတော့ပေ။

အစောင့်များ မစောင့်ရတော့ရန် စန့်ကွမ်းကျင်းဟုန်က ပြော ထားခြင်းဖြစ်သည်။

"ကနေ့ည မင်းတို့စောင့်စရာမလိုဘူး၊ ငါဧည့်သည်လာရင် မင်း တို့ မသိသလိုနေရမယ်"

စန့်ကွမ်းကျင်းဟုန်သည် သည်အလုပ် လုပ်ရာတွင် ရည်ရွယ် ချက်များရှိပေသည်။

ယခု မည်သည့်ရည်ရွယ်ချက်ရှိသနည်း။



တံခါးပွင့်သွားသည်။

စန့်ကွမ်းကျင်းဟုန်၏ မျက်လုံးအစုံသည် ပြုံးယောင်သန်းလာ ၏။ သူမျှော်လင့်ထားသည့်အတိုင်း ဖြစ်လာသည်မဟုတ်ပါလော။

သန်းခေါင်ယံအချိန်…

တစ်စုံတစ်ယောက်သည် သူ့အခန်းထဲသို့ဝင်လာလေပြီ။

သူတို့နှစ်ဦး၏ခန္ဓာကိုယ်ချင်းသည် ပူးကပ်သွားလေသည်။

"ဝုန်း…"

တစ်စုံတစ်ယောက်သည် တံခါးကိုခြေမတစ်ဖက်ဖြင့် ဖွင့်လိုက် လေသည်။ ဓါးသွားအမျက် ချောင်းချောင်းထွက်နေသည့် အဝိုးပင်ဖြစ်ပါ သည်။

အဝိုး၏ ဓါးသွားသည် ပေါက်ကွဲထွက်သွားသည်။

သူ၏ဓါးသွားသည်မှုကြီးထွားနေသည်ကို မည်သူမျှ မသိကြပါ။

စန့်ကွမ်းကျင်းဟုန်၏မျက်လုံးအစုံသည် ပြုံးယောင်သန်းနေ သည်။

အဝိုးလိုက်လာမည်ကိုလည်း ကြိုတင်ခန့်မှန်းထားဟန်ရှိ လေသည်။

သူသည် ဤသို့ကြိုတင်အကွက်ဖြင့် ဖန်တီးလာသည့်အ တွက် ဂွေကြေးပြားကိုဏ်းချုပ်ကြီးဖြစ်လာသည်မဟုတ်ပါလော။

အဝိုးသည် စန့်ကွမ်းကျင်းဟုန်အား မကြည့်ပါ။

ကြည့်ရန်လည်း မလိုပါ။

အဓိကလူမှာ လင်ဝှမ်းပင်ဖြစ်သည်မဟုတ်ပါလား။

သူသည် မီးဝင်းဝင်းတောက်သောမျက်လုံးအစုံဖြင့် လင်ဝှမ်းအား စိုက်ကြည့်လျက်ရှိပါသည်။

အဝိုး၏တစ်ကိုယ်လုံးမှာ ဒေါသကြောင့် တုန်ယင်လျက်ရှိနေပေသည်။

လင်ဝှမ်းသည် မျက်တောင်မခတ်ပါ။

ဣန္ဒြေလည်းမပျက်ပါ။

သူသည် အဝိုးဝင်လာသည်ကိုပင် မသိသကဲ့သို့ရှိနေပါသည်။

သူမ၏လက်များမှာ စန့်ကွမ်းကျင်းဟုန်ကိုပင် ဖက်ထားလျက်ရှိနေပါသည်။

သူမ၏ကိုယ်ပေါ်တွင်ရှိသောအဝတ်အစားများမှာ ဖရိုဖရဲဖြစ်လျက်ရှိနေပါသည်။

လျှော့ရဲတွန့်ကြေလျက်ရှိနေပါသည်။

သူမသည် စန့်ကွမ်းကျင်းဟုန်အား ပြောလိုက်လေသည်။

"ရှင့်ဆီဝင်လာတဲ့ဧည့်သည်တွေဟာ ဒီလိုပဲ ရိုင်းစိုင်းသလား၊ တံခါးမခေါက်ဘဲ ဝင်လာတတ်သလား"

အဝိုးသည် နံရံကို လက်သီးဖြင့်ထိုးချလိုက်သည်။

"ဝုန်း..."



အုတ်နံရံဖြစ်သည့်အလျောက် သူ့လက်မှာ သွေးများရဲရဲနဲ့ဖြာကျသွားသည်။

သူ့မျက်နှာတစ်ခုလုံးမှာ ဖြူရော်သော မျက်နှာဖုံးတစ်ခုစွပ်ထားသည့်အလားဖြစ်နေသည်။

လုံးဝ သွေးမရှိသောမျက်နှာပင်။

ကြောက်စရာကောင်းသည့်မျက်နှာတစ်ခုပင် ဖြစ်နေသည်။

လင်ဝှမ်းကပြုံးလိုက်သည်။

"ဒီလူဟာ ရူးနေသလား၊ ဘာဖြစ်လို့ နံရံကိုလက်သီးနဲ့ထိုးရတာလဲ"

အဝိုး၏ဒေါသသည် ပေါက်ကွဲသွားလေသည်။

"မင်း... မင်းက ဒီလိုမိန်းမမျိုးကို"

လင်ဝှမ်းက အေးတိအေးစက်ဖြင့်...

"ဩ... ရှင်က ခုမှသိတာလား၊ ရှင်းရှင်းပြောရရင် ကျွန်မ ဒီလိုအဖြစ်မျိုးဖြစ်နေတာ ကြာပါပြီရှင့်၊ ရှင်သာ အလွန်းနုံလွန်းလို့ မသိတာ၊ အားလုံးက သိနေတာရှင့်"

သူမသည် မဲ့ပြုံးပြုံးပြောလိုက်သည်။

"ရှင် အလိုက်သိတတ်ရင် လိုက်လာဖို့မကောင်းဘူး"

"လိုက်လာတော့ ဘာဖြစ်သလဲ"

"လိုက်လာတော့ ရှင်စိတ်ဆင်းရဲရတာပေါ့၊ အမှန်တော့ ..."

ကျွန်မဟာ ရှင်နဲ့ ဘာများပတ်သက်နေလို့လဲ၊ ကျွန်မက ရှင်စိတ်ချမ်းသာပျော်စေတော့ဆိုပြီး ရှင့်ကိုနှစ်သိမ့်နေတာ၊ ရှင့်ကိုသနားလို့ နှစ်သိမ့်နေတာ၊ အဲဒါ ရှင့်ကိုချစ်နေတယ်လို့များထင်နေရင်တော့ ရှင်ရူးလို့ပဲဖြစ်မှာပေါ့”

အိုးသည် မိုးကြိုးရစ်လက် ပစ်ခွဲလိုက်သကဲ့သို့ ဦးခေါင်းမူးခနဲ မိုက်ခနဲဖြစ်သွားသည်။ သူမျှော်မှန်းထားသည့်ဗိမာန်ကြီးသည် ပြိုကွဲသွားလေပြီ။

သူ့အသက်ပေးချစ်ခဲ့ရသောလင်ဝှမ်းသည် သူ့အားလိမ်လည်လှည့်စားနေခြင်းဖြစ်ကြောင်း သူကောင်းစွာနားလည်သွားပေပြီ။

ယောကျ်ားတကာနှင့်ညအိပ်ခဲ့သော မိန်းမသည် သူ့ရှေ့တွင် ရိုးသားဟန်ဆောင်ခဲ့ပေသည်။

သူကလည်း တကယ်ရိုးသားသည်ဟုထင်ခဲ့သည်။

မိမိသည် နလပိန်းတုံးတစ်ယောက်မျှသာဖြစ်ကြောင်း အိုးကောင်းစွာသိခဲ့ပြီ။

သူ့အနေဖြင့် လင်ဝှမ်းကိုမြတ်မြတ်နိုးနိုး တန်ဖိုးထား၍ချစ်ခဲ့သည်။ သူမက သဘောမတူသဖြင့် နှစ်နှစ်ကျော်အတူနေသော်လည်း သူ့အား ဇနီးမယားအဖြစ် မဆက်ဆံခဲ့ပေ။

ပန်းကလေးတစ်ပွင့်ကဲ့သို့သော အရိပ်တကြည့်ကြည့်ချစ်နေခဲ့မိသည်။

လင်ဝှမ်းပြောသမျှ လင်ဝှမ်းဆိုသမျှ အဟုတ်ထင်မှတ်ခဲ့သည်။



သူသည် လီရင်ဆိုင်ကိုပင် အထင်လွဲခဲ့သည်။

“မိန်းမတစ်ယောက်က မင်းအပေါ် မတရားလိမ်ညာနေတာ ဖောက်ပြန်နေတာကို ငါမကြည့်ရက်နိုင်လို့”

“မင်း သူနဲ့တွေ့ဆုံပြီးတဲ့နောက်မှာ မင်းရဲ့ဘဝဟာ အသက်ကင်းမဲ့နေတယ်ဆိုတာငါသိတယ်”

“မင်း သူ့ကိုသွားမရှာရဘူး၊ တစ်နေ့နေ့မှာ မင်းဘဝဟာ သူ့ကြောင့် ပျက်စီးသွားနိုင်တယ်”

သူသည် လီရင်ဆိုင်ကိုတွန်းဖယ်၍ထွက်လာခဲ့မိသည်။

လီရင်ဆိုင် အမှန်တရားတွေကို ပြောသွားသည်ကို သူ ယခုမှ သိလိုက်ရလေပြီ။

နောင်တဆိုသည်မှာ နောင်မှရသည့်တရားပင် မဟုတ်ပါလား။

ယခု... သူကိုယ်တိုင် သူ့မျက်စိရှေ့မှောက်တွင် ပက်ပင်းကြုံတွေ့ခဲ့ရလေပြီ။ သူ မယုံကြည်၍မဖြစ်တော့ပေ။

ခပ်စောစောက သူ ဤနေရာသို့ ဒေါသတကြီးလိုက်လာစဉ်တွင် လင်ဝှမ်းကို စန့်ကွမ်းကျင်းဟုန်၏ရင်ခွင်ထဲ၌တွေ့ခဲ့ရသည်။

ထိုစဉ်က စန့်ကွမ်းကျင်းဟုန်၏ကျောကို သူ့ဓားဖြင့်ထောက်ထားခဲ့သည်။

ထိုအခါက သူမကို လူဟုန်ရှမ်းကနှိပ်စက်ခဲ့သည်။

စန့်ကွမ်းကျင်းဟုန်ကကယ်ခဲ့၍ စန့်ကွမ်းကျင်းဟုန်ကို ကျေးဇူးဆပ်ရမည်ဟု ပလီစီချောက်ချက်စကားပြောခဲ့သည်။

ထိုစကားများကို သူ မယုံသင့်ကြောင်း… ယခုမှ သူသဘောပေါက်လာသည်။

သူ အလိမ်အညာခံနေရသည်မှာ နှစ်နှစ်မျှရှိပေပြီ။

လူဟုန်ရှမ်းသည်လည်း အလိမ်အညာခံသွားရဟန်ရှိသည်။

ရက်စက်လှချည်လားလင်ဝှမ်းရယ်….

အဝိုးသည် အခန်းထဲမှ မည်သို့ ပြန်ထွက်လာမိခဲ့သည်ကိုပင် လုံးဝမမှတ်မိတော့ပေ။

အဝိုးသည် မည်သည့်စကားမျှမပြောဘဲ စန့်ကွမ်းကျင်းဟုန်၏အခန်းထဲမှ ပြန်ထွက်သွားလေသည်။

~❀~



စန့်ကွမ်းကျင်းဟုန်သည် သူထွက်သွားသည်ကို အေးစက်စွာကြည့်နေသည်။

အဝိုးထွက်သွားမှ လင်ဝှမ်းသည် လေပူတစ်ချက်မှုန်ထုတ်လိုက်သည်။

“ရှင့်အပေါ် ကျွန်မ ဘယ်လောက်ချစ်တယ်၊ ဘယ်လောက်ယုံကြည်တယ်၊ ဘယ်လောက်အားကိုးတယ်ဆိုတာ ရှင်ယုံပြီမဟုတ်လား”

စန့်ကွမ်းကျင်းဟုန်က ခေါင်းညိတ်ပြလေသည်။

“ငါယုံပါပြီ”

သူသည် ထိုသို့ပြောပြီး လင်ဝှမ်း၏ခန္ဓာကိုယ်ကို ပွေ့ချီလိုက်သည်။ ခုတင်ပေါ်သို့ အသာလှဲချလိုက်သည်။

ထို့နောက်… ခြေလှမ်းကျဲကျဲဖြင့် အခန်းထဲမှထွက်ခွါသွားလေတော့သည်။

~❀~

လင်ဝှမ်းသည် တစ်ကိုယ်လုံးတောင့်တင်းသွားသည်။

သူမ မျက်နှာပျက်သွားသည်။

ဒေါသထွက်နေသည်လား၊ ကြောက်ရွံ့နေသည်လား၊ ဝမ်းနည်းနေသည်လား မည်သို့ဖြစ်ပျက်နေသည်ကို မသိနိုင်ပါ။

"ငါ... ငါ... အခုလိုလုပ်လိုက်တာ မှန်သလားမှားသလား"

သူမသည် အမှန်အမှားကိုမတွေးဆနိုင်ဘဲ သူမ၏ဗီဇရှိသည့်အလျောက် လုပ်လိုက်မိခြင်းဖြစ်ပါသည်။

စန္ဒကွမ်းကျင်းဟုန်၏အခန်းသို့ လာသည့် စင်္ကြံလမ်းအဆုံးတွင် အခန်းတစ်ခုရှိသည်။

အဝိုးသည် စန္ဒကွမ်းကျင်းဟုန်၏အခန်းမှ အိပ်မက်မက်သူကဲ့သို့ထွက်လာပြီးနောက် ထိုအခန်းထဲတွင် ဝုန်းခနဲပြိုလဲကျသွားသည်။

သူသည် ကြမ်းပြင်ပေါ်တွင် မှောက်လျက်ကြီးဖြစ်နေသည်။

သူသည် ပြန်မထနိုင်တော့ပါ။

ပြန်ထရန်လည်း အင်အားမရှိတော့ပါ။

မည်သည့် အကြောင်းအရာကိုမျှလည်း စဉ်းစားမနေတော့ပါ။

သူ၏ဦးခေါင်းထဲတွင် လာဟာဟင်းလင်းဖြစ်သွားသည်။

သူမှာ လူသေတစ်ယောက်ပမာ မှောက်လျက်လဲနေပေသည်။

သူသည် မည်သည့်အရာကိုမျှ စဉ်းစားခြင်းမပြုတော့ပါ။

မည်သည့်အရာမျှ ခံစားချက်မရှိတော့ပါ။

အသက်ကင်းမဲ့သူတစ်ယောက်ပမာ ကြမ်းပြင်ပေါ်၌ လဲကျနေပါသည်။

စန္ဒကွမ်းကျင်းဟုန်သည် သူ့အနီးသို့ရောက်လာလေသည်။

လဲကျနေသော အဝိုးအားစေ့စေ့ကြည့်လိုက်သည်။



သူသည် အဝိုး၏ခန္ဓာကိုယ်အားကျော်ခွပြီး အခန်းထဲသို့ ဝင်သွားလေသည်။

သူသည် အခန်းထဲမှ ဓားတစ်ချောင်းကိုယူလာသည်။

အနီးသို့ ရောက်သောအခါ သူ ယူဆောင်လာသည့်ဓားသည် ဖျူးခနဲဝင်းလက်သွားသည်။

"ဒေါက်..."

ထို့နောက်... ဓားသည် အဝိုး၏မျက်နှာအနီး ကြမ်းပြင်တွင် စိုက်ဝင်သွားလေသည်။

အဝိုး၏လည်ပင်းတွင် အနီရောင်အစင်းတစ်ခုပေါ်လာပြီး သွေးများစိမ့်ထွက်လာသည်။

စန္ဒကွမ်းကျင်းဟုန်က ဓားဖြင့်အပေါ်ယံရှပ်ပြီးခြစ်လိုက်ခြင်းဖြစ်သည်။

စန္ဒကွမ်းကျင်းဟုန်၏မျက်လုံးအစုံသည် ဓားကဲ့သို့ထက်မြက်နေသည်။

"ဒီဓားက မင်းရဲ့ဓားပဲ"

အဝိုးသည် မလှုပ်မယှက်မှောက်လျက်လဲနေမြဲပင်။

စန္ဒကွမ်းကျင်းဟုန်က အေးစက်စွာဆက်ပြောသည်။

"မင်းအခု သိပ်သေချင်နေတယ်မဟုတ်လား"

အဝိုးထံမှ ဘာမျှ အသံထွက်မလာပေ။

စန္ဒကွမ်းကျင်းဟုန်က ဆက်ပြောသည်။

"မင်း အခုသေသွားရင် မင်းအတွက် ဒီမှာ ဘယ်သူမှဝမ်းနည်း မယ့်သူမရှိဘူး၊ အဲဒါကို မင်းသိရဲ့လား၊ မင်းရဲ့အလောင်းကို ငါက ကျွေးပစ်လိုက်မှာပဲ သိရဲ့လား"

သူသည် မဲ့ပြုံးပြုံးလိုက်သည်။

"မင်း စကားပုံတစ်ခုကို မကြားဖူးဘူးလား၊ မိန်းမတွေအတွက် အချစ်ဟာ ဘဝတစ်ခုလုံးဖြစ်တယ်၊ ယောကျ်ားတွေအတွက်ကတော့ အချစ်ဟာ ဘဝရဲ့အစိတ်အပိုင်းပဲ ဖြစ်တယ်ဆိုတဲ့စကားပုံလေး"

စန္ဒကွမ်းကျင်းဟုန်က ခါးထောက်လိုက်သည်။

"ဖောက်လွဲဖောက်ပြန်လုပ်တဲ့ မိန်းမတစ်ယောက်အတွက် သေခံတယ်ဆိုတာ ခွေးထက်မိုက်ရာကျတော့မပေါ့ကွ"

အဝိုးသည် လဲကျနေရာမှ ခုန်ထလိုက်၏။

ကြမ်းပြင်တွင် စိုက်ဝင်နေသည့်ဓားကို ဆွဲနုတ်လိုက်လေ သည်။ သူ၏မျက်နှာမှာ ကြောက်စရာကောင်းလှသည်။

စန္ဒကွမ်းကျင်းဟုန်ကမူ လက်နှစ်ဖက်နောက်ပစ်ပြီး အဝိုးအား စေ့စေ့ကြည့်နေသည်။

"မင်းက ခုနေခါမှာ ငါ့ကိုသတ်ချင်နေတယ်မဟုတ်လား"

အဝိုးသည်ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်နေလေသည်။

စန္ဒကွမ်းကျင်းဟုန်က...



"သတ်လေကွာ"

အဝိုး၏လက်များသည် တုန်တုန်ယင်ယင်ဖြစ်လာလေသည်။

"မင်း ငါ့ကိုမသတ်ပါဘူး၊ ဒါပေမယ့် မင်းက သူ့ကိုသတ်မယ် ဆိုရင်လဲ ငါမတားပါဘူးကွ၊ သူ့ကိုမင်းစိတ်ကြိုက်သတ်ပစ်နိုင်ပါတယ်"

အဝိုးသည် ဓားကိုဆုပ်ကိုင်ရင်း ချာခနဲ လှည့်လိုက်၏။

လင်ဝှမ်းကို သွားသတ်မည့်သဘောပင်။

သို့သော်... သူ့ခြေလှမ်းများသည် ကြမ်းပြင်ပေါ်... အဖြစ် တွယ်နေသည့်သဘောမျိုးဖြစ်နေသည်။

သူသည် ဆက်မလှမ်းနိုင်တော့ပေ။

စန္ဒကွမ်းကျင်းဟုန်က မဲ့ပြုံးပြုံးလိုက်သည်။

"ဘာလဲ အခု... မင်းလူသတ်ရဲတဲ့သတ္တိ မရှိတော့ဘူးလား ကွ၊ မင်းလူမသတ်ရဲဘူးလား ငါ့ကိုပြောစမ်းပါဦး"

အဝိုး၏တစ်ကိုယ်လုံးသည် တုန်တုန်ယင်ယင်ဖြစ်လာသည်။

စန္ဒကွမ်းကျင်းဟုန်သည် သူ့အား ပန်းတစ်ချက်ပုတ်လိုက် သည်။

"မင်း... အခု မင်းဘယ်မင်း သတ်ပစ်၊ အသေခံပစ်လိုက်ရင် မင်းဟာ ကတိမတည်တဲ့လူ၊ သတ္တိမရှိတဲ့လူဖြစ်သွားမှာပဲ... ဒါဖြစ် လို့လဲဆိုတော့ မင်း ငါ့ကိုပေးထားတဲ့ကတိအတိုင်း ... ရသေးဘူးမဟုတ်လား"

အဝိုးသည် စကားမပြောနိုင်ပါ။

ဝေဒနာပြင်းစွာခံစားနေရသည်တို့ကို အနိုင်နိုင်ထိန်းချုပ်နေရသည်။

စန့်ကွမ်းကျင်းဟုန်သည် ချာခနဲလှည့်ထွက်သွားတော့၏။

“မင်း မသေချင်သေးဘူးဆိုရင် ငါ့နောက်ကိုလိုက်ခဲ့”

စန့်ကွမ်းကျင်းဟုန်သည် ထိုမျှသာပြောပြီးနောက် ထွက်သွားလေသည်။

အဝိုးသည် စဉ်းစား၍မရဘဲဖြစ်နေသည်။

ထို့ကြောင့် စန့်ကွမ်းကျင်းဟုန်၏နောက်သို့လိုက်တော့သည်။

စန့်ကွမ်းကျင်းဟုန်က ရှေ့ကသွားသည်။

အဝိုးက နောက်ကလိုက်သည်။

သူတို့သည် အိမ်ကြီး၏အနောက်ဘက်မှထွက်လိုက်သည်။

ပန်းဥယျာဉ်တစ်ခုအားဖြတ်ကျော်လာပြီး လှပသေသပ်သော အိမ်ကလေးတစ်လုံးကို တွေ့ရလေသည်။

စန့်ကွမ်းကျင်းဟုန်သည် အိမ်ရှေ့တံခါးပေါက်၌ရပ်ကာ တံခါးခေါက်လိုက်သည်။

“ဒေါက်... ဒေါက်... ဒေါက်...”

တံခါးပေါက်သည် ချက်ချင်းလိုလိုပွင့်သွားလေ၏။

သူသည် အဝိုးအား လှည့်ကြည့်လိုက်၏။



“ဝင်ပါ”

အဝိုးသည် အသက်မရှိသည့်စက်ရုပ်ပမာ သူပြောသည့်အတိုင်း အခန်းထဲသို့ဝင်လိုက်သည်။

ထိုအိမ်ကလေးကား မည်သို့သောနေရာပေနည်း။

စန့်ကွမ်းကျင်းဟုန်သည် မည်သည့်အတွက်ကြောင့် မိမိအား ဤအိမ်ထဲသို့ခေါ်လာရသနည်း။

အဝိုးသည် ကြိုးစား၍စဉ်းစားလေသည်။

သို့သော် တစ်ခုတွေ့ရှိသည်။

အဝိုးသည် ယခင်ကလည်း... သေမှာမကြောက်ခဲ့ပါ။

ယခုဆိုလျှင်တော့... ပြောစရာမရှိတော့ပါ။

ဘာကြီးပဲလာလာ ရင်ဆိုင်ဖြေရှင်းပစ်မည်သာဖြစ်ပါသည်။

အိမ်ကလေးမှာ လွန်စွာ သန့်ရှင်းလှပါသည်။

အိမ်ထောင်ပရိဘောဂများလည်း သူ့နေရာနှင့်သူ အပြည့်အစုံရှိပါသည်။

အထက်တန်းစားအိမ်ဧည့်ခန်းထဲသို့ သူ ရောက်နေသကဲ့သို့ ဖြစ်နေသည်။

အခန်းထဲတွင် လူခုနစ်ယောက်ရှိနေပါ၏။

ထိုခုနစ်ယောက်မှာ ယောကျ်ားကလေးများမဟုတ်ကြပါ။

အလွန်တရာလှပချောမောသော မိန်းကလေးခုနစ်ယောက်

ဖြစ်ကြပါသည်။ သူတို့သည် လှပသောမျက်ဝန်းကလေးများဖြင့် ပြုံးရွှင်[illegible]ကြိုဆိုနေကြပါသည်။

အဗိုးသည် ရုတ်တရက်ငိုင်သွား၏။

စန္ဒကွမ်းကျင်းဟုန်က ပြုံးလိုက်ပြီး...

"မင်း[illegible] လောကကြီးမှာ လှပချောမောတဲ့မိန်းကလေး မရှိဘူးလို့ထင်နေတယ် မဟုတ်လား။ မင်းထင်သလို မဟုတ်ပါဘူး။ ဒီအိမ်ထဲမှာလည်း ရှိ[illegible]နေတယ်၊ ဒီလောကကြီးမှာလဲ ရှိနေတယ်၊ မင်း ယုံပြီမဟုတ်လား"

အဆိုပါမိန်းက[illegible]များသည် ငယ်ရွယ်နုပျိုကြပါသည်။

ခန္ဓာကိုယ်အချိုးအဆစ်မှာလည်း အလွန်တရာပြေပြစ်ကြပါသည်။ နတ်ပန်းချီရေးလို့မမီအောင် ချောမောပြေပြစ်ကြပါသည်။

နတ်သမီးများသဖွယ် ခွဲမကဲ့ဖွယ်ကောင်းလှသည့်မိန်းကလေးခ[illegible]ယောက်တို့သည် အဗိုးအား ဝိုင်းရံထားလိုက်ကြသည်။

သူ့အား တစ်ယောက်စီနှုတ်ဆက်ကြိုဆိုကြ၏။

စန္ဒကွမ်းကျင်းဟုန်သည် ထိုင်ခုံတစ်လုံးတွင် ဝင်ထိုင်လိုက်သည်။

သူက လက်ဖြင့် အချက်ပြလိုက်သောအခါ မိန်းကလေးတစ်ယောက်သည် အတွင်းခန်းမှ သေတ္တာတစ်လုံးကိုထုတ်ယူလာပြီး ပေးလိုက်သည်။



စန္ဒကွမ်းကျင်းဟုန်သည် ထိုသေတ္တာကိုယူပြီး ဖွင့်ပြီးပြလိုက်လေသည်။

ထိုအခါ ဝင်းလက်တောက်ပနေသော ကျောက်မျက်ရတနာများကိုတွေ့လိုက်ရသည်။

အားလုံး အရောင်တလက်လက်ထွက်နေသည်။

စန္ဒကွမ်းကျင်းဟုန်သည် အဗိုးအားပြုံးကြည့်လိုက်၏။

"ဒီမှာတွေ့လား ရတနာသေတ္တာ၊ ဒီရတနာတွေဟာ စားလို့ရသလား၊ စားလို့တော့မရဘူး၊ သုံးလို့တော့ရ[illegible]ယ်၊ မင်းသိထားဖို့က မင်းမှာ ဒီလိုရတနာသေတ္တာတစ်လုံးလောက်ပဲရှိ ဒီလိုမိန်းကလေးမျိုးအယောက်တစ်ရာလောက်ရအောင် မင်းဝယ်နိုင်တယ်ဆိုတာမှတ်ထားပါ"

အဗိုးသည် ခေါင်းငိုက်စိုက်ကျသွားသည်။

စန္ဒကွမ်းကျင်းဟုန်သည် သူ့ပခုံးအား အသာအယာကိုင်လိုက်လေ၏။

"မင်းမှာ အခု သေချင်တဲ့စိတ်ရှိသေးရဲ့လား"

စန္ဒကွမ်းကျင်းဟုန်၏အသံမှာ ညင်သာနေသည်။

အဗိုးသည် မိန်းကလေးများကမ်းပေးသည့်အရက်များကို ယူ၍မော့ချလိုက်၏။ အဗိုးသည် အရက်သုံးခွက်တိတိ ဆက်တိုက် မော့ချပစ်လိုက်သည်။

"ဟား… ဟား… ဟား…"

အဝိုးက ရယ်မောလိုက်သည်။

စန္ဒကွမ်းကျင်းဟုန်က…

"ကောင်းတယ်၊ ရယ်မှငါကြိုက်တယ်"

"ကျုပ်…ကျုပ်… မသေချင်သေးဘူးဗျာ၊ ကျုပ်ကဘာဖြစ်လို့ သေရမှာလဲ၊ ကျုပ်မသေချင်တော့ဘူး"

စန္ဒကွမ်းကျင်းဟုန်က ကျေနပ်စွာပြုံးလိုက်၏။

"အေး… ကောင်းတယ်၊ မင်းမသေချင်ဘူးဆိုရင် ဒီမှာရှိတဲ့ ပစ္စည်းတွေအားလုံးရယ်၊ ဒီမိန်းကလေးခုနစ်ယောက်ရယ် မင်းအတွက် ချည်းပဲ၊ မင်းလိုရာသုံးနိုင်တယ်"

အလွန်တရာအံ့သြစရာကောင်းသည့် ပေးကမ်းမှုဖြစ်ပါသည်။

ရက်ရောသည့်ပေးကမ်းမှုဖြစ်ပါသည်။

စန္ဒကွမ်းကျင်းဟုန်သည် အဝိုးအား ရက်ရက်စက်စက်ပင် ပေးကမ်းသွားပါသည်။

သူသည် အခန်းထဲမှဖြည်းညင်းစွာထွက်သွား၏။

သူသည်လက်နှစ်ဖက်ကိုနောက်ပစ်၍ အေးချမ်းစွာထွက်သွားခြင်းဖြစ်ပါသည်။

သူသည် အိမ်ကလေးအပြင်ရောက်သောအခါ တံခါးပြန်ပိတ်လိုက်လေသည်။



သူသည် ပန်းခြံထဲရောက်သောအခါ ကောင်းကင်ကိုမော့ပြီး ကြည့်လိုက်သည်။

ကောင်းကင်တွင်… တစ်ခြမ်းပဲ့လမင်းကလေးကို တွေ့ရလေ၏။ သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း…မနက်ဖြန်တော့ ရာသီဥတုသာယာလိမ့်မယ်ထင်ပါတယ်"

စန္ဒကွမ်းကျင်းဟုန် အေးဆေးစွာရေရွတ်လိုက်လေ၏။

~❁~

# အရက်နှင့်မျက်ရည်

ရာသီဥတုက တကယ်ပဲသာယာလှပါသည်။

လေသည် တဟူးဟူးတိုက်ခတ်လျက်ရှိသည်။

သဲမှုန့် ဖုန်မှုန့်များ လွင့်ပျံလျက်ရှိလေ၏။

နေရောင်ခြည်သည် တောက်ပပူပြင်းလျက်ရှိသည်။

မြင်းခွာသံကြားရပြီး မကြာမီ မြင်းတစ်စီးကိုစီးလာသော လူတစ်ယောက်ပေါ်ထွက်လာလေ၏။

ထိုသူသည် မျက်ခုံးမွေးထူသည်။

မျက်လုံးဝိုင်းစက်သည်။

သန်မာထွားကျိုင်းသည်။

သူသည် အဝါရောင်အင်္ကျီကိုဝတ်ဆင်ထား၏။

"ဒီနေ့ ကျွန်တော်တို့နဲ့ အစ်ကိုကြီးတို့ဟာ မဟာမိတ်ဖွဲ့ကြတဲ့



အတွက် ကျွန်တော်ဂုဏ်ယူပါတယ်၊ ဒါကြောင့် အစ်ကိုကြီးအနေနဲ့ တစ်ခွက်တစ်ဖလားသောက်ပြီး ချီးမြှောက်ဂုဏ်ပြုပါဗျာ"

"ကျုပ်အရက်မသောက်ဘူး"

လုံရှောင်ရင်းနောက်နားတွင်ရပ်နေသော ရှောင်ရင်းသည် အလိုက်သိစွာ လက်ဖက်ရည်တစ်ခွက်ကိုပေးသည်။

"ဒါဖြင့်ရင်လည်း ဂုဏ်ပြုတဲ့အနေနဲ့ လက်ဖက်ရည်ကြမ်းတစ်ခွက်လောက်ပဲ သောက်လိုက်ပါခင်ဗျာ"

စန့်ကွမ်းကျင်းဟုန်က လက်ကာပြသည်။

"ကျုပ်က လက်ဖက်ရည်ကြမ်းလည်း မသောက်ချင်ဘူး"

လုံရှောင်ရင်း အနည်းငယ်အံ့အားသင့်သွားလေ၏။

"ဒါဖြင့် အစ်ကိုကြီးခါတိုင်း ဘာကိုသုံးဆောင်ပါသလဲခင်ဗျာ"

"ကျုပ်က ရေပဲသောက်တယ်"

လုံရှောင်ရင်း ထပ်မံအံ့အားသင့်သွားပြန်လေသည်။

"ရေပဲသောက်တယ် ဟုတ်လား"

"ဟုတ်တယ်၊ ရေက ရင်ကိုအေးစေတယ်၊ ရေသောက်တဲ့လူမှသာ ရင်အေးတာ"

လုံရှောင်ရင်းသည် ရေတစ်ခွက်ကိုလှမ်းယူကာ ရိုသေစွာကမ်းပေးပြန်လေသည်။

"ဒါဖြင့် ရေပဲသောက်ပါဗျာ"

စန္ဒကွမ်းကျင်းဟုန်က ခေါင်းခါလိုက်လေသည်။

"ကျုပ်က ရေအရမ်းမသောက်ပါဘူး၊ ရေငတ်တဲ့အခါမှ ရေသောက်တာ၊ အခု ရေမငတ်သေးဘူး"

လုံရှောင်ရင်းသည် အနေရခက်သွားသည်၊ စိတ်လည်းညစ်သွားသည်။

ရှောင်ရင်းက ပြုံးပြုံးပင်ပြောလိုက်သည်။

"ဒီလိုဆိုရင် ကျွန်တော်က ဦးဦးကိုယ်စား သောက်ပေးပါ့မယ်လေ"

စန္ဒကွမ်းကျင်းဟုန်က...

"မင်းယူလာခဲ့ပစ္စည်း ပင်းပဲသောက်ပေါ့ကွာ"

ရှောင်ရင်းသည် လက်ဖက်ရည်ကြမ်းတစ်ခွက်၊ အရက်တစ်ခွက်၊ ရေတစ်ခွက်ကိုသောက်ပြလိုက်သည်။

ထို့နောက်... သူသည် ဆက်ပြောလိုက်ပြန်လေသည်။

"ကျွန်တော်တို့... အမွေးတိုင်၊ ဖယောင်းတိုင်တို့ကို ယူရင်မကောင်းဘူးလားခင်ဗျာ"

စန္ဒကွမ်းကျင်းဟုန်က သုန်သုန်မှုန်မှုန်နှင့်မေးလေသည်။

"ဘာလုပ်ဖို့တုန်း"

"အဲ... ကန်တော့ဖို့ပေါ့ဗျာ"

"ဘယ်သူတွေကိုကန်တော့မှာလဲ"



"နတ်သိကြားတွေကို ကန်တော့ရမှာပေါ့"

"နတ်က ငါတို့ကို လာမကန်တော့ဘဲ ငါတို့က နတ်ကို ဘာဖြစ်လို့ ကန်တော့ရမှာလဲ"

ရှောင်ရင်းက ပြုံးလိုက်သည်။

"ဟုတ်ပါတယ်ဗျာ၊ ဦးဦးတို့လို လျှမ်းလျှမ်းတောက်ပုဂ္ဂိုလ်မျိုးဟာ တကယ်တော့ နတ်သိကြားတွေလို အစွမ်းသတ္တိတွေရှိနေတာပါပဲ၊ နတ်တွေကလဲ ဦးဦးလိုလူမျိုးကိုလေးစားကြတာပါ"

စန္ဒကွမ်းကျင်းဟုန်မှာ အားလုံးကို ဘုနှင့်ဘောက်ချည်းသာ ပြောနေလေသည်။

သို့သော်... ရှောင်ရင်းက အားလုံးကိုလိုက်ဖြေနေသည်။

ရှောင်ရင်း၏စကားကို ကြားသောအခါ စန္ဒကွမ်းကျင်းဟုန်က မဲ့ရွဲ့လိုက်သည်။

"ငါက သူတို့ကိုမလေးစားဘူး၊ သူတို့ကလည်း ငါတို့ကို ဘာဖြစ်လို့ လေးစားကြမှာလဲ"

ရှောင်ရင်းက ချောင်းတစ်ချက်ဟန့်ပြီး မေးလိုက်သည်။

"ဒါဖြင့်... ဦးဦးရဲ့ သဘောက..."

စန္ဒကွမ်းကျင်းဟုန်၏မျက်နှာသည် အလွန်တရာတင်းမာသွားလေသည်။

"နေစမ်းပါဦး... မင်းရဲ့အဖေက ငါနဲ့မဟာမိတ်ဖွဲ့မှာလား၊ မင်း

ကဖွဲ့မှာလား"

စန့်ကွမ်းကျင်းဟုန်က စိတ်မရှည်ဟန်ဖြင့်မေးလိုက်၏။

ရှောင်ရင်းက ပြုံးပြီးဖြေသည်။

"ကျွန်တော့်ဖေဖေနဲ့ပါ"

စန့်ကွမ်းကျင်းဟုန်သည် သူ့အား အေးစက်စွာကြည့်ပြီး..

"ဒါဖြင့်... မင်းနောက်ဆုတ်"

ရှောင်ရင်း ဦးညွှတ်ဂါရဝပြုပြီး နောက်ဆုတ်သွားသည်။

"ဟုတ်ကဲ့"

သူသည် သူ့ဖခင်၏နောက်ဘက်နား၌ သွားရပ်နေလိုက်၏။

လုံရှောင်ရင်း၏မျက်နှာသည် ညှိုးမည်းနေသည်။

သူ မည်သည့်စကားကိုပြောရမှန်းမသိတော့။

စန့်ကွမ်းကျင်းဟုန်က ဘုန့်ဘောက်ချည်းသာပြောနေသည် မဟုတ်ပါလား။

စန့်ကွမ်းကျင်းဟုန်နှင့်ဆက်ဆံရသည်မှာ မလွယ်ကူကြောင်း လုံရှောင်ရင်းသိသည်။

ယခုသိသည်ထက် ပိုဆိုးနေသည်။ ယခုမန်အချိန်ဆိုလျှင် သူ့အားတွေ့ဖို့မလွယ်ပေ။

အသက်နှင့်ရင်းပြီး သွားရောက်တွေ့ဆုံမှ တွေ့ခွင့်ရပေသည်။

ထိုစဉ် အဝါရောင်ဝတ်ထားသော မျက်ခုံးကောင်းကောင်းနှင့်



သန်မာသောလူသည် စန့်ကွမ်းကျင်းဟုန်အား အရိုအသေပြုပြီး အနားသို့ကပ်လာခဲ့သည်။

စန့်ကွမ်းကျင်းဟုန်က စူးရှသောမျက်လုံးများဖြင့်ကြည့်လိုက်သည်။ ထိုလူက...

"ကျွန်တော် အမိန့်ကိုပို့လိုက်ပါပြီ၊ ဒါပေမယ့်...."

စန့်ကွမ်းကျင်းဟုန် မျက်မှောင်ကုပ်လိုက်သည်။

"ဘာဖြစ်ပြန်ပြီလဲ"

သူသည် တိုးတိုးပြောနေရာမှပိုတိုးသွားသည်။

"သူ အလွန်အကျွံအရက်မူးနေပါတယ်ခင်ဗျာ"

စန့်ကွမ်းကျင်းဟုန် မျက်မှောင်ကုပ်သွားသည်။

သူ့တစ်သက်တွင်...

ဤတစ်ကြိမ်လောက် တစ်ခါမျှ စိတ်အနှောင့်အယှက်မဖြစ်ခဲ့ဘူးပေ။

"သူ့ကိုရေနဲ့ပက်လိုက်၊ သူသတိမရသေးရင် သူ့ကို ရေချိုးပေးလိုက်"

"ဟုတ်ကဲ့"

လူသည် ဦးညွှတ်ဂါရဝပြုပြီး နောက်ဆုတ်သွားသည်။

ထို့နောက် ဧည့်ခန်းမမှထွက်ခွာသွားတော့သည်။

လုံရှောင်ရင်းသည်... တိုးတိုးပြောနေကြသော စကားများကို

သေချာစွာမကြားရပေ။

သူသည် စန္ဒကွမ်းကျင်းဟုန်နှင့် ရယ်ရယ်မောမော ဝစကားပြော နိုင်ရန်စဉ်စားမိသည်။

"အစ်ကိုကြီးက လူတစ်ယောက်ကိုစောင့်နေတာ ဟုတ်လား"

စန္ဒကွမ်းကျင်းဟုန်က ခေါင်းကိုခါယမ်းလိုက်၏။

"ကျုပ်က ဘယ်သူ့ကိုစောင့်ရမှာလဲ"

လုံရှောင်ရင်းက ပြုံးလိုက်သည်။

"ဒီလိုဆိုရင် လူအားလုံးစုံနေပြီပဲ၊ အစ်ကိုကြီး ကြေညာချင် ကြေညာလိုက်ပါတော့"

စန္ဒကွမ်းကျင်းဟုန်က...

"မဟာမိတ်ပွဲ တာ မင်းကအိမ်ရှင်လား... ငါကအိမ်ရှင်လား ပြောပါဦး"

လုံရှောင်ရင်းးကပြုံးပြီး ပြောလိုက်သည်။

"အစ်ကိုကြီးကအိမ်ရှင်ပါ"

"ငါကအိမ်ရှင်ဆိုတော့ ငါ့စကားကိုနားထောင်ပေါ့၊ မင်းတို့က နားရေ ထွက်ကျူး မိကျောင်းမင်းရေခင်းပြီး ရှေ့ကကျော်ကျော်မပြော စမ်းပါနဲ့"

"ဟုတ်ကဲ့ခင်ဗျ"

လုံရှောင်ရင်းမှာ မျက်နှာကြီးမည်းသွား၏။



သူသည် စန္ဒကွမ်းကျင်းဟုန်၏ အကြံအစည်ကိုလည်း မရိပ် ပေ။

သူသည် စန္ဒကွမ်းကျင်းဟုန်၏အကြံအစည်ကိုသာ သိလျှင် သို့ နေဝံ့ကြလိမ့်မည်မဟုတ်ပေ။

စန္ဒကွမ်းကျင်းဟုန်က...

"ခင်ဗျားတို့လဲ အရက်သောက်ကြပါ၊ ဧည့်သည်ပရိသတ်အား လဲ အရက်သောက်ကြပါခင်ဗျာ"

ဧည့်ခန်းမအတွင်းရောက်နေသော ဧည့်ပရိသတ်များသည် အ ကျများနှင့် စားကောင်းသောက်ဖွယ်ရာများကို စားသောက်ကြတော့ ၏၊ စန္ဒကွမ်းကျင်းဟုန်မှာမူ ငူငူကြီးထိုင်နေ၏။

သူသည် အရက်လည်းမသောက်၊ အစားလည်းမစားပေ။

အိမ်ရှင်ဖြစ်သူက အရက်မသောက်၊ အစားမစားသည့်အတွက် လုံရှောင်ရင်းမှာ စားရကောင်းနိုးနိုး မစားရကောင်းနိုးနိုးဖြစ်နေသည်။

ထိုစဉ် ခန်းမထဲသို့ လူတစ်ယောက်ပြေးဝင်လာလေတော့ သည်။

ထိုသူသည် တစ်ကိုယ်လုံးစိုရွှဲနေ၏။

ကလုံးများသည်နီရဲလျက်ရှိပြီး အခန်းထဲရှိဧည့်သည်များ ကို လှောက်ကြည့်နေသည်။

ထိုသူမှာ အလွန်အရက်မူးနေပုံရသည်။

"အနီရောင်ဝတ်စုံဝတ်ထားတဲ့သူ ဘယ်မလဲ၊ အနီရောင်ဝတ် စုံဝတ်ထားတဲ့လူ ဘယ်မလဲ"

"အဝိုး"

လုံရှောင်ရင်းသည် ဆတ်ခနဲထရပ်လိုက်၏။

သူ့နှုတ်မှလည်း ရေရွတ်လိုက်၏။

သူ့အသံကြားလိုက်ရသဖြင့် အဝိုး၏မျက်လုံးအစုံသည် သူ့ သို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိလာလေသည်။

"အနီရောင်ဝတ်စုံဝတ်ထားတဲ့လူက မင်းကိုး"

သူ့မျက်လုံးများသည် စူးရှတောက်ပမှုမရှိပေ။

ရီဝေနေသည်။

အရက်ခိုးများ ဝေနေသည်။

အဝိုးသည် ဓားကိုဆွဲထုတ်လိုက်သည်။

"ရှမ်း...."

လုံရှောင်ရင်းသည်... အဝိုး၏ဓားကိုမြင်သောအခါ ကြော လန့်ရမှန်းသိသွား၏။

ထိတ်လန့်တုန်လှုပ်သွားလေသည်။

သူသည်... ကြောက်ကြောက်ရွံ့ရွံ့နှင့် နောက်ဆုတ် နော ဆုတ်သွားမိလေသည်။

"မပြေးနဲ့ အနီရောင်ဝတ်စုံနဲ့လူကိုသတ်မယ်၊ သတ်ရမ



အဝိုးသည် ဓားကိုဝှေ့ယမ်းရင်း လုံရှောင်ရင်းဆီသို့ပြေးလာ လသည်။

သို့သော် သူ့ပြေးပုံက အားမာန်မပါ။

ဒယီးဒယိုင်ဖြစ်နေသည်။

ခြေလှမ်းများ ယိမ်းယိုင်နေသကဲ့သို့ လက်ထဲမှဓားသည်လည်း ယိမ်းထိုးနေသည်။

ဤမျှတုန်ယင်နေသောလက်ဖြင့် ပစ်မှတ်ကိုထိုးခုတ်နိုင်ပါ ည်လော။

လုံရှောင်ရင်းသည်... ထိတ်လန့်တုန်လှုပ်သွားပြီး နောက်သို့ ဆုတ်ကာထွက်ပြေးတော့သည်။

~❁~

လုံ့ရှောင်ရင်းသည် ကြောက်အားလန့်အားနှင့် ရှေ့မှပြေးနေ

လေ၏။ အိုးက ယိုင်ထိုးယိုင်ထိုးနှင့်ဆက်လိုက်တော့သည်။

ရှောင်ရင်းသည် ပြေးနေရာမှရပ်ကြည့်နေ၏။

သူသည် လုံ့ရှောင်ရင်းကဲ့သို့ အကြောက်မကြီးချေ။

အိုး၏ခန္ဓာကိုယ်မှ အရက်နံ့များ ထောင်းထောင်းထနေသ

ဖြင့် အိုးသည် အလွန်အကျွံမူးနေကြောင်း သူရိပ်မိသည်။

ထို့ကြောင့် လုံ့ရှောင်ရင်းအားပြေးလိုက်နေသည့်အိုး၏ ခြေ

ထောက်အကြားသို့ ခုံတစ်လုံးပစ်ထည့်ပေးလိုက်လေသည်။

"ဝုန်း..."

အိုးသည် ရှောင်ရင်း ထိုးခံပေးလိုက်သောခုံနှင့်တိုက်မိပြီး

ကိုယ့်ကိုယ်ကိုမဟန်နိုင်ဘဲ ဝုန်းခနဲပြိုလဲကျသွားလေသည်။

သူ့လက်ထဲမှဓားသည်လည်း အဝေးသို့လွင့်ထွက်သွားသည်။

ပြေးနေသောလုံ့ရှောင်ရင်းသည် ဓားကိုလျင်မြန်စွာ ကောက်

ယူလိုက်သည်။

ထို့နောက် အိုး၏နောက်ကျောကို ဓားဖြင့်တော့ထားလိုက်၏။

ဤသို့ ဓားဖြင့်တော့ထားခြင်းမှာ စန့်ကွမ်းကျင်းဟုန်၏မျက်နှာ

ကို မြင်လိုက်ရသောကြောင့်ဖြစ်ပါသည်။

စန့်ကွမ်းကျင်းဟုန်၏မျက်နှာမှာ ကြောက်မက်ဖွယ် ကောင်း

လောက်အောင်သုန်မှုန်နေသည်။



လုံ့ရှောင်ရင်းက သူ့အား လိုက်သတ်နေသဖြင့် စန့်ကွမ်းကျင်း

ဟုန်စိတ်ဆိုးနေသည်ဟုထင်သည်။

တကယ်တော့ စန့်ကွမ်းကျင်းဟုန် စိတ်ဆိုးရခြင်းမှာ သူ့အစီ

အစဉ်ပျက်ရသောကြောင့် ဖြစ်ပါသည်။

လုံ့ရှောင်ရင်းကပြုံးပြီး...

"ဒီလူက... အစ်ကိုကြီးရှေ့မှာတောင် ဒီလောက် ရမ်းကားနေ

တယ်၊ အစ်ကိုကြီးကွယ်ရာဆိုရင် ပြောစရာရှိတော့မှာမဟုတ်ဘူး။ သတ်

ပစ်ဖို့ပဲကောင်းတယ်"

စန့်ကွမ်းကျင်းဟုန်သည် သုန်သုန်မှုန်မှုန်ကြည့်နေပြီးမှ လုံ့

ရှောင်ရင်းကိုမေးသည်။

"မင်း... ဒီဂေဟာရှေ့မှာ ခွေးတစ်ကောင်ကို တွေ့ခဲ့သလား"

လုံ့ရှောင်ရင်း နားမလည်နိုင်ဘဲဖြစ်သွားရသည်။

"ဟုတ်... ဟုတ်ကဲ့၊ တွေ့မိသလိုလိုပါပဲ"

"မင်း ဒီလူကိုသတ်ရင် ခွေးတစ်ကောင်ကို သတ်တာနဲ့အတူ

တူပဲ"

လုံ့ရှောင်ရင်းက ပြုံးလိုက်၏။

"အစ်ကိုကြီးမှန်ပါတယ်၊ ကျွန်တော်သဘောပေါက်သွားပါပြီ၊

ဒီလူဟာ ခွေးလောက်မှ တန်ဖိုးမရှိတဲ့လူပဲ၊ ဒီလူကိုသတ်ရင် သတ်တာပဲ

အဖတ်တင်မယ်၊ ကျွန်တော် မသတ်တော့ပါဘူးဗျာ"

"မင်းကကော..."

လုံရောင်ရင်း မျက်မှောင်ကုပ်သွား၏။

"ကျွန်တော်... ဟုတ်လား"

"အေး... မင်းကိုပြောတာ၊ မင်းကိုပြောတာ"

"ကျွန်တော်... ကျွန်တော်ဘာဖြစ်လို့လဲ"

"မင်းက ခွေးလောက်တောင် တန်ဖိုးမရှိပါဘူးကွ"

"ဗျာ..."

လုံရောင်ရင်း၏မျက်နှာမှာ မည်းမှောင်သွားသည်။

"မင်းက ခွေးလောက်တောင် တန်ဖိုးမရှိဘူးကွ၊ ဒါကြောင့်... သူ့ကိုတွေ့တာနဲ့ မင်းထွက်ပြေးတာပေါ့"

ထိုအခါမှ လုံရောင်ရင်းသိတော့သည်။

ကျောကိုတည့်တည့်ချပြမှ ဓားပြမှန်းသိတော့သည်။

စန္ဒကွမ်းကျင်းဟုန်ကိုယ်တိုင် သူ့ကို ရန်လိုနေမှန်း ယခုမှသိရတော့သည်။

သူ အသိနှောင်းခဲ့လေပြီ။

စန္ဒကွမ်းကျင်းဟုန်သည် ထိုင်ရာမှထလိုက်၏။

သိုင်းလောကသားများအား လက်ထောင်ပြလိုက်၏။

"ကြွရောက်လာတဲ့ သိုင်းလောကသားဧည့်ပရိသတ်အပေါင်းတို့ခင်ဗျား... ခင်ဗျားတို့ဟာ ခွေးနဲ့မဟာမိတ်ဖွဲ့ကြမှာလား"



ဧည့်ပရိသတ်များသည် တစ်သံတည်း ပြိုင်တူပြောလိုက်၏။

"ကျုပ်တို့ ခွေးနဲ့ ဘယ်မိတ်ဖွဲ့ပါ့မလဲဗျာ"

စန္ဒကွမ်းကျင်းဟုန်က ပြုံးလိုက်၏။

"ခင်ဗျားတို့တောင် ခွေးနဲ့မိတ်ဆွေမဖွဲ့ချင်ရင် ကျုပ်ကကော ဘာဖြစ်လို့ ခွေးနဲ့မိတ်ဆွေဖွဲ့ရမှာလဲ"

သူသည် ပြောရင်း လုံရောင်ရင်းအား စေ့စေ့ကြည့်လိုက်၏။

"ခင်ဗျားလည်း ခွေးနဲ့အတူတူပါပဲ၊ ခင်ဗျား ကျုပ်နဲ့တော့ မဟာမိတ် မဖွဲ့ပါနဲ့၊ ဒီခွေးနဲ့ပဲ မဟာမိတ်ဖွဲ့ဖို့အကြံပေးပါရစေ"

လုံရောင်ရင်းသည် အသားများ တဆတ်ဆတ်တုန်သွားလေ၏။

ဒေါသထွက်ခြင်း၊ ရှက်ခြင်း၊ ကြောက်ရွံ့ခြင်းများ တစ်ပြိုင်နက်တည်း ခံစားလိုက်ရလေ၏။

ရောင်ရင်းသည် ရှေ့သို့ထွက်လာပြီး သူ့ဖခင်လက်ထဲမှဓားကို လှမ်းယူလိုက်သည်။

သူသည် စန္ဒကွမ်းကျင်းဟုန်ရှေ့သို့လျှောက်သွားပြီး ဦးညွှတ်ဂါရဝပြုလိုက်သည်။

"ဂိုဏ်းချုပ်ကြီးခင်ဗျား... အခုလို မဟာမိတ်ဖွဲ့ဖို့ အကြံဟာ ကျွန်တော်ပေးတဲ့အကြံဖြစ်ပါတယ်၊ ဒါကြောင့် အပြစ်ရှိရင် ကျွန်တော့်မှာသာအပြစ်ရှိပါတယ်၊ ဂိုဏ်းချုပ်ကြီး အပြစ်ပေးချင်ရင် ကျွန်တော့်ကို

သာအပြစ်ပေးပါ"

စန္ဒကွမ်းကျင်းဟုန်သည် သူ့ကို အတန်ကြာစိုက်ကြည့်ပြီး...

"မင်းက မင်းအဖေထက် သင့်ကိုရှာတယ်၊ မပြောရဲခဲ့ဘူးလေ၊ လူ ဝင်ဆံ့တယ်၊ ဒါကြောင့် ခွေးနဲ့မတူဘူး မင်းဟိုသားအဖကို ငါ့ဓားတစ်ကြိမ် တော့ခွင့်လွှတ်လိုက်မယ်၊ မင်းကိုလည်း [illegible]ကိုသားနိုင်တယ်၊ မင်းတို့ မျက်နှာကို ငါနောက်ထပ်မကြည့်ချင်တော့ဘူး [illegible]..."

လုံရောင်ရင်းတို့သားအဖသည် အခန်းထဲမှ လျင်မြန်စွာ ထွက်ခွာသွားကြသည်။

သူတို့အား မလိုလားသော သည်ခန်းမထဲ၌ ဘာကြောင့်အချိန်ဖြုန်းနေရတော့မည်နည်း။

အမြန်ဆုံးထွက်ခွာသွားခြင်းသာ အကောင်းဆုံးဖြစ်ပေသည်။

အဝိုးသည် ဒယီးဒယိုင်ဖြင့်လူးလဲထလာသည်။

သူသည် စားပွဲပေါ်မှအရက်များကိုမြင်တွေ့သောအခါ စောစောကဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များကို သတိမရတော့ပေ။

သူသည် စားပွဲပေါ်မှ အရက်ကရားကိုဆွဲယူလိုက်ပြီး အရက်များကို အငမ်းမရမော့သောက်လေတော့သည်။

"ခြိမ်း..."

ကြွေကရားသည် ကြမ်းပြင်ပေါ်သို့ လွင့်စဉ်ကျကွဲသွားခြင်းဖြစ်၏။



မည်သူက ပုတ်ချလိုက်သနည်း။

စန္ဒကွမ်းကျင်းဟုန်က ပုတ်ချလိုက်ခြင်းဖြစ်ပါသည်။

စန္ဒကွမ်းကျင်းဟုန်သည် သူ့အား စေ့စေ့ကြည့်ပြီး ပြောလိုက်လေ၏။

"ဒီအရက်ဟာ မင်းနဲ့မတန်ဘူး"

သူသည် ငွေတုံးတစ်တုံးကိုနှိုက်ယူလိုက်ပြီး... အဝေးသို့လွှင့်ပစ်လိုက်လေ၏။

"ဒီအရက်ဟာ ဧည့်သည်တော်ကောင်းတွေ သောက်ဖို့ထားတဲ့အရက်ကောင်းတွေ၊ မင်းအတွက်မဟုတ်ဘူး၊ မင်းသောက်ချင်ရင် အဲဒီငွေတွေကောက်ပြီး ကိုယ့်ဟာကိုယ်ဝယ်သောက်ချေ"

အဝိုးသည် ခေါင်းမော့လာပြီး စန္ဒကွမ်းကျင်းဟုန်အား ကြည့်လိုက်၏။

ထို့နောက် တဖြည်းဖြည်းလှည့်ပြီး ငွေတုံးကျနေရာသို့ ဖြည်းညင်းစွာလျှောက်သွားနေသည်။

သူသည် ရပ်တန့်လိုက်၏၊ ငွေတုံးသည် သူ့ခြေရင်းတွင်ရှိနေသည်။

အတန်ကြာစဉ်းစားပြီး ထိုငွေတုံးလေးကို ကောက်ယူရန် လက်ဆန့်တန်းလိုက်သည်။

စန္ဒကွမ်းကျင်းဟုန်သည် ပြုံးလာ၏။

သူ့အပြုံးသည် ကောက်ကျစ်စဉ်းလဲပြီး ရက်စက်သောအပြုံး ဖြစ်သည်။

သူသည် အဝိုး ငွေတုံးအား ကောက်ယူသည်ကို အေးစက်သောအပြုံးဖြင့်လှမ်းကြည့်နေ၏။

သို့စဉ် ဓားရောင်တစ်ချက် လင်းလက်သွားသည်။

ဓားတစ်လက်သည် ငွေတုံးပေါ်သို့ရောက်ရှိလာလေ၏။

အလွန့်သေချာ၏။

အလွန်တိကျသောဓားသည် ငွေတုံးပေါ်၌ ထိုဓားသည်လာရောက်ထိုးစိုက်နေသည်။

"ဒုတ်"

ဓားသည် ဒုတ်ခနဲလာရောက်ထိုးစိုက်နေသည်။

အဝိုး၏မျက်နှာပြင်ပေါ်တွင် ပြင်းထန်သော ဝေဒနာတစ်ရပ်ခံစားလိုက်ရသည့်အရိပ်အယောင်များ ပေါ်နေသည်။

သူ၏အသားများသည် တဆတ်ဆတ်တုန်နေသည်။

သူသည် ဓားမည်သည့်နေရာမှလာသည်ကို သိသည်။

ဓားသည် ဧည့်ခန်းတံခါးမှလာပေသည်။

သူသည် ဓားလာရာအရပ်ကိုကြည့်လိုက်၏။

သူတစ်ကိုယ်လုံး တောင့်တင်းသွားသည်။

တံခါးဝကွင် လူတစ်ယောက်ရပ်နေသည်။



"ဒီအခန်းထဲကအရက်တွေဟာ အကောင်းဆုံးအရက်တွေပဲ၊ အပြင်က အရက်တွေဟာ အပေါစားအရက်တွေပဲ၊ မင်းသောက်ချင်သလောက်သောက်လိုက်စမ်းပါ၊ ဒီအခန်းထဲကအရက်တွေကို ကုန်အောင်သောက်လဲရတယ်၊ ငါယူပေးမယ်"

ထိုလူသည် ပြောပြောဆိုဆိုနှင့် အခန်းထဲသို့ တည်ငြိမ်စွာဝင်လာလေ၏။

တစ်ခန်းလုံးအပ်ကျသံကြားရမတတ် ငြိမ်သက်သွားသည်။

ဧည့်သည်များသည် အရက်ကရားများကိုယူ၍ ဝင်လာသူအားပေးမိကြသည်။

တိတ်ဆိတ်ငြိမ်သက်စွာ ကမ်းပေးကြခြင်းဖြစ်သည်။

တစ်ခန်းလုံး ငြိမ်သက်နေသည်။

ချောက်ချားစရာပင်၊ ပင်လယ်ပြင်ထဲမုန်တိုင်းမကျခင် ငြိမ်သက်ခြင်းမျိုးသာဖြစ်ကြောင်း ဧည့်သည်သိုင်းသမားအားလုံး သိရှိနေကြလေသည်။

စန့်ကွမ်းကျင်းဟုန်ပင်လျှင် စကားမပြောနိုင်တော့ပါ။

ဝင်လာသူကို သူသည် စူးစိုက်ကြည့်နေလေ၏။

ထိုလူသည် ပိန်ပိန်ပါးပါး၊ အရပ်အနည်းငယ်မြင့်သော်လည်း သာမန်လူတစ်ယောက်ပုံစံမျိုးသာ ရှိပါသည်။

အဝတ်အစားများမှာလည်း ဟောင်းနွမ်းနေသည်။

ဆံပင်တချို့မှာ ဖြူနေသည်။

သိသာသည်တော့ မဟုတ်ပါ။

ထိုသူသည်…

အသက်သုံးဆယ်ခန့်ရှိပြီး ဆင်းရဲသားတစ်ယောက် အသွင်အပြင်ရှိနေပါသည်။

ထိုလူသည် အရက်ကိုခွက်တစ်ခုထဲထည့်၍ အဝိုးအားပေးနေသည်။ စန့်ကွမ်းကျင်းဟုန်သည် ဟန့်တားရန်မေ့လျော့နေသည်။

အဝိုးသည် ထိုသူကမ်းပေးသောအရက်ခွက်ကို လက်နှစ်ဖက်ဖြင့်ယူ၍ အရက်ခွက်ကို စိုက်ကြည့်နေသည်။

သူ၏မျက်လုံးအစုံမှ မျက်ရည်နှစ်စက်သည် အရက်ခွက်ထဲသို့ ပေါက်ခနဲကျသွားလေတော့သည်။

~❦~



အရက်ကမ်းပေးသူ ထိုလူ၏မျက်လုံးအစုံကိုလည်း ကြည့်ပါလေဦး။

သူ၏မျက်လုံးအစုံ၌လည်း မျက်ရည်များဝေသီလျက်ရှိသည်။

သူသည် သူတောင်းစားတစ်ဦးထက် နိမ့်ကျနေသည့်အဝိုး၏ဘဝကို ရင်နာသိမြင်နေရပြီမဟုတ်ပါလား။

ထိုသူသည် စကားမပြောပါ။

အမူအရာနှင့်သာ လှုပ်ရှားလျက်ရှိပါသည်။

သူ၏မျက်ရည်များသည် အဆွေခင်ပွန်းတစ်ယောက် နွမ်းပါးနိမ့်ကျနေသည်ကိုမြင်ရသဖြင့် ကျသည့်မျက်ရည်များသာဖြစ်ပါ၏။

ထိုမျက်ရည်သည်…

အသည်းနှလုံးထဲမှစိမ့်ထွက်လာသော မျက်ရည်များပင်ဖြစ်ပါသည်။

အဝိုး၏လက်များသည် တဆတ်ဆတ်တုန်ခါနေလေ၏။

“အား…”

ရုတ်တရက် သူသည်ကျယ်လောင်စွာ အော်ဟစ်လိုက်၏။

သူသည် အရက်ခွက်အား ကြမ်းပြင်ပေါ်သို့ ပေါက်ခွဲလိုက်၏။

ထို့နောက် ချာခနဲလှည့်ကာပြေးထွက်သွားတော့သည်။

ထိုလူသည် အဝိုးနောက်သို့ စိုးရိမ်တကြီးပြေးလိုက်ရန် ဟန်ပြင်လေသည်။

"ခဏနေပါဦး"

စန့်ကွမ်းကျင်းဟုန်က တားမြစ်လိုက်ခြင်းဖြစ်လေသည်။

သူသည် အပိုးနောက်သို့ပြေးလိုက်ချင်သော်လည်း...

သူ့ခြေလှမ်းများကို ရပ်တန့်လိုက်၏။

စန့်ကွမ်းကျင်းဟုန်က အေးတိအေးစက်ပြောလိုက်၏။

"မင်းစိတ်ထဲရှိသလို လာချင်ရာလာဖို့ မသင့်ဘူး၊ နောက်ပြီး မင်းစိတ်ထဲရှိသလို သွားချင်ရာသွားဖို့လဲ မသင့်ဘူး"

ထိုသူသည် အနည်းငယ်တိတ်ဆိတ်နေပြီးမှ အေးစက်စွာပြုံးလိုက်၏။ သူ၏အေးစက်စက်လေသံသည် ခန်းမကြီးကိုလွှမ်းခြုံသွားလေသည်။

"မှန်တယ်... လာပြီးတဲ့နောက်တော့ သွားစရာဘယ်လိုတော့မလဲ"

သူသည် အခန်းထဲသို့ ဝင်ရောက်ခဲ့ပြီးနောက် စန့်ကွမ်းကျင်းဟုန်ကို တစ်ချက်မျှမကြည့်ခဲ့ပေ။

သူသည် ဖြည်းညင်းစွာလှည့်လိုက်၏။

စန့်ကွမ်းကျင်းဟုန်နှင့် မျက်နှာချင်းဆိုင်လိုက်၏။

သူတို့နှစ်ယောက် အကြည့်ချင်းဆုံသွားကြလေပြီ။

သူတို့နှစ်ယောက်၏အကြည့်များသည် ဓားဓားချင်းထိခတ်မိသကဲ့သို့ မီးပွင့်များဖြာထွက်သွားသည်။



ဝင်လာ၏မျက်လုံးများသည် စန့်ကွမ်းကျင်းဟုန်ကဲ့သို့ စူးရှပြောင်လက်လှသဖြင့်...

ထိုသူသည် သိုင်းပညာကိုအဆင့်မြင့်မြင့်မားမား တတ်မြောက်ထားကြောင်း ပရိသတ်ကရိပ်စားမိလိုက်၏။

စန့်ကွမ်းကျင်းဟုန်ကလည်း မြေမြေချင်းခြေမြင်သည်။

ထိုသူသည် သိုင်းပညာအလွန်အဆင့်မြင့်ကြောင်း သိရှိလိုက်လေသည်။

"မင်းရဲ့ ဓားကော..."

ထိုသူသည် လက်ဝါးဖြန့်ပြလိုက်၏။

အလွန်ပါးလွှာသော ဓားတစ်လက်။

အလွန်ထက်မြက်သော ဓားတစ်လက်။

အလွန် အရောင်ဝင်းလက်သော ဓားတစ်လက်။

ထိုဓားတစ်လက်သည် လက်ဝါးပြင်ထဲ၌ငြိမ်သက်နေ၏။

"ရှောင်လီဓားပျံ"

ပရိသတ်များသည်...

အာမေဋိတ်သံဖြင့် အော်ဟစ်လိုက်ကြလေ၏။

သြထိတ်လန့်မှုများသည် သူတို့မျက်နှာ၌ထင်ဟပ်လာကြကုန်၏။

ပရိသတ်များသည် လှုပ်လှုပ်ရွရွဖြစ်သွားကြသည်။

ရောင်လီစားပျံသည် သိုင်းလောကထဲမှ ပျောက်နေသည်မှာ နှစ်နှစ်ခန့်ရှိပြီ။

"လီရင်ဆိုင်..."

သူတို့သည် ရောင်လီစားပျံ၏ပိုင်ရှင်ကို ကောင်းစွာသိရှိကြပါသည်။ လီရင်ဆိုင်သည် ရောင်လီစားပျံတွဲ့ရနေသည်မှာ သိုင်းလောကၽ္ခအတော်ကြာနေပြီ။ ယခုအချိန်ထိ...

ရောင်လီစားပျံကို လွတ်အောင်ရှောင်နိုင်သူ သိုင်းလောကၽ္ခ တစ်ဦးတစ်ယောက်မျှမရှိသေးပါ။

စန့်ကွမ်းကျင်းဟုန်။

လီရင်ဆိုင်။

သူတို့နှစ်ဦးသည် တစ်ယောက်နှင့်တစ်ယောက် လေးလံမျှ အကွာၽ္ခ မျက်နှာချင်းဆိုင်ရပ်နေကြပါပြီ။

ဧည့်ပရိသတ်များသည်...

လီရင်ဆိုင်လက်ထဲမှရောင်လီစားပျံကို မြင်ပြီးနောက် နောက်တွန့်သွားမိကြသည်။ သူတို့သည် စန့်ကွမ်းကျင်းဟုန်ကိုကြည့်မိကြ၏။

စန့်ကွမ်းကျင်းဟုန်နှင့်လီရင်ဆိုင်သည် ပြိုင်ဘက်များဖြစ်၏။

စန့်ကွမ်းကျင်းဟုန် ဘာလုပ်မည်နည်း။

~❋~

## ကျားနှင့်ဆင်

စန့်ကွမ်းကျင်းဟုန်၏အမည်စာရင်းသည် သိုင်းပညာရှင်များ၏အဆင့်တွင် အဆင့်နှစ်ရှိ၏။

သူ၏နဂါးနှင့်ကျား... သံမဏိကွင်းနှစ်ခုသည် နှစ်ပေါင်းနှစ်ဆယ်အတွင်း ပြိုင်ဘက်မရှိ ကျော်ကြားခဲ့သည်။

သူသည် ကောက်လည်းကောက်ကျစ်သည်။

ရက်လည်း ရက်စက်သည်။

ဖြတ်ထိုးဉာဏ်လည်းကောင်းသည်။

၏ကြေးပြားဂိုဏ်း ဟိုးဟိုးကျော်နေခဲ့လေပြီ။

လီရင်ဆိုင်ကား... သိုင်းလောကသိုင်းပညာရှင်များ၏အမည်စာရင်းတွင် အဆင့်သုံးဖြစ်သည်။

သူ၏ရောင်လီစားပျံကို... သိုင်းလောကၽ္ခ ရှောင်နိုင်သူဟူ၍

မတွေ့ဘူးသေးချေ။

သူကား တစ်ကိုယ်တော်သမားဖြစ်သည်။

မကောင်းသူပယ် ကောင်းသူကယ် သိုင်းသမားဖြစ်သည်။

သို့သော်... သူသတ်ခဲ့သူများပြားလှသဖြင့် သူလည်းလူသတ်သမားဘွဲ့ရလုနီးနီးဖြစ်နေသည်။

သို့သော်... သူသတ်သည်မှာ ဆယ်ကြိမ်ဆယ်ခါပြန်လောက်သေသင့်သူများဖြစ်ကြသည်။

ယခု...

မမျှော်လင့်ဘဲ သိုင်းလောက၏ပြိုင်ဘက်ကင်း နှစ်ယောက်သည် ထိပ်တိုက်တွေ့ဆုံနေကြလေပြီ။

မည်သူက အနိုင်ရရှိပါမည်နည်း။

အဆိုပါမေးခွန်းမှာ သိုင်းလောကသားများ အလွန်စိတ်ဝင်စားသည့်မေးခွန်းဖြစ်ပါသည်။

အဆို၊ ပြိုင်ပွဲကိုလည်း ရင်တမမနှင့်စောင့်စားမျှော်လင့်ကြည့်နေမိကြသည်။

လီရင်ဆိုင်သည် စန့်ကွမ်းကျင်းဟုန်၏လက်ဆီသို့ကြည့်လိုက်သည်။

သူသည် မည်သည့်လက်နက်မျှ ကိုင်မထားပါ။

သူ့လက်ထဲ၌ သံကွင်းများလည်းမရှိပါ။

"ခင်ဗျားရဲ့နဂါးနဲ့ ကျားသံမဏိကွင်းနှစ်ကွင်းကော"



"ရှိပါတယ်"

"ဘယ်မှာလဲ"

"ငါ့စိတ်ထဲမှာ"

"စိတ်ထဲမှာ... ဟုတ်လား"

"ဟုတ်တယ်၊ မင်းဘယ်လိုမြင်လဲ ငါ့လက်ထဲမှာ နဂါးနဲ့ကျားကိုမမြင်တာနဲ့ ငါမကိုင်ထားဘူးလို့ ထင်သလား၊ တကယ်တော့... ငါ့စိတ်ထဲမှာ ကိုင်ထားပါတယ်"

လီရင်ဆိုင်၏မျက်လုံးထဲ၌ ထူးခြားသောအရိပ်အယောင်များသည် သူ့အား စဉ်းစားစရာစကားများ ပြောလိုက်လေသည်။

"လက်ထဲမှာ သံမဏိကွင်းတွေမရှိပေမယ့် ငါ့စိတ်ထဲမှာတော့ သံမဏိကွင်းတွေရှိနေတယ်"

အလွန်ထူးဆန်းသော စန့်ကွမ်းကျင်းဟုန်၏စကားဖြစ်သည်။

သူသည် သိုင်းပညာ၏အထွတ်အထိပ်ဖြစ်သော သိုင်းပညာရပ်တစ်ခုကိုတတ်မြောက်နေပြီဟု ဆိုလိုခြင်းလား။

စန့်ကွမ်းကျင်းဟုန်က ဆက်ပြောလေသည်။

"လွန်ခဲ့တဲ့ ခုနစ်နှစ်လောက်ကစပြီး ငါ့လက်ထဲမှာ သံမဏိကွင်းတွေ မရှိတော့ပါဘူး"

လီရင်ဆိုင်က ခေါင်းညိတ်လိုက်သည်။

"ကျုပ်ရိုးကျိုးပါတယ်"

လီရင်ဆိုင်က ပြတ်ပြတ်တောက်တောက်ပြောလေသည်။

စန့်ကွမ်းကျင်းဟုန်သည်... လီရင်ဆိုင်အား အတန်ကြာစိုက်ကြည့်သည်။

"မင်း... မင်း သဘောပေါက်တယ် ဟုတ်လား"

"ဟုတ်တယ်... ကျုပ်သဘောပေါက်တယ်၊ လက်ထဲမှာ သံမဏိကွင်းရှိရင် ကာကွယ်လို့ရတယ်၊ လက်ထဲမှာ သံမဏိကွင်းမရှိဘဲ စိတ်ထဲမှာပဲရှိရင် ရန်သူဟာ ဘယ်လိုကာကွယ်လို့ရမှာလဲ၊ စိတ်ထဲမှာ ရှိတဲ့သံမဏိကွင်းကို ကျုပ်အနေနဲ့ ဘယ်လိုတိုက်ခိုက်နိုင်မှာလဲ၊ ဘယ်လိုကာကွယ်နိုင်မှာလဲ"

စန့်ကွမ်းကျင်းဟုန်က ခေါင်းညိတ်လိုက်သည်။

"အင်း... မင်း မဆိုးဘူး၊ သဘောပေါက်လွယ်သားပဲ"

လီရင်ဆိုင် ပြုံးလိုက်သည်။

"ခင်ဗျား တစ်ခုတော့သိထားပါ၊ သဘောပေါက်တယ်ဆိုတာ နားမလည်ဘူးလို့ပြောတာလဲ ဖြစ်နိုင်ပါတယ်၊ သဘောမပေါက်ဘူး ဆိုတာဟာ နားလည်နိုင်တယ်လို့ပြောတာလဲ ဖြစ်နိုင်ပါတယ်"

သူတို့ နှစ်ယောက်ပြောနေသည့်စကားများမှာ ပဟေဠိဆန်လွန်းလှသည်။

ခန်းမထဲ၌ရှိနေသော ဧည့်သည်များမှာ သူတို့နှစ်ယောက်ပြောနေသည့်စကားများကို နားမလည်ကြပါ။

နားလည်နိုင်သူများရှိသော်လည်း သူတို့က ဧည့်ခံပွဲကိုမတက်ရောက်ခဲ့ပါ။



ဧည့်သည်တော်သိုင်းသမားများသည် ပိုနေမြဲ ကျားနေမြဲ မ ထိုင်နိုင်တော့ပါ။

သူတို့သည် ထိုင်ခုံများမှခွာပြီး... နောက်သို့ ဆုတ်သွားကြပါသည်။

နောက်ဆုံး... သူတို့သည် နံရံနှင့် ကျောကပ်မိသွားမှရပ်သွားကြပါသည်။

သူတို့သည် ရင်တမမဖြင့် စောင့်ကြည့်နေလေသည်။

စန့်ကွမ်းကျင်းဟုန်သည် လီရင်ဆိုင်အား စိုက်ကြည့်နေသည်။

ထို့နောက်...

သက်ပြင်းရှည်ကြီးချလိုက်သည်။

"လီရင်ဆိုင် မင်းဟာ တကယ်ကိုတော်တဲ့လူတစ်ယောက်ပဲ၊ ဒါကို ငါသိတယ်"

လီရင်ဆိုင်ကလည်း သက်ပြင်းချသည်။

"လူတစ်ယောက်တော်တယ်၊ မတော်ဘူးဆိုတာကို တော်ရုံ တန်ရုံလူ ဘယ်သိမလဲဗျာ၊ လူတော်တွေမှ သိတတ်ကြတာပါ၊ ခင်ဗျား လဲ တော်တော် တော်တဲ့လူတစ်ယောက်ပါပဲဗျာ"

စန့်ကွမ်းကျင်းဟုန်က ပြုံးလိုက်သည်။

"ငါဟာ မင်းရဲ့ရာဇဝင်ကိုသိထားပါတယ်"

"ထားလိုက်စမ်းပါဗျာ"

"ဘယ်ထားလို့ဖြစ်မလဲ၊ မင်းဟာငုပ်မြိုင်ဘက်ပဲ၊ ငါကမြိုင်ဘက်

တွေကို ဒီအတိုင်းလျစ်လျူရှုထားမယ်လို့ မင်းထင်သလား"

လီရင်ဆိုင် ပါးစပ်ပိတ်နေသည်။

စန်ကွမ်းကျင်းဟုန်က ဆက်ပြော၏။

"မင်းဟာ မင်းမျိုးမင်းနွယ်ထဲကလဲဖြစ်တယ်၊ စာပေကျမ်းဂန် ကဗျာ ဂီတပညာနဲ့ ကျော်ကြားတဲ့မိသားစုထဲကလဲ ဖြစ်တယ်၊ မင်းဘာဖြစ်လို့ ဒီလောကဲ့ရုပ်ထွေးတဲ့ သိုင်းလောကကြီးထဲကို ဝင်ရောက်လာရတာလဲကွာ"

လီရင်ဆိုင်ပြုံးလိုက်သည်။

"ကျုပ် ရောက်လာချင် ရောက်လာမှာပဲ၊ သွားချင်ရင် သွားမှာပဲလေ"

စန်ကွမ်းကျင်းဟုန် မချိပြုံးပြုံးလိုက်သည်။

"မင်းရောက်လာတာဟာ ငါ့အတွက်ပြဿနာပေါ့ကွာ၊ ပြိုင်ဘက်တစ်ယောက်တိုးတာပေါ့"

"ကျုပ် မရှိရင်လဲ တခြား ပြိုင်ဘက်တစ်ယောက်ပေါ်လာမှာပါပဲဗျာ"

"မင်းလိုခက်ခဲတဲ့ပြိုင်ဘက်တော့ မဖြစ်နိုင်ဘူးလေ"

"ပြိုင်ဘက်ဆိုတဲ့ နောက်တော့ အနည်းနဲ့အများ အခက်အခဲနဲ့ကြုံတွေ့ရတော့မှာပေါ့ဗျာ"

"မင်း ဒီစည့်ခန်းထဲကထွက်သွားလို့ မဖြစ်နိုင်တော့ပါဘူး"

လီရင်ဆိုင်သည် အတန်ကြာငြိမ်သက်သွား၏။



နောက်မှ သက်ပြင်းတစ်ချက်ချ၏။

"ကျုပ် မသွားနိုင်ပါဘူး၊ ဟုတ်တယ်... ကျုပ်သွားလို့လဲ မဖြစ်နိုင်တော့ပါဘူး"

စန်ကွမ်းကျင်းဟုန်က ခေါင်းညိတ်လိုက်၏။

"ကောင်းပြီ မင်းရဲ့ သိုင်းကွက်ကိုထုတ်ပေတော့ အခု... မင်း ငါနဲ့ပြိုင်ရတော့မယ်"

"သိုင်းကတော့ ရှိနေပါပြီ"

"ဘယ်မှာလဲ"

"စိတ်ထဲမှာလေ"

"စိတ်ထဲမှာဟုတ်လား"

"ဟုတ်တယ်၊ ကျုပ်ရဲ့ဓားမှာ သိုင်းကွက်မရှိပေမယ့် ကျုပ်ရဲ့ စိတ်ထဲမှာတော့ သိုင်းကွက်အဆင်သင့်ရှိနေပါတယ်၊ အမြဲတမ်းပါပဲဗျာ"

စန်ကွမ်းကျင်းဟုန်၏မျက်လုံးထဲ၌...

ထူးခြားသောအရိပ်အယောင်များ ပေါ်ထွက်လာသည်။

မည်သူကမျှ...

စန်ကွမ်းကျင်းဟုန်၏သံမဏိကွင်းကို မတွေ့ရပါ။

ထို့အတူ...

လီရင်ဆိုင်ပြောသောသိုင်းကွက်ကိုလည်း မတွေ့ရပါ။

တစ်ဦးက သံမဏိကွင်းရှိနေသည်ဟုပြောနေသည်။

တစ်ဦးက သိုင်းကွက် ရှိနေသည်ဟုပြောနေသည်။

စိတ်ဝင်စားစရာကောင်းလှပါသည်။

သို့သော်.... ဧည့်ပရိသတ်များကတော့ မည်သည့်အရာမျှ မတွေ့ရပါချေ။

သို့သော်.... သူတို့နှစ်ယောက်စလုံးမှ ပျံ့လွင့်ထွက်ပေါ်လာသော အေးစက်သည့်အငွေ့အသက်များကိုမူ ဧည့်ပရိတ်သတ်များ ခံစားနေကြရပါသည်။

ထူးခြားသော သိုင်းသမားများထဲတွင် အငွေ့အသက်များ ရှိကြသည်။

ဧည့်သည်သိုင်းသမားများ ရင်ထဲတွင် လေးလံသကဲ့သို့ ခံစားလာကြရသည်။

လီရင်ဆိုင်နှင့် စန့်ကွမ်းကျင်းဟုန်တို့သည် မျက်နှာချင်းဆိုင် ရပ်နေမြဲဖြစ်သည်။

အသံဗလံသည် လုံးဝမထွက်ပေ။

လှုပ်ရှားမှုလည်း လုံးဝမလှုပ်ကြချေ။

ပကတေ့ငြိမ်သက်တိတ်ဆိတ်နေ၏။

ဧည့်ပရိသတ်များသည် မိမိ၏ရင်ခုန်သံကို မိမိပြန်လည်ကြားနေရ၏။

ဧည့်ပရိသတ်များသည်....

လီရင်ဆိုင်နှင့် စန့်ကွမ်းကျင်းဟုန်တို့ မည်သို့လှုပ်ရှားကြမည်ကို ရင်တထိတ်ထိတ်ဖြင့် စောင့်ကြည့်နေကြလေသည်။



တစ်ယောက်ယောက် လှုပ်ရှားလိုက်သည်နှင့် တစ်ယောက်က လုံးဝလဲကျသွားရမည်သာ ဖြစ်တော့သည်။

လဲကျမည့်သူ မည်သူနည်း။

ရှောင်လီဓားပျံသည် လွန်ခဲ့သည့် ဆယ့်ငါးနှစ်အတွင်း ဖြိုင်ဘက်ကင်းကျော်ကြားသူဖြစ်သည်။

သူသည် စန့်ကွမ်းကျင်းဟုန်ထက် ငါနှသူဖြစ်သည်။

သူနှည်း သူ့ဟုန်နှင့် ကျော်ကြားသူသာဖြစ်သည်။

လီရင်ဆိုင်သည် နောက်ပေါက်သည့်ချွေကြာပင်ဖြစ်သည်။

စန့်ကွမ်းကျင်းဟုန်သည် လီရင်ဆိုင်ထက် ပိုမို၍ကျော်ကြားခဲ့သူဖြစ်သည်။

ထို့ကြောင့်ပင်.... စန့်ကွမ်းကျင်းဟုန်က အဆင့်နှစ်ဖြစ်နေပြီး လီရင်ဆိုင်က အဆင့်သုံးဖြစ်နေခြင်းပင်...

စန့်ကွမ်းကျင်းဟုန်က လီရင်ဆိုင်ထက် အဆင့်မြင့်နေသည်။

ယခု... လူနှစ်ယောက်စလုံးမှာ အလွန်တည်ငြိမ်နေသည်။

နှစ်ဦးစလုံးမှာ.... ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်အဝရှိနေကြသည်။

ထို့ကြောင့် အဆင့်မြင့်သိုင်းပညာရှင်နှစ်ဦး၏ သိုင်းပညာပြိုင်ပွဲသည် မည်သူနိုင်မည်၊ မည်သူရှုံးမည်မှန်း ကြိုတင်ခန့်မှန်း၍မရနိုင်ဘဲ ဖြစ်နေတော့သည်။

စန့်ကွမ်းကျင်းဟုန် ပည် ရှေ့သို့ တစ်လှမ်းတိုးလိုက်သည်။

လီရင်ဆိုင်က ရပ်မြဲရပ်နေသည်။

စန့်ကွမ်းကျင်းဟုန်က ရေ့တိုးလိုက်ပြန်သည်။ လီရင်ဆိုင်ကား မလှုပ်မယှက် ရပ်မြဲရပ်နေသည်သာ။

ထိုစဉ်…

"လှုပ်ရှားခြင်းဟာ မလှုပ်ရှားခြင်းနဲ့အတူတူပဲ၊ မလှုပ်ရှားခြင်းဟာလဲ လှုပ်ရှားခြင်းနဲ့အတူတူပဲ"

လူတစ်ယောက်၏အသံသည် ဟိန်းထွက်လာလေသည်။

~❀~

## အခွင့်အရေးပေးခြင်း

ဧည့်ခန်းထဲ၌ရှိသော သိုင်းသမားများသည် ထိုအသံကို ကြားလိုက်ကြရသည်။ သူတို့ လန့်သွားကြသည်။

ထိုစဉ် ရှိုသာသောအသံကလေးကို ကြားလိုက်ရပြန်သည်။

"ဒီလိုဆိုရင် တိုက်ခိုက်ခြင်းဟာလဲ တိုက်ခိုက်ခြင်းမဟုတ်တော့ဘူးပေါ့၊ တိုက်ခိုက်ခြင်းမရှိတာဟာလဲ တိုက်ခိုက်ခြင်းတစ်မျိုးပဲပေါ့"

ထိုရှိုသာသောအသံကလေးကပင် ဆက်ပြောလေ၏။

"ဟုတ်တယ်၊ သူတို့ယှဉ်ပြိုင်နေတာဟာ စဉ်းစားရာပဲ"

ဧည့်ခန်းထဲဝင်လာသောအဘိုးအိုတစ်ယောက်နှင့် ကျစ်ဆံမြီးကျစ်မိန်းကလေးတို့ အပြန်အလှန်ပြောနေသည့် စကားများပင်ဖြစ်၏။ သူတို့သည် ဧည့်ခန်းထဲမှမည်သည့်ဧည့်သည်ကိုမျှ ဂရုမစိုက်ဘဲ သူတို့ပြောချင်သည့်စကားများကိုသာ ပြောနေကြခြင်းဖြစ်ပါသည်။

အဘိုးအိုက...

"သူတို့ယုံကြည်နေတာဟာ သိုင်းပညာသဘောကိုနားမလည်နိုင်လို့ဘဲပေါ့"

မိန်းကလေးက တခစ်ခစ်ရယ်မောလေသည်။

"ဘဘက ဘာပြောတာလဲ၊ သူတို့ကိုယ်သူတို့ သိုင်းပညာရှင်အရင့်အမာကြီးတွေကိုထင်နေကြတာ၊ သူတို့ဟာ အားလုံးနားလည်နေပြီလို့ထင်နေတာ ဘဘရဲ့"

မြေးအဘိုး၏စကားများကိုကြားရသောအခါ သိုင်းလောမှ ညွှန့်သည်များသည် မျက်နှာပျက်သွားကြသည်။

လီရင်ဆိုင်နှင့် စန့်ကွမ်းကျင်းဟုန်တို့ကတော့ မျက်နှာမပျက်ကြပါ။ စန့်ကွမ်းကျင်းဟုန်နှင့် လီရင်ဆိုင်တို့မှာ သိုင်းလောကရှိ အဆင့်နှစ်နှင့် အဆင့်သုံးပုဂ္ဂိုလ်များဖြစ်ကြပါသည်။

ထိုကဲ့သို့ သိုင်းပညာအဆင့်ရှိပုဂ္ဂိုလ်များကို သိုင်းပညာနားမလည်ဟုပြောလိုက်ခြင်းမှာ လွန်စွာ အံ့သြဖွယ်ကောင်းလှသည် မဟုတ်ပါလား။

"ဟာ... ဟဲ... ဟဲ... ဟင်ယောက်က လက်ထဲမှာသံမဏိကွင်းမရှိဘူး၊ သူ့စိတ်ထဲမှာ သံမဏိကွင်းရှိတယ်လို့ ကြားလိုက်ပါယ်၊ အမှန်တော့ သူ့သိုင်းပညာ အထွတ်အထိပ်ရောက်ဖို့ အတော့်ကိုကွာလှမ်းနေသေးတယ်"

မိန်းကလေးက တခစ်ခစ်ရယ်မောလေသည်။



"အတော့်ကိုလိုသေးတာပေါ့ ဘဘ"

"လိုသေးတယ်၊ အဝေးကြီးကိုလိုသေးတယ်"

"ဒါဖြင့် ဘယ်လိုအခြေအနေရောက်မှ သိုင်းပညာအထွတ် အထိပ်ကိုရောက်မှာလဲ ဘဘ"

"လက်ထဲမှာလဲ သံမဏိကွင်းမရှိ၊ စိတ်ထဲမှာလဲ သံမဏိကွင်းမရှိ၊ သံမဏိကွင်းဟာငါ၊ ငါဟာလဲ သံမဏိကွင်းဖြစ်လာရင်တော့ သိုင်းပညာအထွတ်အထိပ်ရောက်လုနီးပြီပေါ့"

"ဒါတောင် ရောက်လုနီးပဲရှိသေးသလား ဘဘရယ်"

"ရောက်မှမရောက်သေးဘဲ ငါ့မြေးရဲ့"

"ဘယ်အချိန်ရောက်မှာလဲ"

"သိုင်းပညာ အထွတ်အထိပ်ရောက်ဖို့ဆိုတာက ခက်ခဲလှပါတယ်၊ လက်ထဲမှာ သံမဏိကွင်းမရှိ၊ စိတ်ထဲမှာ သံမဏိကွင်းမရှိ၊ ငါဆိုတာမရှိ၊ လက်နက်ဆိုတာမရှိ၊ အားလုံးနတ္ထိဆိုတဲ့စိတ်ထားမျိုးထားနိုင်မှ သိုင်းပညာအထွတ်အထိပ်ကိုရောက်တာ"

ထိုစကားကိုကြားလိုက်ရသောအခါ စန့်ကွမ်းကျင်းဟုန်နှင့် လီရင်ဆိုင်တို့သည် ရုတ်တရက် မျက်နှာများပျက်သွားကြလေသည်။

မိန်းကလေးက သက်ပြင်းရှည်တစ်ချက်ချပြီး...

"အင်း... မြေး အခုမှပဲသဘောပေါက်တော့တယ်"

"ဘာသဘောပေါက်တာလဲ"

"ဘဘပြောတဲ့ သိုင်းပညာသဘောတရားကိုလေ"

"အင်း... ငါ့မြေး နားလည်သဘောပေါက်ရင်တော့ ဘဘစမ်းသာရမှာပေါ့၊ တချို့လူတွေဟာ နားလည်သဘောမပေါက်ကြဘူး၊ ကိုယ့်ကိုယ်ကို ဘယ်အဆင့်ရောက်နေမှန်းမသိကြဘူး၊ သူတို့ကိုယ်သူတို့ သိုင်းပညာအထွတ်အထိပ်ရောက်ပြီလို့ ထင်နေကြတယ်၊ အဲဒါ စိတ်ပျက်စရာ သိပ်ကောင်းတယ်"

မိန်းကလေးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်နော်... ကိုယ့်ကိုယ်ကို ထိပ်ဆုံးရောက်နေတယ် ထင်တော့ ဆက်ပြီးမကြိုးစားတော့ဘူး၊ အဲဒါကြောင့် သူတို့ သိုင်းပညာ မတိုးတက်တာပေါ့နော်"

အဘိုးအိုကခေါင်းညိတ်လိုက်သည်။

"သိပ်ဟုတ်တာပေါ့မြေးရယ်"

ထိုစကားများကို စန္ဒကွမ်းကျင်းဟုန်နှင့် လီရင်ဆိုင်တို့ နှစ်ဦးမှာ အကုန်အစင်ကြားရသည်။ သူတို့၏ခန္ဓာကိုယ်မှာ ချွေးများစို့ရွှဲကုန်သည်။ စန္ဒကွမ်းကျင်းဟုန်သည် ရုတ်တရက်လှည့်ကြည့်ပြီး...

"ခင်ဗျား စွန်းမဟုတ်လား"

အဘိုးအိုသည် ထိုစကားကိုမကြားသည့်အလား မိန်းကလေးအား လှမ်းပြောလိုက်၏။

"ကဲ... တို့သွားကြမယ်"

မိန်းကလေးကလည်း စန္ဒကွမ်းကျင်းဟုန်နှင့် လီရင်ဆိုင်ကို မကြည့်ချေ။ သူမ၏ကျစ်ဆံမြီးကလေးကိုခါယမ်းလျက် ပြောလေ၏။



"ကောင်းသားပဲဘဘ"

သူတို့နှစ်ယောက်သည် မည်သူ့ကိုမျှ မကြည့်တော့ဘဲ အခန်းထဲမှထွက်ခွာသွားကြတော့သည်။

သူတို့ မြေးအဘိုးထွက်သွားသောအခါ အခန်းထဲတွင် တိတ်ဆိတ်ခြင်း ကြီးစိုးသွားပြန်သည်။

စန္ဒကွမ်းကျင်းဟုန်နှင့်လီရင်ဆိုင်တို့မှာ မျက်နှာချင်းဆိုင်ရပ်နေကြသော်လည်း စောစောကလို တင်းမာမှုများမရှိတော့ချေ။

လီရင်ဆိုင်က သက်ပြင်းချလိုက်၏။

"ဘဘစွန်းဟာ တကယ့်သိုင်းပညာရှင်ပါပဲလား"

လီရင်ဆိုင်က ချီးကျူးလိုက်ခြင်းဖြစ်သည်။

စန္ဒကွမ်းကျင်းဟုန်က မဲ့ပြုံးပြုံးလိုက်သည်။

"သဘောတရားပြောတတ်တိုင်း သိုင်းပညာရှင်မဖြစ်နိုင်ဘူး"

လီရင်ဆိုင်က ခေါင်းညိတ်လိုက်သည်။

"သဘောတရားကိုနားလည်ဖို့ဆိုတာကလဲ လွယ်တာမှ မဟုတ်တာပဲ၊ အခု သူပြောသွားတဲ့သဘောတရား ဒုတိယအဆင့်အထိ ခင်ဗျားနားလည်တယ်၊ ကျုပ်လဲနားလည်တယ်၊ ဒါပေမယ့်... တတိယအဆင့်ဖြစ်တဲ့ နတ္ထိဆိုတဲ့အဆင့်ကိုတော့ ကျုပ်တို့နားမလည်တော့ဘူး၊ ဒုတိယ ဝင့်ကိုတော့ ကျုပ်ပါနားလည်တယ်၊ တတိယအဆင့်ကို သူနားမလည်ဘဲနဲ့ပြောတာလို့ ခင်ဗျားဆိုချင်တာလား"

စန္ဒကွမ်းကျင်းဟုန်မှာ နုတ်ပိတ်သွားသည်။

ထိုစဉ်… ဆူညံသောအသံများ ထွက်ပေါ်လာပြီး လူလေး ယောက်သည် ခေါင်းနက်ကြီးတစ်လုံးကိုထမ်းလာလေ၏။

ခေါင်းသည် အသစ်ဖြစ်၏။ ဆေးနံ့များပင် ရနေသည်။ မကြာမီက ဆေးသုတ်ထားဟန်ရှိ၏။ အစောင့်တစ်ယောက်က သွားရောက် ဟန့်တားလိုက်သည်။

"မဝင်နဲ့၊ မင်းတို့ ဝင်ချင်တိုင်းဝင် ထွက်ချင်တိုင်းထွက်လို့ ရမလား"

သူသည် ခါးမှဓားကိုဆွဲထုတ်လိုက်သည်။

"ခြွမ်း"

လူလေးဦးသည် ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ခေါင်းကိုချထား လိုက်ကြသည်။

"ကျုပ်… ကျုပ်တို့ကိုခွင့်လွှတ်ပါဗျာ"

"ဘာခွင့်လွှတ်ရမှာလဲ၊ မင်းတို့ ဘာလာလုပ်ကြတာလဲ"

"ဒီ… ဒီ ဂေဟာကြီးဟာ စန့်ကွမ်းကျင်းဟုန်ရဲ့ ဂေဟာကြီး မဟုတ်ပါလားခင်ဗျာ"

ထိုလူက ကြောက်ကြောက်ရွံ့ရွံ့ဖြင့်ပြောလေသည်။

"ဘာ…"

"ဒီဂေဟာကြီးက စန့်ကွမ်းကျင်းဟုန်ရဲ့ ဂေဟာကြီးလားလို့ မေးတာပါ"

"သေတော့မယ်၊ မင်းပါစပ်ပိတ်ထားစမ်း၊ ရွှေကြေးပြားဂိုဏ်း



ကြီးရဲ့ ဂေဟာလားလို့မေး"

"ဟုတ်… ဟုတ်ကဲ့… ရွှေကြေးပြားဂိုဏ်းချုပ်ရဲ့ ဂေဟာလား ဗျာ"

"ဟုတ်တယ်… မင်းတို့ ခေါင်းကြီးနဲ့ ဘာဖြစ်လာတာလဲ"

သူက ကြောက်ကြောက်ရွံ့ရွံ့ဖြင့်…

"လူ… လူတစ်ယောက်က ဒီခေါင်းကြီးကို ဒီပို့ဖို့ လာပြောပါ သယ်၊ ကျုပ်တို့လဲ အဲဒါနဲ့ ယူ… ယူလာတာပါ"

အဝါရောင်ဝတ်ထားသော အစောင့်တစ်

ဆောင်စွာ ဟစ်မေးလိုက်၏။

"မင်းတို့ကိုပို့ခိုင်းတာ ဘယ်သူလဲ"

သူ့အော်သံသည် မိုးခြိမ်းသံပမာကျယ်လောင်လှသည် ထိုလူလေးဦးမှာ ပို၍ကြောက်လန့်သွားသည်။

"သူဘယ်သူလဲဆိုတာ ပြောမသွားပါဘူးဗျာ၊ သူက ကျုပ်တို့ ကိုအဆမဟန်ငွေတွေပေးတော့ ကျုပ်တို့လဲ ဒီကို သယ်လာခဲ့တာပေါ့ ဗျာ၊ ဒီခေါင်းဟာလဲ တော်တော်လေးပါတယ်၊ အထဲမှာ အလောင်း တစ်လောင်းရှိနေတယ်လို့ ထင်ပါတယ်ဗျာ၊ ကျုပ်တို့လေးယောက် မ နိုင်းကမ်းလာခဲ့ရတာပါ"

စန့်ကွမ်းကျင်းဟုန်သည်… အခေါင်းထမ်းလာသူများရှိရာသို့ လျှောက်လာလေ၏။

"ခေါင်းကိုဖွင့်စမ်း"

သူ အမိန့်ပေးလိုက်သည်။

ရှေ ကြားပြားဝီဏ်း ားတစ်ဦးသည် ခေါင်းအဖုံးကို တစ်ပြ ကန့်လန့်ဖွင့်လိုက်၏။

စန္ဒကွမ်းကျင်းဟုန်၏မျက်နှာသည် ဖြူဖွေးသွား၏။

သူသည် ခေါင်းထဲမှအလောင်းကိုစိုက်ကြည့်နေသည်။

ထိုအလောင်းကား သူ၏သားဖြစ်သူ စန္ဒကွမ်းပီးပေတည်း။

စန္ဒကွမ်းပီးအား ချင်းသက်မဲ့က သတ်လိုက်သည့်အချိန်တွင် အဝိုးနှင့်လီရင်ဆိုင်တို့ မျက်မြင်ကိုယ်တွေ့ တွေ့မြင်ခဲ့ကြသည်။

ချင်းသက်မဲ့က စန္ဒကွမ်းပီး၏အလောင်းကို မြေမြှုပ်ပစ်လိုက်သည်။ သို့ဖြစ်ရာ ထိုအလောင်း မည်သည့်နေရာကပေါ်လာပါသနည်း။

သူ၌ အကြံအစည်တစ်ခုရှိပါလိမ့်မည်။

ထိုအလောင်းကို မည်သည့်ရည်ရွယ်ချက်ဖြင့်ဖော်ပြီး စန္ဒကွမ်းကျင်းဟုန်၏အိမ်ဂေဟာအရောက် ပေးပို့ရသနည်း။

လီရင်ဆိုင်သည် ထရေးခံကိုအပြေးအလွှားစဉ်းစားနေသည်။

သူ့အတွေးများသည် ချည်ခင်စတစ်ခုကိုဆွဲထုတ်သည့်နှယ် ဆွဲလေထွက်လေ၊ ထွက်လေရှုပ်လေ ဖြစ်လာတော့သည်။

စန္ဒကွမ်းကျင်းဟုန်၏မျက်နှာသည်လည်း အရောင်အမျိုးမျိုး ပြောင်းလဲနေ၏။ သူကဲ့သို့သောရှေ့ကြေးပြားကိုဏ်းချုပ်ကြီး၏သားကို မည်သူသတ်ရဲပါသနည်း။

သတိသောသူသည် တော်ရုံတန်ရုံလူ မဟုတ်နိုင်ကြောင်း



စန္ဒကွမ်းကျင်းဟုန်တွေးနေသည်။

စန္ဒကွမ်းကျင်းဟုန်၏မျက်လုံးအစုံသည် လီရင်ဆိုင်ထံသို့ ရောက်သွားလေ၏။

“မင်း သူ့ကိုတွေ့ဖူးလား”

“တွေ့ဖူးတယ်”

လီရင်ဆိုင်၏အဖြေမှာ သူ့အပေါ်များစွာ အမှုပတ်နိုင်သည်။

သို့သော် လီရင်ဆိုင်က အမှန်အတိုင်းသာဖြေသည်။

စန္ဒကွမ်းကျင်းဟုန်က...

“မင်း သူ့ကို အခုတွေ့တော့ ဘယ်လိုခံစားရသလဲ”

ခေါင်းထဲမှအလောင်းသည် သန့်ရှင်းနေသည်။

ရေဖြင့်သန့်ရှင်းစွာ ဆေးကြောထားကြောင်းတွေ့ရှိရသည်။

ခန္ဓာကိုယ်ပေါ်တွင် သွေးတစ်စက်မျှမရှိပေ။

သို့သော် ဒဏ်ရာတစ်ချက်အား အားလုံးတွေ့ကြရသည်။

ဒဏ်ရာသည် လည်မျိုတည့်တည့်နေရာတွင်ရှိနေ၏။

ဓားသွားစူးဝင်သွားသည့်အနက်ကိုမူ မခန့်မှန်းနိုင်ကြချေ။

လီရင်ဆိုင်သည် အနည်းငယ်စဉ်းစားပြီး သက်ပြင်းတစ်ချက်ချလိုက်၏။

“သူသေသွားတာ ဝေနာမခံစားလိုက်ရဘူးလို့ ကျုပ်ထင်တယ်”

စန္ဒကွမ်းကျင်းဟုန်သည် သားဖြစ်သူကိုငုံ့ကြည့်သည်။

"မင်းဆိုလိုတာက သူမြန်မြန်ဆန်ဆန်သေသွားကယ်လို့ဆို
တာလား"

"ချက်ချင်းသေတာပါဘာ ဝေဒနာမခံစားရဘူးပေါ့"

စန့်ကွမ်းကျင်းဟုန်၏မျက်လုံးများသည် နီရဲနေသည်။

သူ့မျက်လုံးများမှာ အနီးအငွေ့များထွက်လုနီးနီးဖြစ်နေ၏

သူသည် လီရင်ဆိုင်ကို စိုက်ကြည့်လိုက်ပြီး...

"သူ့ကို ဒီလောက်မြန်မြန်ဆန်ဆန်သတ်နိုင်တဲ့လူဟာ မ
များစားစားမရှိလှဘူးလို့ ငါထင်တယ်"

"ဟုတ်တယ်၊ လူငါးယောက်ထက်တော့ များမှာမဟုတ်ပါဘူ
ခင်ဗျားကိုမှ်ပိုင်လည်း အဲ့ယောက်အပါအဝင်ပေါ့"

စန့်ကွမ်းကျင်းဟုန်သည် ဒေါသအမျက်ချောင်းချောင်းထွက
သွားတော့သည်။

"မင်းအရူးလား၊ ငါကငါ့သားကို ဘာဖြစ်လို့ပြန်သတ်ရမှာလဲ"

"ခင်ဗျား သူ့ကိုသတ်မှာမဟုတ်ဘူးဆိုတာ ကျုပ်သိပါတယ်
ဒါပေမယ့် ခင်ဗျားနားလည်ထားဖို့က သူ့ကိုသတ်နိုင်စွမ်းရှိတဲ့လူဟာ
သူ့ကိုသတ်တဲ့တရားခံဖြစ်နိုင်တယ်လို့ ခင်ဗျားတွက်လို့မရဘူးဗျ၊ သူ့
သတ်သွားတဲ့တရားခံဟာလဲ သူ့ကိုသတ်နိုင်စွမ်းတဲ့တရားခံ ဟုတ်ချင်
ဟုတ်မှာပါ၊ အဲဒါကို ခင်ဗျားစဉ်းစားဖို့ကောင်းတယ်"

စန့်ကွမ်းကျင်းဟုန်သည် ပါးစပ်ပိတ်ထားလေတော့၏။

သို့သော်... သူ့မျက်လုံးအစုံသည် လီရင်ဆိုင်ကို စူးစူးဝါးဝါး



ကြည့်နေတော့၏ပင်။ အတန်ကြာမှ စန့်ကွမ်းကျင်းဟုန်သက်ပြင်းချ၏။

"မင်းဟာ သိုင်းလောကမှာ တော်တော်တတ်နေတယ် ဟုတ်
လား"

"ကျုပ်တော့ မသိပေါင်ဗျာ"

"မင်းနဲ့ငါ တစ်နေ့မဟုတ်တစ်နေ့တော့ အရှုံးအနိုင်စာရင်း
ရှင်းရမှာပဲ၊ တစ်နေ့နေ့ပေါ့"

လီရင်ဆိုင်က ခေါင်းညိတ်လိုက်၏။

သူကဖြတ်ပြောလိုက်သည်။

"ဟုတ်ပါတယ်၊ ကျုပ်ကလဲ ခင်ဗျားနဲ့ တစ်နေ့တွေ့ရမယ်လို့
မျှော်လင့်ထားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့... ခင်ဗျားနဲ့ကျုပ်ဟာ
မကြာခဏ ထိပ်တိုက်တွေ့မလိုချည်းဖြစ်နေတယ် မဟုတ်လား၊ ဒါပေ
မယ့် ဒီနေ့တော့ ကျုပ်ခင်ဗျားနဲ့မတိုက်ချင်ဘူးဗျာ"

စန့်ကွမ်းကျင်းဟုန် အံ့အားသင့်သွား၏။

"ဘာဖြစ်လို့လဲ"

လီရင်ဆိုင် ပခုံးတစ်ချက်တွန့်လိုက်၏။

"ဒီနေ့ ကျုပ်အရက်သိပ်သောက်ချင်နေတယ်ဗျာ၊ သိုင်းလော
ကမှာ ကျုပ်လောက်အရက်သောက်တဲ့လူ မရှိဘူးဗျ"

သိုင်းလောကမှလူများသည် လီရင်ဆိုင်က ထိုသို့ပြောလိုက်
သဖြင့် စိတ်ပျက်သွား၏။ သူတို့သည် သမိုင်းတွင်လောက်သည့် ပြိုင်
ပွဲကိုမကြည့်ရတော့ဟု ယူဆကြသည်။

လီရင်ဆိုင်က မည်သည့်သဘောနှင့် ဤသို့ပြောခြင်းဖြစ်သည်ကို စောင့်ကြည့်မိသူ မရှိပေ။

လီရင်ဆိုင်က ထိုသို့အဘယ်ကြောင့်ပြောသည်ကို စန့်ကွမ်းကျင်းဟုန်က သဘောပေါက်သည်။

ယနေ့တွင် သူသည် တစ်ဦးတည်းသောသား အသတ်ခံရပြီး သူ့ထံသို့ အလောင်းရောက်လာခဲ့သည်။

သူသည် အလောင်းကိုကြည့်ပြီး မျက်နှာအကြီးအကျယ်ပျက်သွား၏။ သူ့မျက်နှာဖြူရော်သွားသည်ကို လီရင်ဆိုင်ကောင်းကောင်းအကဲခတ်မိသည်။

သားသည် သားပင်ဖြစ်သည်။

မည်သည့်ဖခင်မဆို သားသေဆုံးသည်ကြားလျှင် စိတ်ထိခိုက်ကြမည်ဖြစ်သည်။

အကယ်၍... ယနေ့လီရင်ဆိုင်နှင့် ဆက်လက်ယှဉ်ပြိုင်မည်ဆိုလျှင် မိမိသာလျှင်သေဆုံးပေလိမ့်မည်။

မိမိရှုံးနိမ့်မည်မှာ သေချာနေသည်။

အဘယ်ကြောင့်ဆိုသော် မိမိစိတ်မှာ ဆောက်တည်ရာမရဘဲဖြစ်နေသည်မဟုတ်ပါလား။

လီရင်ဆိုင်သည် ယခုကဲ့သို့ စိတ်ထိခိုက်သည့်အချိန်၌ မယှဉ်ပြိုင်လိုကြောင်း သွယ်ဝိုက်၍အကြောင်းပြသည်။

ဤသည်မှာ မိမိအားညှာတာလိုက်ခြင်းပင်ဖြစ်သည်။



အမှန်မှာ... လီရင်ဆိုင်သည် ရန်သူအား အခွင့်အရေးတစ်ရပ်ပေးလိုက်ခြင်းပင်ဖြစ်သည်။

ဤအချိန်မျိုး၌ ရန်သူဘာပဲဖြစ်ဖြစ် မိမိကတိုက်ခိုက်နိုင်ရမည့်အခြေအနေဖြစ်သည်။

စန့်ကွမ်းကျင်းဟုန်လိုလူမျိုးကို ဤသို့သောအခွင့်အရေးမျိုးမပေးသင့်ပါ။ တစ်ချိန်တွင် သူ နောင်တ ကောင်းကောင်း ရနေပါလိမ့်မည်။ စန့်ကွမ်းကျင်းဟုန်သည် သူ့အား အတန်ကြာစိုက်ကြည့်ပြီး...

"ဒါဖြင့် ဘယ်အချိန်လဲဆိုတာပြောပါ"

လီရင်ဆိုင်က ပခုံးတစ်ချက်တွန့်လိုက်၏။

"ကျုပ်ပြောပြီးပါကော၊ ဒီကနေ့ကလွဲပြီး အချိန်မရွေးပါလို့"

"မင်း နောင်တရနေမယ်နော်"

"ဟား... ဟား... ဟား... လီရင်ဆိုင်ပါဗျာ၊ ကျုပ်ဟာတွေးပြီးမှလုပ်တာပါ၊ နောင်တမရပါဘူး"

"ဒါဖြင့် ငါက မင်းကိုဘယ်မှာလိုက်ရှာရမှာလဲ"

"ခင်ဗျား ကျုပ်ကိုရှာဖို့မလိုဘူး၊ ကျုပ်ကလျှောက်သွားနေတာဗျ၊ ခင်ဗျားအကြောင်းကြားလိုက်ရင် ကျုပ်အရောက်လာခဲ့ပါ့မယ်"

"ငါက ဘယ်လိုအကြောင်းကြားရမှာလဲကွ"

လီရင်ဆိုင်က ပြုံးလိုက်၏။

"ဘယ်သူ့မှအကြောင်းကြားစရာမလိုပါဘူးဗျာ၊ ခင်ဗျားဟာ ငွေကြေးပြားဂိုဏ်းချုပ်ကြီးပဲ၊ ခင်ဗျားရဲ့စကားတစ်ခွန်းဟာ သိုင်းလော

ကထဲမှာ ပုံ နှံ့လွယ်ပါတယ်၊ ခင်ဗျားသာ ငါလီရင်ဆိုင်ကိုတွေ့ချင်တယ် ဟေ့လို့ပြောလိုက် ကျုပ်ကြားမှာပေါ့"

စန္ဒကွမ်းကျင်းဟုန်သည် ခေါင်းညိတ်လိုက်၏။

သူသည် လီရင်ဆိုင်အား တစ်ချက်ပြုံးကြည့်လိုက်၏။

"မင်းအရက်သောက်ချင်တာကြောင့် ငါ့ကိုခေါ်ခဲ့တာမဟုတ်လား"

"ဟုတ်တယ်"

"မင်းအပြင်မှာသွားမသောက်ပါနဲ့၊ ငါ့ဆီမှာ အရက်ကောင်းကောင်းရှိပါတယ်"

"ကျုပ်က သောက်ခွင့်ရှိလို့လားခင်ဗျာ"

"မင်းသာ ဒီအရက်ကို သောက်ခွင့်မရှိဘူးဆိုရင် လောကကြီးမှာ ဒီအရက်ကို ဘယ်သူမှသောက်ခွင့်မရှိတော့ဘူး၊ မင်းဟာ ငါ့ရဲ့အထူးဧည့်သည်တော်ပါ"

သူသည် ချာခနဲလှည့်ထွက်သွား၏။

သူ အထူးသိမ်းဆည်းထားသော အရက်ကရားကိုယူလာ၏။

ခွက်ကြီးတစ်ခွက်ထဲသို့ အရက်များကိုလောင်းထည့်လိုက်၏။

"ငါ မင်းကိုတကယ်ချီးကျူးပါတယ်၊ မင်း စိတ်ဓာတ်ဟာ တကယ်ပဲ ချီးကျူးထိုက်တဲ့စိတ်ဓာတ်ပါ၊ ငါအရက်တိုက်ပါရစေ၊ သောက်ပါ... ကြိုက်သလောက်သောက်ပါ"

သူသည် လီရင်ဆိုင်ကို အရက်ခွက်ကမ်းပေးသည်။

လီရင်ဆိုင်သည် အရက်ခွက်ကိုလှမ်းယူပြီး အားပါးတရမော့ချလိုက်လေသည်။

"အင်း... အတော်ကောင်းတဲ့အရက်ပါလား"

လီရင်ဆိုင်က ချီးကျူးလိုက်၏။

စန္ဒကွမ်းကျင်းဟုန်လည်း... ခွက်တစ်ခုကိုယူပြီး အရက်ကိုလောင်းထည့်လိုက်သည်။

ထို့နောက်... တဂွပ်ဂွပ်မြည်အောင်မော့ချလိုက်လေသည်။

"နှစ်ပေါင်းနှစ်ဆယ်အတွင်းမှာ ငါတစ်ခါမှ အရက်မသောက်ခဲ့ဘူး၊ ဒီတစ်ကြိမ်ဟာ ပထမဆုံးအရက်သောက်တာပဲ"

သူသည် ပြောပြီးသည်နှင့် အရက်ခွက်အား လွှင့်ပစ်လိုက်လေသည်။

ထို့နောက် သူသည် ခေါင်းထဲမှ သူ့သားအလောင်းအား သွားပွေ့ယူလိုက်ပြီး ခြေလှမ်းကျဲကျဲဖြင့်ထွက်ခွာသွားတော့သည်။

လီရင်ဆိုင်သည် စန္ဒကွမ်းကျင်းဟုန်၏နောက်ကျောကိုကြည့်ကာ သက်ပြင်းချမိလေ၏။

"အင်း... ဒီလူဟာ စန္ဒကွမ်းကျင်းဟုန်သာမဖြစ်ခဲ့ရင်... ငါ့ရဲ့ အရင်းနှီးဆုံးမိတ်ဆွေတစ်ယောက် ဖြစ်နိုင်တယ်"

သူသည် ထိုသို့ရေရွတ်ပြီးနောက် စန္ဒကွမ်းကျင်းဟုန်ချခဲ့သည့် အရက်ကရားမှအရက်များကို တဂွပ်ဂွပ်မော့ချလေတော့သည်။

"စန္ဒကွမ်းကျင်းဟုန်... ခင်ဗျားဟာ လူတော်တစ်ယောက်ပါ၊ ဘာဖြစ်လို့ လောဘ၊ ဒေါသ၊ မောဟတွေဖုံးလွှမ်းနေရတာလဲဗျာ"

လီရင်ဆိုင်သည် ထိုသို့ရေရွတ်လိုက်ပြီးနောက် အရက်ကရား ကိုပေါက်ခွဲလိုက်သည်။ ထို့နောက် ဧည့်ခန်းမအတွင်းမှ ထွက်ခွာသွား လေတော့သည်။

~❀~

## သေရန်အကြံအစည်

အဗိုးသည်... စန္ဒကွမ်းကျင်းဟုန်ပစ်ပေါက်ပေးလိုက်သည့်ငွေ တုံးကလေးကို ကောက်ရန်ဟန်ပြင်လိုက်စဉ်မှာပင် ဓားတစ်လက်သည် ထိုငွေတုံးပေါ်သို့ ထိုးစိုက်လာလေသည်။

ထိုစဉ်... မမျှော်လင့်ဘဲ လီရင်ဆိုင်ရောက်လာသည်။ သူသည် ရင်ထဲပေါက်ကွဲလုမတတ်ခံစားရပြီး အခန်းထဲမှ တစ်ဟုန်ထိုးပြေးထွက် ခဲ့သည်။ အဗိုးသည် တစ်ကိုယ်လုံးချွေးများထွက်နေသည်။

သူ ယခုကဲ့သို့ပြေးထွက်လာခြင်းမှ သူ့ကိုယ်သူ စက်ဆုပ်မုန်း တီးလှသောကြောင့်ဖြစ်သည်။

သူသည် ပြေးရင်းမောဟိုက်လာလေသည်။

မည်မျှ မောသနည်း။

ပြေးရင်းလဲကျသွားသည်အထိပင်ဖြစ်သည်။

သူသည် လဲကျသည့်အတိုင်း နေနေသည်။

သူသည် အတန်ကြာမှထလာသည်။

အဓိပ္ပါယ်ကင်းမဲ့သောမျက်လုံးအစုံဖြင့် ပတ်ဝန်းကျင်ကို ကြည့်နေမိသည်။ သူမည်သည့်နေရာကို ရောက်ရှိနေမှန်းလည်း မသိပါ။

သူသည် ပတ်ဝန်းကျင်ကိုကြည့်ရင်း ခြံဝင်းတစ်ခုကို လှမ်းမြင်လိုက်ရသည်။ အဆိုပါခြံဝင်းကို သူမှတ်မိနေသည်ဟုထင်သည်။

သို့သော် အသေအချာတော့မသိပေ။

ဝိုးတဝါးမှတ်မိနေသည်ဟုထင်သည်။

သူသည် အရက်သောက်ချင်စိတ်ပြင်းထန်နေသည်။

မည်သို့ပင်ဖြစ်စေ ခြံဝင်းတစ်ခုကိုတော့တွေ့နေရသည်။

ခြံဝင်းရှိလျှင် အိမ်ရှိရမည်။ သူသည် ထိုင်ကာမှတ[illegible]

ဥယျာဉ်ကလေးတစ်ခုကို ဖြတ်လျှောက်လာရသည်။

သူမှတ်မိသွားလေပြီ။ အိမ်ကလေးကို မှတ်မိသွားလေပြီ။

စန္ဒကူမ်းကျင်းဟုနပ်ပြုပေးခဲ့သော အိမ်ကလေးပင်တည်း။

မကြာမီ သူသည် အခန်းထဲသို့ရောက်ရှိလာလေသည်။

သူသည် အရက်ကရားရှိရာသို့သွားသည်။ အရက်ကရားကိုယူသည်။ သို့သော် အရက်ကရားထဲတွင် အရက်တစ်စက်မှမရှိတော့ပါ။

"အရက်ယူခဲ့"

သူသည် သူ့အား ဝိုင်းပန်းစိုက်ကြည့်နေကြသော မိန်းကလေးခုနစ်ယောက်အား အမိန့်ပေးလိုက်သည်။

"ဒါ အရက်ဆိုင်မဟုတ်ဘူး... ရှင့်ကို အရက်ယူပေးမယ့်လူလဲ ဘယ်သူမှမရှိဘူး"



မိန်းကလေးတစ်ယောက်က ပြောလေသည်။ အဝိုးသည် ထိုမိန်းကလေး၏အင်္ကျီစအား လှမ်းဆွဲလိုက်သည်။

"မင်းက ငါ့ကိုမမှတ်မိဘူးနဲ့တူတယ်"

မိန်းကလေးက ပြုံးစိစိနှင့်ကြည့်သည်။

"ရှင်က ကျွန်မကိုသိတယ်ဟုတ်လား။ ဒါဖြင့် ကျွန်မဘယ်သူလဲ၊ ရှင်ပြောစမ်းပါဦး"

အဝိုးသည် ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

"ဒါ... ဒါ... မနေ့ကရောက်ခဲ့တဲ့အိမ် မဟုတ်လား"

မိန်းကလေးက ခေါင်းညိတ်၏။

"ဟုတ်ပါတယ်"

"ဘာဖြစ်လို့..."

သူ၏စကားမဆုံးမီ မိန်းကလေးကဖြတ်ပြောလိုက်သည်။

"ဒီနေရာက မနေ့ကနေရာပါပဲ၊ ဒါပေမယ့် ရှင်ကတော့မနေ့ကလူ မဟုတ်တော့ဘူး"

အဝိုးသည် တစ်ကိုယ်လုံးတုန်ခါသွားသည်။

သူ၏ရင်ထဲ၌ဖော်မပြနိုင်သောခံစားချက်များ ပြင်းထန်စွာ ခံစားလိုက်ရသည်။

ထိုစဉ်တွင်...

လူတစ်ယောက်သည် အခန်းထဲသို့ လှမ်းဝင်လာလေသည်။

ထိုသူ မည်သူနည်း။

လင်ဝှမ်းပင် ဖြစ်ပါသည်။

သူမသည် အခန်းတံခါးကို ပြန်ပိတ်လိုက်သည်။

ကုလားထိုင်တစ်လုံးကိုယူ၍ တံခါးပေါက်ကိုမှီပြီးထိုင်လိုက်လေသည်။

အဝိုးသည် နောက်သို့လှည့်မကြည့်ပါ၊

မလှုပ်မယှက်ရပ်နေပါသည်။

လင်ဝှမ်းသည် နောက်ထပ်ကုလားထိုင်တစ်လုံးကို ယူ၍ သူမဘေးတွင်ချထားလေသည်။

"ဘာဖြစ်လို့ အညောင်းခံပြီးရပ်နေရတာလဲရှင်၊ ကျွန်မမှာ... ကုလားထိုင်တစ်လုံးရှိတယ်၊ လာထိုင်နိုင်ပါတယ်ရှင်"

အဝိုးက မလှုပ်မယှက်ရပ်မြဲရပ်လျက်သာ။

"ဘာလဲ... ရှင်က ကျွန်မရဲ့ဘေးမှာ မထိုင်ချင်တော့ဘူးလား ဟုတ်တယ်လေ၊ ဒီနေရာမှာထိုင်ရင် ရှင်စိတ်ကောင်းမှာလဲမဟုတ်ဘူး"

အဝိုးသည် ရပ်မြဲရပ်နေပါသည်။

လှည့်၍ပင်မကြည့်ပါ။

"ရှင် လာမထိုင်ဘူးပေါ့၊ ဒါဖြင့်ရင်လဲ ဘာဖြစ်လို့ရပ်နေတာလဲ၊ ဒီအခန်းထဲက အမြန်ဆုံးထွက်သွားပေါ့ရှင်၊ ဒီအိမ်က ခင်မင်စရာကောင်းတဲ့အိမ်မှမဟုတ်တာ"

အဝိုးသည် မလှုပ်မယှက်ရပ်မြဲရပ်နေသည်။



စကားလည်း ပြန်မပြောပေ။

လင်ဝှမ်းက ပြုံးလိုက်၏။

"သြော်... ကျွန်မကတံခါးပိတ်ပြီး ထိုင်နေလို့လား၊ လွယ်ပါတယ်ရှင်၊ ရှင်က ယောကျ်ားပဲ၊ နာမည်ကြီးဓားသမားတစ်ယောက်ပဲ၊ ကျွန်မကိုဖယ်ရှားပစ်လိုက်ပေါ့၊ မဟုတ်ဘူးလား"

အဝိုး၏မျက်နှာသည် ဖြူနေရာမှနီရဲလာသည်။

လင်ဝှမ်းက လွင်လွင်ကလေးရယ်မောလိုက်လေသည်။

"ဘာလဲ၊ ရှင် ကျွန်မကို မထိရဲဘူးမဟုတ်လား၊ ဒါဖြင့်လဲ လွယ်ပါတယ်၊ ဟိုဘက်မှာ ပြတင်းပေါက်ရှိတယ်၊ သူခိုးတစ်ယောက်လို ပြတင်းပေါက်ကခုန်ချပြီးပြေးပေါ့၊ မဟုတ်ဘူးလား"

လင်ဝှမ်းကရယ်မောနေလေ၏။

အဝိုးသည် ဝေဒနာကိုပြင်းထန်စွာခံစားနေရသည်။

"ဘယ်လိုလဲ ရှင်မလုပ်ရဲဘူးလား"

သူမသည် တစ်ချက်ပြုံးလိုက်ပြီး...

"ရှင့်စိတ်ထဲမှာတော့... ကျွန်မကိုသတ်ချင်လောက်အောင် မုန်းနေမှာပဲနော်၊ ဒါပေမယ့် ရှင် ကျွန်မကို လုံးဝမထိရဲပါဘူး၊ ရှင် ကျွန်မကိုချစ်နေတုန်းပါ၊ ဟုတ်တယ်မဟုတ်လား၊ ပြောစမ်းပါ"

အဝိုးသည် ကျောခိုင်းနေသူဖြစ်၍ မတွေ့မမြင်ရသော်လည်း အဝိုး၏လည်ကုပ်မှအကြောများ ဖောင်းပွလှုပ်ရှား နေသည်ကိုတွေ့ရသောအခါ အလွန်ဝမ်းသာသွားသည်။

အဝိုးသည် သူမအားချစ်နေဆဲသာရှိသေးသည်ဟု သိရသည်
ဇိင်.ညင်စိုင်း ကလူနှိပ်စက်နိုင်သေးသည်ကို သူမသိရသည်
လင်ဝမ်းသည်... ကုလားထိုင်ပေါ်မှာပင် ထိုင်လျက်ရှိနေ...
သည်။

"ဝုန်း..."

ထိုစဉ် အခန်းအပြင်ဘက်မှ တံခါးကိုခြေဖြင့်ဆောင့်ကန်လို...
ရာ သူမသည် ကုလားထိုင်ရောလူပါလွင့်စဉ်သွားသည်။

အခန်းတံခါးသည်ပွင့်သွား၏။

တံခါးဝ၌ စန့်ကွမ်းကျင်းဟုန်သည် သူ့သားအလောင်းကို...
ချီပြီးပေါ်လာလေသည်။

မကြာမီ သူသည် အိမ်ထဲသို့ဝင်လာသည်။

လင်ဝမ်းသည် ကြမ်းပြင်ပေါ်မှထရပ်လိုက်သည်။

သူမသည် စကားတစ်ခွန်းမျှမပြောတော့ချေ။

ဆိတ်ဆိတ်သာနေသည်။

ထိုအချိန်မျိုး၌ မည်သည့်စကားမျှမပြောသည်က အကော...
ဆုံးဖြစ်သည်ကို သူသိသည်။

စန့်ကွမ်းကျင်းဟုန်သည် အဝိုးအား စိုက်ကြည့်လိုက်ပြီး...

"လှည့်ကြည့်စမ်း။ သူ ဘယ်သူလဲဆိုတာကို"

အဝိုးသည် ဖြည်းညင်းစွာလှည့်ကြည့်လိုက်၏။

သူသည် စန့်ကွမ်းကျင်းဟုန်ပွေ့ချီထားသော စန့်ကွမ်း...



အလောင်းအားတွေ့လိုက်ရသောအခါ သူ့မျက်နှာပေါ်မှ ကြွက်သား
များလှုပ်ရှားသွားသည်။

စန့်ကွမ်းကျင်းဟုန်သည် အဝိုးအားစေ့စေ့ကြည့်ပြီးမေး၏။

"မင်း သူ့ကိုသိတယ်မဟုတ်လား"

အဝိုးကခေါင်းညိတ်လိုက်၏။

စန့်ကွမ်းကျင်းဟုန်သည် အံကြိတ်လိုက်ပြီး...

"သူ တစ်နေ့ကပဲအသက်ရှင်နေသေးတယ် မဟုတ်လား"

အဝိုးကခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ အသက်ရှင်နေသေးတယ်"

"အခု မင်း သူ့ကိုဒီအဖြစ်နဲ့ တွေ့လိုက်ရတော့ မအံ့ဩဘူးလား"

"မအံ့ဩမိဘူး"

"ဒါဖြင့် သူသေသွားပြီဆိုတာ မင်းအစောကြီးကတည်းက သိ
ပြီးပြီပေါ့"

"ဟုတ်တယ်"

"မင်းက ဘာဖြစ်လို့ အစောကြီးကတည်းကသိနေရတာလဲ"

အဝိုးသည် အတန်ကြာအောင်စဉ်းစားနေသည်။

"ကျုပ်သိတာ ဘာဆန်းလို့လဲ"

"မင်းကို ငါမေးနေတယ်၊ အစောကြီးကတည်းက ဘာဖြစ်လို့
သိနေရတာလဲ"

"ကျုပ်က သူ့ကိုသတ်လိုက်လို့ပေါ့"

စန္ဒကွမ်းကျင်းဟုန်သည် မျက်နှာညိုမည်းသွားသည်။

"မင်း ဘာဖြစ်လို့ သူ့ကိုသတ်လိုက်ရတာလဲ"

အဖိုးသည် ဘာမှပြန်မပြောတော့ပေ။

သူကိုယ်တိုင်မသတ်ပါဘဲနှင့် အဖိုးသည် စန္ဒကွမ်းဝီးကို သတ်သည်ဟု အဘယ့်ကြောင့်ပြောဆိုရသနည်း။

သူပြောသည်ကို စန္ဒကွမ်းကျင်းဟုန်ယုံကြည်ပါမည်လော။ အကယ်၍ယုံကြည်ခဲ့ပါလျှင် အဖိုးအား စီရင်ရပေမည်။

မည်သို့သူ့ ... ည်နည်း။

အဖိုးသည် စန္ဒကွမ်းဝီးကိုမသတ်ပါ။

မသတ်ဘဲ သတ်သည်ဟုပြောသည်မှာ အကြောင်းတစ်ခုတစ်ရာ ရှိပေလိမ့်မည်။

စန္ဒကွမ်းကျင်းဟုန်၏ အေးစက်စက်အသံသည်ပေါ်လာ၏။

တော်ရုံတန်ရုံလူဆိုလျှင်...

ထိုအသံကြားသည်နှင့် အသက်ပါ ထွက်သွားနိုင်လောက်၏။

"မင်း သူ့ကို ... တာလဲ"

... းသည် ဤသို့လူသေမှု၊ လူသတ်မှုများကို မ ... ဘူးပါ။ စန္ဒကွ ... ဟုန် ဤသို့ အေးစက်စက်စစ်ဆေး နေသည်ကိုလည်း မကြုံဘူးပါ။

သူတို့သည် အခန်းထောင့်တွင်သွားရောက်ပုနေကြသည်။

ယခုပုံစံအရ အဖိုးအား စန္ဒကွမ်းကျင်းဟုန်ကသတ်ပစ်ရုံသာ ရှိပါတော့သည်။ စန္ဒကွမ်းကျင်းဟုန်သည်... သားဖြစ်သူ သေဆုံးရခြင်းအတွက် လွန်စွာဒေါသထွက်နေကြောင်း သူမတို့သိရှိကြပါသည်။



စန္ဒကွမ်းကျင်းဟုန်သည် အဖိုးအားတိုက်ခိုက်ခြင်းမပြုသေးပါ။ သူသည် အဖိုး၏မျက်လုံးအစုံကို စိုက်ကြည့်နေသည်။

အဖိုး၏မျက်လုံးအတွင်းမှလျှို့ဝှက်မှုကို သူ အဖြေရှာနေခြင်းသာ ဖြစ်ပါ၏။ အဖိုးသည် မည်သည့်အရာကိုမျှ အလေးအနက်မထားကြောင်း သူ့မျက်လုံးများက ဖော်ပြနေသည်။

စန္ဒကွမ်းကျင်းဟုန်က...

"မင်းက သေဖို့စောင့်နေတာ ဟုတ်လား"

အဖိုးကမဖြေပါ။

"မင်းက ငါ့သားကိုသတ်တယ်လို့ပြောတယ်၊ အဲဒီလိုပြောလိုက်ရင် ငါကမင်းကိုသတ်မယ်လို့ ယူဆထားတယ်မဟုတ်လား"

အဖိုးသည် တုံ့ ... တိတ်ဆိတ်နေ၏။

စန္ဒကွမ်းကျင်းဟုန် မဲ့ပြုံးပြုံးလိုက်ပြီး...

"ဟေ့... ဘဏ္ဍာစိုး"

ချက်ချင်းပင် အဝါရောင်ဝတ်ဆင်ထားသူတစ်ယောက် မည်သည့်နေရာကမသိ ထွက်လာလေ၏။

"ဟုတ်ကဲ့... ကျွန်တော်ရှိပါတယ်"

စန္ဒကွမ်းကျင်းဟုန်သည် ထိုဘဏ္ဍာစိုးကို မကြည့်ပေ။ အဖိုးကိုသာ စိုက်ကြည့်နေသည်။

"သူက သေချင်နေတယ်"

"ဟုတ်ကဲ့"

"ငါက မသေစေချင်ဘူး"

"ဟုတ်ကဲ့"

"ငါပြောတာ နားလည်လား"

ဟုတ်ကဲ့ သူကသေချင်နေတယ်၊ ဂိုဏ်းချုပ်ကြီးက မသေစေချင်ဘူး၊ ဒါပဲမဟုတ်လားခင်ဗျာ"

"အေး"

"သူ့ကို ဘာမဆိုလုပ်ပေးလိုက်"

"အရက် မိန်းမ သူလိုသလောက်ပေးပါ"

"ဟုတ်ကဲ့"

စန္ဒကွမ်းကျင်းဟုန်သည်... အတန်ကြာစဉ်းစားပြီးမှ စကားဆက်လိုက်သည်။

"သူလိုတယ်ဆိုရင် ဘယ်မိန်းမ မဆိုပေးလိုက်"

"ဟုတ်ကဲ့"

ဘဏ္ဍာစိုးသည် လင်ဝမ်းအား တစ်ချက်ခိုးကြည့်လိုက်၏။

"ဘယ်မိန်းမ မဆို ဟုတ်လား၊ ဂိုဏ်းချုပ်ကြီး"

စန္ဒကွမ်းကျင်းဟုန်သည်...အေးတိအေးစက်ဖြင့် အမိန့်ပေးလိုက်၏။

"ဟုတ်တယ်၊ မင်းမိန်းမကို လိုချင်တယ်ဆိုရင်လဲ ပေးလိုက်"



"ဟုတ်ကဲ့၊ ကျွန်တော်နားလည်ပါပြီဂိုဏ်းချုပ်ကြီး"

"နေစမ်းပါဦး... ကျွန်မ ရှင်းရှင်းမေးပါရစေ၊ သူက ကျွန်မကို ချင်တယ်ဆိုရင်ကော"

စန္ဒကွမ်းကျင်းဟုန်သည် အေးစက်စက်ပြောလိုက်သည်။

"ငါပြောပြီးပြီပဲ၊ ဘယ်မိန်းမ မဆို...းလိုက်လို့"

လင်ဝမ်းက ခေါင်းခါလိုက်သည်။

"ကျွန်မကတော့ ဘယ်ဖြစ်ပါ့မလဲ၊ ကျွန်မက ရှင့်အတွက်၊ ရှင့်လွဲလို့ ကျွန်မကို ဘယ်သူမှလက်ဖျားနဲ့မထိရဘူး"

စန္ဒကွမ်းကျင်းဟုန်သည် ရုတ်တရက် လင်ဝမ်း၏ပါးပြင်ပေါ်ရိုက်ချလိုက်၏။

"ဖြန်း..."

လင်ဝမ်း လဲကျသွား၏။

"မင်းက ဘယ်သူနဲ့မဆိုညအိပ်တဲ့မိန်းမပဲ၊ မင်းထက်စာရင် ငါအိမ်ထဲကကောင်မတွေကမှ မင်းထက်သာသေးတယ်၊ သူက မင်းကိုဘာဖြစ်လို့မထိရမှာလဲ၊ ကြီးကြီးကျယ်ကျယ်လုပ်မနေနဲ့"

လင်ဝမ်းသည် ကြမ်းပြင်ပေါ်နေ၍ စန္ဒကွမ်းကျင်းဟုန်ကိုမော့ကြည့်လိုက်သည်။ ခံပြင်းခြင်း၊ ရှက်ခြင်း၊ ဝမ်းနည်းခြင်းနှင့်အားငယ်ခြင်းများ ပေါင်းရုံးခံစားနေရသည်။

စန္ဒကွမ်းကျင်းဟုန်သည် ဘဏ္ဍာစိုးအား တစ်လုံးချင်းပြောလိုက်လေ၏။

"သူအလိုရှိတာ အားလုံးပေးလိုက်ပါ့ ဒါပေမယ့်... သူ့ကိုဘယ်မှမသွားစေနဲ့ သုံးလကြာသွားတဲ့အခါ ဘာဖြစ်လာမယ်ဆိုတာ ငါကြည့်ချင်တယ်"

ဘဏ္ဍာစိုး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့..."

စန္ဒကွမ်းကျင်းဟုန်သည် သားအလောင်းကိုပွေ့ယူကာ ထွက်သွားလေတော့သည်။

~❁~

## ပျောက်ဆုံးနေသူ

ည... ညဈေးတန်းတစ်ခုဖြစ်ပါသည်။

ညဈေးတန်းသည် အချိန်ရှိသရွေ့စည်ကားနေတတ်၏။

ညဈေးတန်းတွင် လူမျိုးပေါင်းစုံကိုတွေ့ဆုံရ၏။

လီရင်ဆိုင်သည် ထိုညဈေးတန်း၌ အိပ်မက်မက်နေသူပမာ လမ်းလျှောက်နေသည်။ သူသည် အဝိုးဘယ်ရောက်နေသည်ကို စုံစမ်း၍မရတော့ပေ။

သူချစ်သူနှင့်ဝေးကွာခဲ့သည်မှာ ကြာခဲ့ပြီ။

ချစ်သူ၏ခင်ပွန်း အဝေးသို့ထွက်သွားသောအခါ သူသည် ချစ်သူအား သူမသိအောင် နောက်ကွယ်မှစောင့်ရှောက်ပေးခဲ့သည်။

သူ ဤမျှအချစ်ကြီးခဲ့သည်။ တကယ်တော့...

သူသည် အချစ်၏အကျဉ်းသမားပင်မဟုတ်လား။

လုံရှောင်ရင်းတို့ သားအဖဖြစ်ပျက်ခဲ့သောသတင်းကိုမှ သူ

ကြားသိခဲ့၏။ သို့သော်... စီးယင်တစ်ယောက် မည်သို့ရှိမည်ကို သူမသိရပါပေ။ အဝေးမှလွင့်ပျံ့လာသော ဝံပုလွေအူသံများသည် တိတ်ဆိတ်သောညကိုထိုးဖောက်လျက် သူ့နားထဲသို့ဝင်လာ၏။

ဝံပုလွေအူသံများက သူ့အားအတိတ်ဆီသို့ခေါ် သွားလေ၏။

လီရင်ဆိုင်သည် ကြည်နူးလျက်ရှိနေ၏။ နှင်းပန်းများသည် ဖွေးဖွေးလှုပ်အောင် ပွင့်နေ၏။

ဥယျာဉ်တစ်ခုလုံးတွင် ရနံ့များသင်းပျံ့ကြိုင်လှိုင်နေသည်။

လမင်းထိန်ထိန်သာနေသောအချိန်မျိုးတွင် လီရင်ဆိုင်သည် စီးယင်နှင့်အတူ ဥယျာဉ်ထဲလှည့်ပတ်တတ်သည်။

ထိုပလွေသံသည် လီရင်ဆိုင်အား အမြဲပင်စိတ်ကြည်လင်စေခဲ့သည်။ သို့သော်... လီရင်ဆိုင်အဖို့ ယနေ့ညဥ့် မပျော်နိုင်ပါ။

သူ့ရင်ထဲ အမည်မဖော်ပြနိုင်သောမီးတစ်ခုက လောင်ကျွမ်းနေပါသည်။ သူ့ဘဝတွင် အမြတ်နိုးဆုံးဖြစ်သောစီးယင်ကို....

သူ့အသက်ကိုကယ်တင်ခဲ့သည့် လုံရှောင်ရင်းအား ပေးအပ်ရမည်ဖြစ်သောကြောင့်တည်း။

လွန်ခဲ့သောတစ်နှစ်ခန့်က... လီရင်ဆိုင်သည် ခရီးတစ်ခုထွက်ခဲ့ရသည်။ လမ်းခရီးတွင် ရန်သူများနှင့်ရင်ဆိုင်တိုက်ခိုက်ခဲ့ရ၏။

အများနှင့်တစ်ယောက်ဖြစ်၍ လီရင်ဆိုင်မှာကြီးစွာဒဏ်ရာရခဲ့၏။ သူသေမည့်ကဲ့သို့ဖြစ်နေစဉ် လုံရှောင်ရင်းရောက်လာပြီး... သူ့ကိုကယ်တင်ခဲ့၏။ လီရင်ဆိုင်အား အိမ်အရောက်ပို့ပေးခဲ့သည်။



လီရင်ဆိုင်ကလည်း အသက်သခင်ကျေးဇူးရှင်အား အိမ်ပေါ်ခေါ်ထားမိသည်။ သူတို့နှစ်ယောက်သည် အလွန်ခင်မင်ရင်းနှီးသော မိတ်ဆွေသူငယ်ချင်းများဖြစ်ကြသည်။

ဤသို့ဖြင့်ခြောက်လခန့် အတူနေမိကြသောအခါ လုံရှောင်ရင်းသည် စီးယင်အား တစ်ဖက်သတ်ချစ်မိလေတော့သည်။

သူသည် ဖျားနာခဲ့၏။ အဖျားကြီးဖျားနာနေစဉ် လုံရှောင်ရင်းသည် စီးယင်ကိုသာ တသသယောင်ယမ်းခဲ့သည်။

လီရင်ဆိုင်မှာ ရင်ကွဲရတော့သည်။

တစ်ဖက်က အသက်သခင်ကျေးဇူးရှင်၊ တစ်ဖက်ကချစ်သူ၊ သူသည် ဘာကိုဆုံးဖြတ်ရမှန်းမသိတော့ချေ။

နောက်ဆုံး လီရင်ဆိုင်သည် ကျေးဇူးတရားကိုထောက်ထား၍ စီးယင်အားနားချကာ လုံရှောင်ရင်းနှင့်လက်ဆက်ပေးခဲ့၏။

သူပိုင်... နှင်းဆီနက်ရဲတိုက်နှင့်ခြံဝင်း၊ အဆောက်အအုံများ၊ လယ်ယာမြေအားလုံးအား စီးယင်တို့အား ပေးကာ သိုင်းလောကအတွင်း တစ်ကိုယ်တော်လေလွင့်လေတော့၏။ ဆယ်နှစ်ကျော် ပြန်ရောက်လာသောအခါ သူသည် တစ်ကျော့ တစ်ခေါက်ပြန်ရောက်လာခဲ့၏။ ထိုအခါ... လုံရှောင်ရင်းသည် စီးယင်နှင့်လီရင်ဆိုင်တို့အပေါ် သံသယဝင်လာတော့သည်။ သံသယမီးက လွန်စွာကြောက်စရာကောင်းလှတော့၏။

ထိုစဉ် ပလွေသံများသည် ရပ်ဆိုင်းသွားပေ၏။

လီရင်ဆိုင်၏အတွေးများလည်း ရပ်ဆိုင်းသွား၏။

"အင်း... ဒါလိုအချစ်နှောင်ကြိုးတွေ ချည်နှောင်ခဲ့ရပြီး အချစ်လှောင်အိမ်ထဲမှာ အကျဉ်းကျနေတဲ့အကျဉ်းသားတွေ ဒီလောကကြီးထဲမှာ ဘယ်နှစ်ယောက်ရှိနေမလဲ မသိဘူး"

လီရင်ဆိုင်သည် ရေချွတ်ညည်းညူရင်း ညဈေးတန်းအဆုံးမှ လှုပ်ငင်းလှသောအရက်ဆိုင်ကလေးတစ်ဆိုင်၌ ဝင်ထိုင်လိုက်သည်။

သူသည် စားပွဲထိုးလာချပေးသောအရက်ကို တအားမော့ချလိုက်သည်။

"ခင်ဗျားတို့ဆိုင်မှာ တည်းခိုလို့ရမလား"

"ရပါတယ်ခင်ဗျာ၊ ကျွန်တော်တို့မှာ အိပ်ခန်းတွေလဲရှိပါတယ်၊ ဒါပေမယ့်... တကယ့်တည်းခိုခန်းကြီးတွေကိုတော့ မမီဘူးပေါ့ခင်ဗျာ"

"အင်း... ဘယ်လိုအိပ်ရ အိပ်ရ၊ ကျုပ်ကျောတစ်ခင်းစာ ရရင်ကျေနပ်ပါတယ်"

သူသည် ထိုဆိုင်၌ပင် အိပ်လိုက်တော့၏။ နောက်ရက်များ၌လည်း လီရင်ဆိုင်သည် အိုးအား တစ်နေကုန် တစ်နေခန်း လိုက်လံရှာဖွေတော့သည်။ အိုးသတင်းသည် စုပ်စမြုပ်စပျောက်ကွယ်နေ၏။

အိုးကား... လုံခြုံခိုင်ခံ့သော ရွှေကြေးပြားကိုဏ်း၌ာနချုပ်အတွင်း ရောက်ရှိနေပြီလား။ သူမည်သို့ထင်ပါမည်နည်း။

အိုးသည် စန့်ကွမ်းကျင်းဟုန်နှင့်ခိုက်ရန်ဖြစ်ပွားခြင်းမဟုတ်သော်လည်း တစ်ယောက်နှင့်တစ်ယောက် ရွှန်စွာမုန်းတီးသွားသည့်



အခြေအနေဖြစ်သည်။ ဤအခြေအနေ၌ အိုးသည် ရွှေကြေးပြားကိုဏ်း၌ာနချုပ်သို့ မည်သို့မျှမရောက်နိုင်ဟု လီရင်ဆိုင်တွက်သည်။

လီရင်ဆိုင်သည် အိုးအား လမ်းလွဲလိုက်၍ရှာဖွေနေသည်။

ထို့ကြောင့် လီရင်ဆိုင်သည် ဆိုင်တကာ့ဆိုင်လည်၍ အရက်သောက်နေ၏။ အိုး၏သတင်းရလိုရငြား စုံစမ်းနေခြင်းဖြစ်သည်။

လီရင်ဆိုင်သည် အရက်ဆိုင်ကလေးထဲသို့ လှမ်းဝင်လိုက်၏။ ဤမျှသေးသောအရက်ဆိုင်၌ စုတ်တိစုတ်ပြတ်လူများသာ လာရောက်သောက်စားကြပေမည်။

တော်ရုံတန်ရုံလူများကား ဤဆိုင်သို့လာကြမည်မဟုတ်ချေ။

အောက်တန်းစားများသာ ဤဆိုင်သို့လာရောက်စားသောက်ကြလေသည်။ ထိုလူများသည် လီရင်ဆိုင်အား မည်သို့သော ပုဂ္ဂိုလ်မျိုးဖြစ်မည်ကို မသိကြချေ။

သူသည် နားကင်းတပ်ထားသော သိကြားမင်းဖြစ်စေကာမူ ထိုသူများက သူ့အား ဂရုစိုက်ကြမည်မဟုတ်ပါချေ။

သူတို့နေရာတွင် ဂုဏ်ဟူ၍မရှိပေ။ သိက္ခာဟူ၍မရှိပေ။

သူတို့သည် ပင်ပန်းကြီးစွာရရှိသောငွေများကို လာရောက်အရည်ဖျော်ပစ်နေကြခြင်းဖြစ်သည်။

ထိုအရက်ဆိုင်ကလေးကလည်း...

မည်သည့်ဂုဏ်ကြီးသူ သိက္ခာကြီးသူကိုမျှမကြိုဆိုပါပေ။

အောက်တန်းစားများကိုသာ ကြိုဆိုလျက်ရှိနေပေသည်

လီရင်ဆိုင်သည် အဆိုပါဆိုင်ကလေးအား သဘောကျနှစ်ခြိုက်လျက်ရှိသည်။ ထိုဆိုင်ကလေးမှာ ဆင်းရဲနွမ်းပါးသောသူများသာ လာရောက်ကြသော်လည်း ဆူညံဆူညံနှင့် ရန်ဖြစ်ခြင်းမရှိကြချေ။

သူတို့သည် ဂုဏ်မရှိ သိက္ခာရှိသူများကဲ့သို့ ရန်ဖြစ်ခြင်း ဆူပူခြင်းမရှိချေ။ သူတို့သည် ဂုဏ်မရှိ သိက္ခာမရှိသူများဖြစ်ကြသော်လည်း ဂုဏ်ရှိသူများကဲ့သို့ ရန်ဖြစ်ခြင်း၊ ဆူပူခြင်းမရှိချေ။

ထို့ကြောင့်.... ချောင်ကျသောနေရာတွင်ဝင်ထိုင်ပြီး... တစ်ယောက်တည်း အေးဆေးစွာအရက်သောက်နေလေသည်။

ထိုအေးအေးချမ်းချမ်းရှိနေသော ပတ်ဝန်းကျင်တွင် လှုပ်လှုပ်ရွရွဆူဆူညံညံဖြစ်လာသည်။

"ဟေ့ကောင်၊ မင်းက ငါ့အရက်ကို ဘာဖြစ်လို့ ယူသောက်ရတာလဲ"

လီရင်ဆိုင် လှည့်ကြည့်လိုက်သည်။ လူတစ်ယောက်သည် ... ရိုက်ခံလိုက်ရပြီး မြေပေါ်သို့လဲကျသွားလေသည်။

သို့သော်... လဲကျသည့်လူကိုင် သူသည် အရက်အိုးကိုတင်းကျပ်စွာဆုပ်ကိုင်ထားလေသည်။

"ဟေ့လူ ပြန်ပေး... ကျုပ်အရက်ကို ပြန်ပေး ကျုပ်မှာ ဒီအရက်တစ်အိုးတည်းရှိတယ်၊ ခင်ဗျားလုသောက်တော့ ကျုပ်မှာဘာမှသောက်စရာမရှိတော့မလဲ။ မင်းပျူး တပ်အနိုင်ကျင့်ပြန်ပြီ ဟုတ်လား"

ထိုလူသည် သူ့အရက်အိုးကို ပြန်လုနေသည်။ မြေပေါ်လဲကျ...



နေသူကလည်း မပေးဘဲ အရက်အိုးကိုလုသည်။

လီရင်ဆိုင် မနေသာတော့ပေ။

သူတို့၏အေးချမ်းသောလောကလေးတွင် ဆူပူမှုကြောင့် မပျက်စီးစေလိုပေ။ သူသည် ဝင်ရောက်ဖျန်ဖြေရတော့၏။

"ကဲပါဗျာ... သူ့မှာလဲမရှိလို့ လုသောက်တာဖြစ်ပါလိမ့်မယ်၊ ခင်ဗျားရဲ့အရက်တစ်အိုးကိုကျုပ်ပေးပါ့မယ်၊ သူ့သောက်ပါစေတော့ဗျာ"

သူသည် လုယူနေသူပိုင်ရှင်အား ငွေတုံးလေးတစ်တုံး ထုတ်ပေးလိုက်သည်။ လုယူသူပိုင်ရှင်သည် ငွေတုံးကလေးအားကိုင်၍ အရက်တစ်အိုးသွားမှာသည်။

မြေကြီးပေါ်လဲကျနေသူသည် လီရင်ဆိုင်အား ကျေးဇူးတင်ရကောင်းမှန်းမသိဘဲ... အရက်အိုးကိုကောက်မော့နေတော့သည်။

လီရင်ဆိုင်သည် ထိုလူကိုကြည့်ပြီးသက်ပြင်းချလေသည်။

"ဒီလူမှာ စိတ်ထိခိုက်စရာ တစ်ခုခုရှိလိမ့်မယ်၊ နို့မို့ဆိုရင် သူလုသောက်မှာမဟုတ်ပါဘူး"

လီရင်ဆိုင်မှာ အများအမြင်တွင် လူများစွာကိုသတ်ခဲ့သောသိုင်းသမားဖြစ်သည်။ တကယ်တော့ သူ့စိတ်ရင်းမှာ သိုးကလေး တစ်ကောင်ကဲ့သို့ ဖြူစင်နူးညံ့လှသည်။ သူသည် မြေကြီးပေါ်ထိုင်ပြီး အရက်မော့နေသူ၏ပခုံးအားပုတ်လိုက်ပြီး...

"ကဲ... ဟေ့ လူ၊ တ... ကျုပ်ခုံကိုလာပါ၊ ကျုပ်ခင်ဗျားကို အရက်အဝတိုက်ပါ့မယ်"

"မင်းကဘာကောင်လဲ၊ ငါ့ကိုအရက်ဖိုးပေးလို့ မင်းကိုကျေးဇူးတင်မယ်ထင်သလား"

သူသည် အရက်အိုးကိုခွါလျက်လှမ်းပြောလိုက်သည်။

"ဟင်... လီရင်ဆိုင်"

"ခွမ်း"

သူသည် အရက်အိုးကို မြေပေါ်သို့ပေါက်ခွဲချပြီး လှည့်ထွက်ပြေးတော့သည်။

" လူဟုန်ရှမ်း.."

လီရင်ဆိုင်၏ပါးစပ်မှ ယောင်ယမ်းခေါ်မိသည်။

ဤကဲ့သို့သောနေရာမျိုးတွင် မမျှော်လင့်သောလူကို တွေ့လိုက်ရသဖြင့် လီရင်ဆိုင်အလွန်အံ့ဩသွားခြင်းဖြစ်သည်။ လီရင်ဆိုင်သည် လူဟုန်ရှမ်းမှန်းသိသောအခါ အကွတ်မပေးတော့ချေ။

တစ်ယောက်ကရှေ့မှပြေးပြီး တစ်ယောက်ကနောက်မှလိုက်သည်။ လီရင်ဆိုင်လိုက်ခြင်းမှာ အကြောင်းရှိသည်။

အကျိုးအကြောင်းကို သိချင်သဖြင့်လိုက်ခြင်းဖြစ်သည်။

မကြာမီ... ရှေ့ကပြေးသူရော နောက်ကလိုက်သူပါ ပျောက်ကွယ်သွားကြလေတော့၏။

*စာစဉ်(၃)ပြီး၏။*

*စာစဉ်(၄)ခေတ်သိမ်း ဆက်လက်ဖတ်ရှုပါရန်။*